စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# အနော်ရထာ

## နှင့်

# တို့ဘိုးဘွားများ

**မင်းယုဝေ**



ဒုတိယအကြိမ်ဖြည့်စွက်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

အနော်ရထာ အစရှိ ယခု စာအုပ်တွင်
ပါဝင်သော လူပုဂ္ဂိုလ် သူရဲကောင်းတို့သည်
မြန်မာ့သမိုင်းတွင် ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်
ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသော မြန်မာတိုင်းရင်းသား
ဘိုးဘွားများဖြစ်ကြသည်။
သူတို့၏ လက်ရုံးရည်၊ နှလုံးရည်၊ စိတ်ဓာတ်၊ အားမာန်နှင့်
စေတနာတို့ကို ရေးခြယ်ထားသော
ဘဝထုပ္ပတ် ဆောင်းပါး စာစုများ ဖြစ်ပါသည်။



MYW0009
4,500.00 KS

mgyoe.com

mgyoe.com

အနော်ရထာနှင့်တို့ဘိုးဘွားများ။ မင်းယုဝေ
စာမျက်နှာ ၃၇၇+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ဒုတိယအကြိမ်ပြည့်စွက်ရိုက်နှိပ်ခြင်း၊ ပထမအကြိမ်-၂၀၁၂ မြဝတီစာစဉ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# အနော်ရထာနှင့်
# တို့ဘိုးဘွားများ

မင်းယုဝေ

ဒုတိယအကြိမ်ဖြည့်စွက်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com
(ပထမအကြိမ် - ပုဂံခေတ်မှ တောင်ငူခေတ်အထိ၊
ဒုတိယအကြိမ် - ကုန်းဘောင်ခေတ်ထိ ထပ်မံဖြည့်စွက်ပုံနှိပ်ခြင်း)

mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူ၏ အမှာစာ (က)

– စာရေးသူ၏ အမှာစာ (ပထမအကြိမ်) (ဂ)

၁။ အနော်ရထာ ၁

၂။ ကျန်စစ်သား ၁၁

၃။ အလောင်းစည်သူ ၂၃

၄။ ပုံသကူမထေရ် ၃၁

၅။ ရာဇသင်္ကြံ သားအဖ ၃၇

၆။ ရှင်ဒိသာပါမောက္ခ ၄၇

၇။ မိဖုရားဖွားစော ၅၇

၈။ မင်းထီး ၆၇

၉။ မဟာပညာကျော် ၇၅

၁၀။ မဂဒူး ၈၅

၁၁။ ရာဇဓိရာဇ် ၉၅

၁၂။ ရှင်ဘို့မယ် ၁၀၃

၁၃။ ရှင်သီဒ္ဓတ် ၁၀၉

၁၄။ ဥပါကောင်း ၁၁၇

၁၅။ လဝ္ဂန်းအိမ် ၁၂၇

၁၆။ သမိန်ဗရမ်း ၁၃၉


mgyoe.com

mgyoe.com


၁၇။ အမတ်ဒိန် ၁၄၉

၁၈။ ဘုရင်မကြီး ရှင်စောပု ၁၆၁

၁၉။ ဓမ္မစေတီ ၁၇၁

၂၀။ မင်းကြီးရန်နောင် ၁၈၁

၂၁။ သီလဝ ၁၉၁

၂၂။ ဘယကာမဏိ ၁၉၉

၂၃။ နန္ဒယော်ဓာ ၂၀၅

၂၄။ ပေါလသိုင်းစား ၂၁၃

၂၅။ ဗညားကျန်းတော ၂၂၁

၂၆။ ဘုရင့်နောင် ၂၃၁

၂၇။ စစ်ကိုင်းစည်သူကျော်ထင် ၂၄၉

၂၈။ သတိုးမင်းစော ၂၅၉

၂၉။ ဆူးတွင်းပစ်ဆရာတော် ၂၆၈

၃၀။ အလောင်းဘုရား ၂၇၅

၃၁။ နောင်တော်ကြီး ၂၈၅

၃၂။ လှိုင်ထိပ်ခေါင်တင် ၂၉၇

၃၃။ မဟာဗန္ဓုလ ၃၀၇

၃၄။ မြိတ်မြို့ဝန် ဦးမြတ်လေး ၃၁၅

၃၅။ ပခန်းမင်းကြီး ဦးရန်ဝေး ၃၂၃

၃၆။ မက္ခရာမင်းသားကြီး ၃၃၅

၃၇။ ယောမင်းကြီး ဦးဘိုးလှိုင် ၃၄၁

၃၈။ ဖန်ချက်ဝန်ထောက်ဦးရွှေအိုး ၃၄၉

၃၉။ ဘိုးဝဇိရ ၃၅၉

၄၀။ သံချက်ဝန် ဦးမြူ ၃၆၇


■

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာစာ

ကျွန်တော်သည် အတ္ထုပ္ပတ္တိစာပေ ရေးသားခြင်းကို အထူးစိတ်ဝင်စားသူ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပ ရှိ ကျွန်တော် လေးစားမြတ်နိုးသော ပုဂ္ဂိုလ်ကျော်များသာမက အညတရပုဂ္ဂိုလ်များအကြောင်းကို ဆောင်းပါးအဖြစ်လည်း ရေးသားခဲ့ပါသည်။ လုံးချင်းစာအုပ်များအဖြစ်လည်း ရေးခဲ့ပါသည်။

ယခုစာအုပ်ဖြစ်သော "အနော်ရထာနှင့် တို့ဘိုးဘွားများ" စာအုပ်သည် ကျွန်တော် ကြည်ညိုလေးစားသော သမိုင်းဝင် မြန်မာတိုင်းရင်းသား ဘိုးဘွားများအကြောင်းကို ရေးသားတင်ပြထားသော စာအုပ်ဖြစ်ပါသည်။ ယင်းတို့ကို ကျွန်တော်သည် အတ္ထုပ္ပတ္တိ ဆောင်းပါးများအဖြစ်ရေး၍ စာနယ်ဇင်းအမျိုးမျိုးတွင် အခါအားလျော်စွာ ဖော်ပြခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် ယင်းတို့ကို စုစည်း၍ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခြင်းပြုပါသည်။ ထိုသို့ထုတ်ဝေနိုင်ရန်လည်း မြဝတီစာပေတိုက်က ထုတ်ဝေပေးပါသည်။ အထူးကျေးဇူးတင်မိပါသည်။

ထိုစာအုပ်ကို ပထမအကြိမ်ထုတ်ဝေရာ၌ ပါဝင်သော ဘိုးဘွားများသည် ပုဂံခေတ်၊ တောင်ငူခေတ်၌ ပေါ်ထွန်းသော ဘိုးဘွားများဖြစ်ပါသည်။ ယခု ဒုတိယအကြိမ်ထုတ်ဝေရာ၌ ကုန်းဘောင်ခေတ်၌ ပေါ်ထွန်းခဲ့သော ဘိုးဘွား

mgyoe.com

mgyoe.com

များအကြောင်း ကျွန်တော်ရေးခဲ့သည့် ဆောင်းပါး ၁၂ ပုဒ်ကို ရှာဖွေတွေ့ရှိသဖြင့် ယင်းတို့ကို ယခုစာအုပ်တွင် ဖြည့်စွက် ဖော်ပြလိုက်ပါသည်။ သူတို့၏ လက်ရုံးရည်၊ သူတို့၏ နှလုံးရည်၊ သူတို့၏ စိတ်ဓာတ်၊ သူတို့၏ အားမာန်၊ သူတို့၏ စေတနာတို့ကို တတ်စွမ်းသမျှ ကျွန်တော် ရှာဖွေတင်ပြရေးသားခြင်းဖြစ်ပါသည်။

ယခုစာအုပ် ပေါ်ထွက်လာရန် အားပေးကူညီသော ဦးစန်းဦး (စိတ်ကူးချိုချိုစာအုပ်တိုက်)၊ ကျွန်တော်၏ မြေးဖြစ်သူ ကိုအောင်ထက် (အောင်ဟိန်းထက်) (အယ်ဒီတာ၊ မြတ်မင်္ဂလာ+ မင်္ဂလာမောင်မယ်စာစောင်)နှင့်တကွ ကျေးဇူးတင်ထိုက်သူ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

မင်းယုဝေ

(အမျိုးသားစာပေတစ်သက်တာဆုရ)

၁၅–၆–၂၀၁၆

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာစာ (ပထမအကြိမ်)

ကျွန်တော်သည် အတ္ထုပ္ပတ္တိစာပေ ရေးသားခြင်းကို အထူးစိတ်ဝင်စားသူ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပရှိ ကျွန်တော် လေးစားမြတ်နိုးသော ပုဂ္ဂိုလ်ကျော်များသာမက အညတရပုဂ္ဂိုလ်များအကြောင်းကိုပါ ဆောင်းပါးများအဖြစ်လည်း ရေးသားခဲ့ပါသည်။ လုံးချင်းစာအုပ်များအဖြစ်လည်း ရေးခဲ့ပါသည်။

ယခုစာအုပ်ဖြစ်သော "အနော်ရထာနှင့် တို့ဘိုးဘွားများ" စာအုပ်သည် ကျွန်တော် ကြည်ညိုလေးစားသော သမိုင်းဝင် မြန်မာတိုင်းရင်းသား ဘိုးဘွားများအကြောင်းကို ရေးသားတင်ပြထားသော စာအုပ်ဖြစ်ပါသည်။ ယင်းတို့ကို ကျွန်တော်သည် အတ္ထုပ္ပတ္တိဆောင်းပါးများအဖြစ်ရေး၍ စာနယ်ဇင်းအမျိုးမျိုးတွင် အခါအားလျော်စွာ ဖော်ပြခဲ့ပါသည်။ ယခု ယင်းတို့ကိုစုစည်း၍ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခြင်းပြုပါသည်။ ထိုသို့ ထုတ်ဝေနိုင်ရန်လည်း မြဝတီစာပေတိုက်က အားပေးကူညီသဖြင့် အထူးအားတက်မိပါသည်။ အထူးဝမ်းသာမိပါသည်။ အထူးကျေးဇူးတင်မိပါသည်။

ယခုစာအုပ်တွင်ပါဝင်သော ဘိုးဘွားများသည် ပုဂံခေတ်မှ တောင်ငူခေတ်အထိ ပေါ်ထွန်းခဲ့သော ဘိုးဘွားများဖြစ်ပါသည်။ သူတို့၏လက်ရုံးရည်၊ သူတို့၏ နှလုံးရည်၊

mgyoe.com

mgyoe.com

သူတို့၏စိတ်ဓာတ်၊ သူတို့၏အားမာန်၊ သူတို့၏စေတနာတို့ကို တတ်စွမ်းသမျှ ကျွန်တော် ရှာဖွေတင်ပြခြင်း ဖြစ်ပါသည်။ နောက်ထပ်၍ ကုန်းဘောင်ခေတ်၌ ပေါ်ထွန်းသော "အလောင်းဘုရားနှင့် တို့ဘိုးဘွားများ" အမည်ရှိ စာအုပ်ကို ဆက်လက်ထုတ်ဝေနိုင်ရန်လည်း စိစဉ်ကြိုးပမ်းလျက်ရှိပါသည်။

ယခု စာအုပ်ပေါ်ထွက်လာရန် အားပေးကူညီခဲ့ကြသော မြဝတီစာပေတိုက်၊ စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ ငွေတာရီမဂ္ဂဇင်း တာဝန်ခံစာတည်း ဗိုလ်ကြီး အောင်မိုးမြင့်၊ ခရီးသွားဂျာနယ်အယ်ဒီတာချုပ် အမျိုးသားစာပေဆုရ စာရေးဆရာ ရေနံ့မြေမောင်မောင်ကြည်၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဒေါ်ခင်နှင်းဦး၊ ပါမောက္ခ ဦးသန်းထွတ် (ငြိမ်း၊ ပညာရေးတက္ကသိုလ်)၊ ဒေါ်သင်းသင်းထွတ် (ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်)၊ ကျွန်တော်၏ မြေးဖြစ်သူ ကိုအောင်ထက် (အယ်ဒီတာ) (မြတ်မင်္ဂလာ+မင်္ဂလာမောင်မယ် စာစောင်)၊ ဦးအောင်ဝင်း (မောင်အောင်ဝင်း-ထူးကြီး) (တာဝန်ခံအယ်ဒီတာ၊ မင်္ဂလာမောင်မယ်စာစောင်)၊ ကိုစောမောင်မောင်လွင် (မင်းမောင်လွင်) (အမှုဆောင်အယ်ဒီတာ၊ မြတ်မင်္ဂလာစာစောင်)နှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မင်းယုဝေ

အယ်ဒီတာချုပ်

မြတ်မင်္ဂလာ+မင်္ဂလာမောင်မယ်စာစောင်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အနော်ရထာ

ချိန်းဆိုသောနေ့သို့ရောက်လျှင် စုက္ကတေးနှင့် အနော်ရထာတို့သည် သမထီးချောင်းဘေးတွင် တွေ့ဆုံကြသည်။

စုက္ကတေးက ပုဂံဘုရင်။ အနော်ရထာ၏ ဝမ်းကွဲနောင်တော်။ အနော်ရထာက ဥက္ကံနန်းကျဘုရင် ကွမ်းဆော်၏ သားတော်။ စုက္ကတေး၏ ဝမ်းကွဲညီတော်။ သူတို့နှစ်ဦးသည် မြင်းစီးချင်း တိုက်ကြပေတော့မည်။ သည်ပွဲကား သာမန်တိုက်ပွဲမဟုတ်။ သူသေကိုယ်သေ အနိုင်တိုက်ရမည့် တိုက်ပွဲဖြစ်သည်။ ထို့ပြင် အနိုင်ရသူသည် ပုဂံထီးနန်းကိုလည်း စိုးစံရမည် ဖြစ်သည်။

ထို့ကြောင့် ထိုတိုက်ပွဲကို ပုဂံပြည်သူအားလုံး စိတ်ဝင်စားနေကြသည်။ ရင်တမမရှိနေကြသည်။

မကြာမီ သူတို့ညီနောင် ယှဉ်မိကြသည်။ အနော်ရထာက စုက္ကတေးကို ဦးစားပေးသည်။

"နောင်တော် ငါ့ထက်ကြီးသူ ဖြစ်သည်။ အရင်ထိုးလော့"

စုက္ကတေးသည် အနော်ရထာကို လှံဖြင့် သေချာစွာ ချိန်ရွယ်သည်။ ထို့နောက်မြင်းကို ဒုန်းစိုင်းစီးကာ ချဉ်းကပ်သွားသည်။ အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် အားကုန်ထိုးလိုက်သည်။

အနော်ရထာက ခမည်းတော်ပေးလိုက်သော အရိန္ဒမာလှံဖြင့် လျင်မြန်စွာ ကာလိုက်သည်။ ကိုယ်ကို မထိုးမိ။ မြင်းကဦးကိုသာ ထိုးမိသည်။

စုက္ကတေးသည် မိမိလှံချက် လွဲချော်သည်ကို မြင်တွေ့သောအခါ အလွန်ကြောက်ရွံ့သွားသည်။ တုန်တုန်ခိုက်ခိုက် ရှိနေသည်။

mgyoe.com

mgyoe.com

ထိုစဉ် အနော်ရထာက မဆုတ်မဆိုင်း။ စုက္ကတေးထံပါးသို့ မြင်းကို ဒုန်းစိုင်းစီးသွားသည်။ အနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက် အရှိန္ဒမာလှံဖြင့် ကျွမ်းကျင်စွာ ပစ်ထိုးလိုက်သည်။ စုက္ကတေး မကာကွယ်နိုင်။ မတိမ်းမရှောင်နိုင်။ ချက်ကောင်းကို ထိုးမိသည်။ လှံသည် စုက္ကတေး၏ကိုယ်ရှေ့မှ နောက်သို့ပေါက်ထွက်သည်။ စုက္ကတေးသည် ချက်ချင်းမြေပေါ်သို့ကျမသွား။ ချောင်းနားတိုင်အောင် မြင်းကုန်းပေါ်တွင် ပါသွား၍ အနီစွရောက်လေသည်။

သည်တိုက်ပွဲသည် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဖြစ်သည်နှင့်အမျှ သမိုင်းတွင်ရစ်သော တိုက်ပွဲလည်းဖြစ်သည်။ သည်တိုက်ပွဲသည် မည်သို့သောအကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း။

ပုဂံမင်း ၃၉ ဆက်မြောက်ဖြစ်သော ကွမ်းဆော်(ကြောင်ဖြူမင်း)သည် ခရစ်နှစ် ၉၆၄ ခုနှစ်တွင် ပုဂံထီးနန်းကို စိုးစံသည်။ ထိုအခါ သူသည် တောင်ပြင်သည်၊ အလယ်ပြင်သည်၊ မြောက်ပြင်သည် အမည်ရှိ ညီအစ်မသုံးပါးကို မိဖုရားမြှောက်သည်။ ထိုညီအစ်မ မိဖုရားသုံးပါးမှာ နတ်ရှာစံဘုရင် တောင်သူကြီးမင်း(ညောင်ဦးစောရဟန်း) ၏ မိဖုရားများဖြစ်သည်။ ကွမ်းဆော်သည် နန်းတက်သောအခါ ထိုမိဖုရားများကိုပင် ဆက်လက်မိဖုရားမြှောက်သည်။ ထိုအချိန်၌ အစ်မတော် တောင်ပြင်သည်တွင် တောင်သူကြီးမင်းနှင့်ရသော ကျည်စိုး ပဋိသန္ဓေ ကိုးလပါလာသည်။ အစ်မတော်လတ် အလယ်ပြင်သည်တွင် စုက္ကတေး ပဋိသန္ဓေ ခြောက်လပါလာသည်။ ညီမငယ် မြောက်ပြင်သည်တွင်သာ ပဋိသန္ဓေ ပါမလာခဲ့။ ကွမ်းဆော်နှင့် သင့်မြတ်သောအခါတွင်မှ မြောက်ပြင်သည်သည် အနော်ရထာကို ဖွားမြင်လေသည်။

ကျည်စိုးနှင့် စုက္ကတေးတို့သည် တောင်သူကြီးမင်း၏ သားများဖြစ်သော်လည်း ကွမ်းဆော်သည် ရန်မပြု။ မရှုတ်မချ။ မိမိ၏သားတော်ရင်း အနော်ရထာနည်းတူပင် ကောင်းစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

သို့ရာတွင် ကျည်စိုးနှင့် စုက္ကတေးတို့ကား ကွမ်းဆော်၏ကျေးဇူးကို မထောက်ထားကြ။ ပုဂံထီးနန်းကို ရယူရန် ကြံစည်ကြသည်။

ကွမ်းဆော် မင်းဖြစ်၍ ၂၂ နှစ်အကြာတွင် ကျည်စိုးနှင့် စုက္ကတေးတို့ညီနောင်သည် သူတို့၏အကြံအစည်ကို အကောင်အထည်ဖော်ကြသည်။ ပုဂံမြို့ပြင်တစ်နေရာတွင် ကျောင်းတစ်ဆောင် ကောင်းမွန်စွာဆောက်လုပ်သည်။ ပြီးသော် ကွမ်းဆော်မင်းအား "ခမည်းတော်၊ သားတော်တို့ ကျောင်းအလှူအတွက် သာစုခေါ်ကြွပါ"ဟု လှည့်ဖြားလျှောက်ထားသည်။

mgyoe.com

mgyoe.com
ကွမ်းဆော်မင်းသည် မစူးစမ်း၊ မဆင်ခြင်၊ ယုံကြည်စွာဖြင့် လိုက်သွားသည်။ သည်တွင် အကြံသမားညီနောင်က ကွမ်းဆော်ကိုဖမ်း၍ ခြိမ်းခြောက်ကာ အတင်းအကျပ် ရဟန်းပြုစေသည်။ ပုဂံပြည်သူတို့ကိုမူ "ခမည်းတော် ကွမ်းဆော်မင်းသည် တရားသံဝေဂ ရသဖြင့် ရဟန်းပြုသွားပြီ"ဟု လိမ်ညာသတင်းဖြန့်သည်။

ထို့နောက် ကျည်စိုးက ပုဂံထီးနန်းကို တက်ရောက်သိမ်းပိုက်သည်။ ထိုအခါ အနော်ရထာနှင့် မယ်တော်မြောက်ပြင်သည်တို့သည် ကွမ်းဆော်ရဟန်းပြုရာကျောင်းသို့ ပြောင်းရွှေ့နေထိုင်ရလေ၏။ အနော်ရထာသည် ဘုရင့်သားတော်ဘဝမှ နန်းကျဘုရင် သားတော်ဘဝသို့ရောက်ကာ ညှိုးငယ်စွာ နေထိုင်ရလေသည်။

ကျည်စိုးသည် ခြောက်နှစ်မင်းပြုပြီး အနိစ္စရောက်သွားသည်။ စုက္ကတေး မင်းဖြစ်လာသည်။ အနော်ရထာလည်း စုက္ကတေးမင်းထံ အမှုထမ်း၍ ခစားရသည်။ တစ်နေ့သ၌ ခစားဝင်စဉ် စုက္ကတေးက အနော်ရထာအား "ညီသားနောင်မယ်"ဟု ခေါ်လိုက်သည်။ ယခု ဝမ်းကွဲညီနောင် တော်စပ်နေသည်။ အနော်ရထာ၏မယ်တော်ကို သိမ်းပိုက်လျှင် သားတော်စပ်မည်။ ထို့အတွက် "ညီသားနောင်မယ်"ဟု စကားရိပ်ဆိုခြင်း ဖြစ်သည်။

ထိုစကားကို အနော်ရထာက မရိပ်မိ။ ရဟန်းပြုနေသော ခမည်းတော်အား လျှောက်ထားသည်။ ထိုအခါ ခမည်းတော်က "အမောင့်အမိကို ယူလို၍ "ညီသားနောင်မယ်" ခေါ်ပေသည်"ဟု ရှင်းလင်းမိန့်ဆိုသည်။

သည်တွင် အနော်ရထာ အမျက်ပြင်းစွာ ထွက်လေတော့သည်။ စုက္ကတေးသည် အဖကိုလည်း နန်းချခဲ့သည်။ ယခု အမိကိုလည်း သိမ်းပိုက်ဦးမည်။ စင်စစ် သူ၏မယ်တော် မှာ စုက္ကတေး၏ မိထွေးတော်ဖြစ်သည်။ စုက္ကတေး ဆိုးသွမ်းလှသည်။ မိမိ သည်းမခံနိုင်ပြီ ဆိုကာ စုက္ကတေးကို တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ ခမည်းတော်ထံ လက်စွဲတော် အရိန္ဒမာလှံ၊ ဓား စသည်တို့ကို တောင်းသည်။ ခမည်းတော်က လက်နက်များကို ပေးအပ် လိုက်သည်။ "အမောင် ပုပ္ပားအရပ်သို့သွား၍ ဦးစွာ လူသူအင်အား စုရုံးပါ။ ပြည့်စုံမှ တိုက်ခိုက်လေ"ဟူ၍ မှာကြားသည်။

အနော်ရထာလည်း ခမည်းတော်မှာကြားသည့်အတိုင်းပင် ပုပ္ပားအရပ်သို့ သွားသည်။ အင်အားစုသည်။ ထိုအတွင်း စုက္ကတေးက အနော်ရထာ၏မယ်တော် မြောက်ပြင် သည်ကို သိမ်းပိုက်လိုက်လေသည်။

အနော်ရထာသည် အင်အားပြည့်စုံလာသည်နှင့်တစ်ပြိုင်နက် ပုဂံသို့ ချီလာသည်။ "နန်းကိုတည်းပေးမည်လော၊ စစ်ကိုတည်းပြုမည်လော"ဟူ၍ စုက္ကတေးမင်းထံ စေလိုက် သည်။
mgyoe.com

mgyoe.com
စုက္ကတေးလည်း အမျက်ပြင်းစွာ ထွက်သည်။ "သင်သည် ခံတွင်းတွင် နို့ဖတ်မျှ မစင်သေး၊ ငါ့ကို အန်တုရ၍ တိုက်မည်ဆိုသည်။ ငါ့ကို နိုင်မည်လော။ ဗိုလ်ပါဆင်မြင်း အားဖြင့် နိုင်သည်ကို ငါ အလိုမရှိ။ မှူးမတ်ဗိုလ်ပါတို့ ကြည့်၍သာ နေကြပါစေ၊ သင်နှင့် ငါ နှစ်ပါးချင်း မြင်းစီးချင်းတိုက်မည်"ဟု ချိန်းဆိုလိုက်သည်။

သို့ဖြင့် အနော်ရထာသည် စုက္ကတေးနှင့် မြင်းစီးချင်းတိုက်ခဲ့သည်။ အနိုင်ရလိုက် သည်။

အနော်ရထာသည် စုက္ကတေး ကျဆုံးသောအခါ မှူးမတ်ဗိုလ်ပါအပေါင်းခြံရံလျက် ခမည်းတော်ထံ သွားသည်။ "ခမည်းတော် မင်းပြုတော်မူပါ"ဟု တောင်းပန် လျှောက်ထား သည်။

ခမည်းတော်က လက်မခံ။

"ငါ အသက်အရွယ်ကြီးပြီ၊ မောင်သာ တရားနှင့်ညီစွာ မင်းပြုပါလေ"ဟူ၍ မိန့် တော်မူသည်။

သည်တွင်မှ အနော်ရထာသည် ပုဂံပြည်ကို မင်းပြုလေသည်။ ခမည်းတော်ကို လည်း ရဟန်းပြုစေသည်။ အနော်ရထာသည် "မဟာရာဇသီရိ အနိရုဒ္ဓါဒေဝ"ဘွဲ့ အမည် ခံယူသည်။ အချို့က "အနိရုဒ္ဓါ"ဟူ၍လည်း ခေါ်ကြသည်။ အနော်ရထာသည် ၄၂ ဆက် မြောက်ပုဂံမင်းဆက် ဖြစ်သည်။ ခရစ်နှစ် ၁၀၄၄ ခုမှ ၁၀၇၇ ခုနှစ်အထိ သုံးဆယ့်သုံးနှစ်တိုင် နိုင်ငံကိုအုပ်ချုပ်သည်။ ထိုသုံးဆယ့်သုံးနှစ်အတွင်း နိုင်ငံကို တိုးတက်အောင်၊ ကျယ်ပြန့် အောင်၊ စည်းရုံးအောင်၊ သာယာအောင်၊ ဝပြောအောင် ဆောင်ရွက်ခဲ့သည်။ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားအောင်၊ ယဉ်ကျေးမှုတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတွင် စီးပွားရေး၏ အဓိကသော့ချက်မှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုး ရေးလုပ်ငန်း အောင်မြင်ရန်မှာလည်း ရေသည် အဓိကဖြစ်သည်။ ထို့ကြောင့် အနော်ရထာ မင်းသည် မိတ္ထိလာကန်ကို ပြုပြင်ခဲ့သည်။ မိုးနည်းသောဒေသများတွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ ဖောက်လုပ်ခဲ့သည်။

သူသည် နိုင်ငံအနှံ့ လှည့်လည်ကြည့်ရှုရာမှ ကျောက်ဆည်နယ်သို့ ရောက်သော အခါ သာလျောင်းတောင်ပေါ်သို့ တက်ကြည့်သည်။ ထိုအခါ ကယွတ်တောင်ထက်က ကျသော ရေကိုမြင်သည်။

"သည်ရေကို အတန့်တန့်ဆည်၍ လယ်လုပ်ရသော် သာသနာငါးထောင် ပတ်လုံး ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားများလတ္တံ့"ဟု ဆင်ခြင်မိသည်။ သို့ဖြင့် ပန်းလောင်မြစ်မှာ ကင်းတားဆည်၊ ငနိုင်းသင်ဆည်၊ ပြောင်းပြာဆည်၊ ကူးမည်းဆည်တို့ကို
mgyoe.com

mgyoe.com

ဆည်ဖို့သည်။ ဇော်ဂျီ(မကွေးရာ)မြစ်မှာ နားတက်ဆည်၊ ကွမ်းဆေးဆည်၊ ကူတော်ဆည် တို့ကို ဆည်ဖို့သည်။ ထို့ပြင် လယ်တွင်း ၁၁ ရွာကိုလည်း ပြုစုတော်မူသည်။

လယ်တွင်း ၁၁ ရွာကား ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ယမုံး(ရင်ုန်)၊ ဖန်(ပနန်)၊ မကွေးရာ၊ တပြက်သာ၊ သင်တောင်၊ တမုတ်ဆိုး၊ ခံလူး(ခံမှု)တို့ ဖြစ်သည်။ ယင်းတို့ကို မြစ်သား ၁၁ ရွာဟုလည်း ခေါ်သည်။ မြစ်သား ၁၁ ခရိုင်ဟုလည်း ခေါ်သည်။

အနော်ရထာမင်းစောသည် ဆည်များ အကြာအရှည်ခံအောင် ထိန်းသိမ်းရေး အတွက် ဆည်ကြပ်၊ ဆည်ကဲများကိုလည်း ခန့်ထားသည်။ ဆည်ကြပ်၊ ဆည်ကဲများ လက် အောက်တွင် ပင်သားဟုခေါ်သော ဆည်လုပ်သားများကိုလည်း ခန့်ထားသည်။ ထိုသူတို့ သည် ဆည်မပျက်စီးရအောင် စောင့်ရှောက်ပြုပြင်နေကြရသည်။ ဆည်မြောင်း ရေသုံးစွဲ သောလယ်ကို ဆည်ရေသောက်လယ်ဟု ခေါ်သည်။ ဆည်ရေသောက်လယ်ရှင်များသည် ဆည်ထိန်းသိမ်းရေးအတွက် အခွန်ပေးဆောင်ကြရသည်။ တစ်ခါတစ်ရံ ဆည်ပြုပြင်ရန် အရေးပေါ်လိုအပ်လာပါက ထိုလယ်ရှင်များသည် ဆည်ကြပ်၊ ဆည်ကဲနှင့် ပင်သားတို့ကို ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြရသည်။

ဤသို့ဖြင့် ပုဂံပြည်သားတို့သည် လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ်တို့ လုပ်ကြသည်။ စပါးစသော သီးနှံမျိုးစုံ အမြောက်အမြားထွက်အောင် ရာသီအလိုက် စိုက်ကြသည်။ အောင်မြင်သဖြင့် စားစရာ၊ သောက်စရာ၊ ချိုချဉ်ရသာမျိုးစုံ ဖောဖောသီသီ ရကြလေသည်။ စီးပွားရေး အထူးကောင်းမွန်လေသည်။

အနော်ရထာမင်းစောသည် ဉာဏ်ပညာနှင့် ပြည့်စုံသည်သာမက စွမ်းရည်သတ္တိနှင့် လည်း ပြည့်စုံသည်။ မိမိနည်းတူ စွမ်းရည်သတ္တိနှင့် ပြည့်စုံသော သူရဲကောင်းများကို ချစ်မြတ်နိုးသည်။ ချီးမြှင့်မြှောက်စားသည်။ ထိုသူတို့အထဲတွင် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စသူတို့သည် အထင်ရှားဆုံးဖြစ်သည်။ ကျန်စစ်သားက လက်ရုံးသာမက နှလုံးရည်ပါ အထူးပြည့်စုံသူ ဖြစ်သည်။

အနော်ရထာသည် ထိုသူတို့ကို အကြီးအကဲအမတ်၊ စစ်သူကြီးများခန့်အပ်ကာ အင်အားခိုင်မာ တောင့်တင်းသော၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော ပုဂံတပ်မတော် ကို ဖွဲ့စည်းသည်။ ဖွဲ့စည်းရာ၌ လက်အောက်ခံ ရွာ၊ မြို့၊ ခရိုင်တို့၏ အင်အားကိုလိုက်၍ စစ်သည်အင်အား အချိုးကျပါဝင်စေသည်။ အရေးကြုံသောအခါ ခေါ်ယူသည်။ ထို အင်အားဖြင့် တကွဲတပြားစီဖြစ်နေသော နယ်ပယ်များကို သိမ်းသွင်းသည်။

အနော်ရထာနန်းတက်စက ပုဂံပြည်၏အကျယ်အဝန်းသည် မြန်မာနိုင်ငံ အလယ် ပိုင်းဒေသတစ်ဝိုက်လောက်သာ ဖြစ်သည်။ အနော်ရထာ၏ ကြိုးပမ်းမှုကြောင့် မကြာမီပင်

mgyoe.com

mgyoe.com
နယ်ပယ်ပေါင်းများစွာကို စုစည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်းကိုသာမက သထုံ၊ တနင်္သာရီ၊ ရခိုင်၊ ဗန်းမော်၊ မြစ်ကြီးနား ဒေသတစ်ဝိုက်အထိ သိမ်းသွင်းနိုင်ခဲ့သည်။ ဥဿာပဲခူးကို လာရောက်တိုက်ခိုက်သည့် ဂျွမ်းစစ်သည်တို့ကိုလည်း ကျန်စစ်သား ဦးဆောင်သော အနော်ရထာ၏စစ်သည်တို့က အောင်မြင်စွာ တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်။ (ဂျွမ်းစစ်သည်ဆိုသည်မှာ ယခု ကမ်ပူးချားနိုင်ငံဖြစ်သောနိုင်ငံမှ သိဝဟိန္ဒူဝါဒကို သက်ဝင်ယုံကြည်သူ ရှေးခမာများဖြစ်သည်။)

အနော်ရထာသည် မြောက်ဘက်ရှိ သက်ကဒူး(ကန်ဘူ)တို့ကိုသိမ်းလျက် နန်းစောတို့၏အန္တရာယ်ကို ဟန့်တားနိုင်ရန် အောင်မြင်စွာ စစ်အင်အားပြခဲ့သည်။ နန်းစောနှင့် အခြားပြည်ပရန်များကို ကာကွယ်နိုင်ရန် ခံတပ်မြို့ပေါင်း ၄၃ မြို့ကိုလည်း တည်ထောင်ခဲ့သည်။

သို့ဖြင့် အနော်ရထာလက်ထက်တွင် ပထမဦးဆုံးစည်းရုံးမိသော အင်အား ခိုင်မာတောင့်တင်းသော "ပထမမြန်မာနိုင်ငံတော်"ကို တည်ထောင်နိုင်ခဲ့သည်။ တိုင်းရင်းသားပေါင်းစုံတို့သည် အနော်ရထာ၏ဦးဆောင်မှုကို မြတ်နိုးစွာခံယူကာ နိုင်ငံတည်ဆောက်မှုတွင် တက်ကြွစွာ ပါဝင်ခဲ့ကြပေသည်။

ယင်းတို့အပြင် အနော်ရထာမင်းစောသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် သန့်ရှင်းသောယဉ်ကျေးမှု ထွန်းကားအောင်လည်း ဆောင်ရွက်သည်။ ထိုသာသနာ ထိုယဉ်ကျေးမှုဖြင့် နိုင်ငံအထက်အောက် စည်းလုံးခြင်းရှိအောင်လည်း ဆောင်ရွက်သည်။

ပုဂံတွင် ရှေးဟောင်း ပျူခေတ်များကတည်းက ထွန်းကားလျက်ရှိသော ထေရဝါဒ ဂိုဏ်း၊ မဟာယနဂိုဏ်း၊ ဗိဿနိုးနတ်ကိုးကွယ်သောဂိုဏ်း၊ နဂါးကိုးကွယ်သော ဂိုဏ်း၊ ဂဝံပတိကိုးကွယ်သောဂိုဏ်း စသည်တို့ ရှိခဲ့သည်။ တန္တရဂိုဏ်းဝင် သဘောမျိုးတစ်မျိုးကို ကျင့်သုံးသော အရည်းကြီးများလည်း ဩဇာကြီးမားသည်။

အရည်းကြီးတို့သည် ဘုရားရှင်ဟောတော်မူသော တရားတော်ကို ပယ်သည်။ မိမိတို့အယူဖြင့် မိမိတို့အသီးသီး ယူကြသည်။ မိမိဆန္ဒနှင့်လျော်စွာ ကျမ်းဂန်ပြု၍ လူတို့အား လှည့်ပတ်ဖြားယောင်းသည်။ သူ့အသက်ကိုသတ်မိသောသူသည် ဤပရိတ်ကိုရွတ်သော် အပြစ်မှလွတ်သည်။ မိဘကိုသတ်မိသောသူသည် ထိုပရိတ်ကိုရွတ်သော် အပြစ်မှလွတ်သည်ဟု ဆိုကြသည်။ မည်သည့် မကောင်းမှုကိုပြုသော်လည်း ပြုမိသမျှကိုပြန်ပြော၍ အရည်းကြီးတို့ထံ တောင်းပန်ရသည်။ အရည်းကြီးတို့က ခွင့်ပြုလျှင် ငရဲမှလွတ်၍ နတ်ပြည်သို့ ရောက်နိုင်သည်ဟု ဆိုကြသည်။ ထို့ပြင် မင်းအစရှိသော အမှုး၊ အမတ်၊ ကလန်၊ သံပျင်၊ သူဌေး၊ သူကြွယ်၊ ပြည်သူတို့၏သားသမီးကို ထိမ်းမြားမင်္ဂလာပြုသောအခါ
mgyoe.com

mgyoe.com
မပြုမီ ဆရာသို့ ပန်းဦးလွှတ်သည်ဆိုကာ ညဥ့်ဦးက အရည်းကြီးတို့ထံ ပို့ရသည်။ မိုးသောက်၍ ပြန်လွှတ်လိုက်မှ ထိမ်းမြားရသည်။ ဆရာသို့ ပန်းဦးမလွှတ်ဘဲ ထိမ်းမြားမိချေသော် အစဥ်အလာကိုဖျက်သည်ဟု ကြီးစွာသော မင်းပြစ်ကို ခံရသည်။

အနော်ရထာသည် ထိုအပြုအမူတို့ကို မနှစ်မသက်ရှိခဲ့သည်။ ထိုစဥ် မွန်ရဟန်းတော် ဓမ္မဒဿီဘွဲ့ခံ ရှင်အရဟံမထေရ်မြတ်သည် သထုံပြည်မှ ပုဂံသို့ ကြွလာတော်မူသည်။ အနော်ရထာမင်းအား ထေရဝါဒ ဗုဒ္ဓတရားတော်ကို ဟောပြတော်မူသည်။

အနော်ရထာမင်း ကြားနာရသော် နှစ်သက်ယုံကြည် မြတ်နိုးသွားသည်။ အတိုင်းထက်အလွန် သဒ္ဓါခြင်းပြင်းစွာ ဖြစ်သွားသည်။

"တပည့်တော်အဖို့ အရှင်မှတစ်ပါးအခြား ကိုးကွယ်ရာမရှိပြီ။ ဤနေ့မှစ၍ တပည့်တော်၏ ကိုယ်၊ အသက်နှစ်ပါးကို အရှင်အား ဆောင်နှင်းတော့သည်။ အရှင်၏ အဆုံးအမကိုလည်း တပည့်တော် ခံတော့သည်"ဟူ၍ လျှောက်သည်။

ထို့နောက် တောရဆောက်တည်နိုင်သောအရပ်၌ သာယာလှစွာသော ကျောင်းဆောက်လုပ်လှူဒါန်းသည်။ ရှင်အရဟံကို ကိုးကွယ်သည်။ အဆုံးအမကို နာယူသည်။ အနော်ရထာမင်းကိုယ်တိုင် ရေထမ်း၍ မိဖုရားကဆွမ်းရွက်ကာ နေ့တိုင်းမပြတ် လုပ်ကျွေးကုသိုလ်ပြုသည်။ အရည်းကြီးတို့၏ အယူကိုလည်း ပယ်တော်မူသည်။ ပြည်သူအပေါင်းတို့ကိုလည်း ပယ်စေတော်မူသည်။

အရည်းကြီးတို့သည် လာဘ်သပ်ပကာ မရှင်တော့သဖြင့် ရှင်အရဟံကို ရန်ငြိုးကြီးစွာ ထားကြသည်။ မင်းကြီးစိုးရိမ်သဖြင့် အရည်းကြီးတို့ကို နိုင်လောက်အောင် အစောင့်အနေ ထားစေရသည်။ အရည်းကြီးသုံးကျိပ်နှင့် တပည့်လက်သား ခြောက်သောင်းတို့ကို လူဝတ်လဲစေသည်။ အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး ထည့်တော်မူသည်။

ရှင်အရဟံလည်း ပြည်သူတို့အား ထေရဝါဒ ဗုဒ္ဓတရားတော်ကို ဟောပြောသည်။ သာသနာတော်၌ ကြည်ညိုသောသူတို့ကို ရဟန်းပြုပေးတော်မူသည်။

ရှင်အရဟံ၏မိန့်တော်မူချက်အရ သထုံပြည် မနူဟာ(မကုတ)မင်း၌ ပိဋကတ်တော် အစုံ ၃၀ ရှိကြောင်း အနော်ရထာမင်း သိရှိရသည်။ သည်တွင် လိမ္မာသော အမတ်တစ်ယောက်ကို သထုံပြည်သို့ လွှတ်သည်။ ပိဋကတ်တော်များကို တောင်းစေသည်။ မနူဟာက ပိဋကတ်တော်များကို မပေး။ မဆင်မခြင်ဘဲ မချေင်သောစကားကို ဆိုလိုက်သည်။ အနော်ရထာမင်းသည် ၁၀၅၇ ခုနှစ်တွင် စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် သထုံကို ချီတက်တိုက်ခိုက်သည်။ ပိဋကတ်တော် အစုံ ၃၀ ကို ပင့်ဆောင်သည်။ မနူဟာမင်းနှင့်တကွ
mgyoe.com

mgyoe.com
အနုပညာသည်၊ လက်မှုပညာသည်များကို ပုဂံသို့ ခေါ်ဆောင်လာခဲ့သည်။ (ခေတ်သစ် သမိုင်းပညာရှင်အချို့က သထုံကို အနော်ရထာ တိုက်ခိုက်ခြင်းမှာ သာသနာရေးအကြောင်း အပြင် ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်နိုင်ရန်အတွက် ပင်လယ်သို့ထွက်ပေါက်ရရန် ဖြစ်နိုင် သည်ဟု ဆိုကြသည်။)

ပိဋကတ်တော်များ ရသောအခါ အနော်ရထာသည် ပုဂံပြည်ရှိ ရဟန်းများအား ဘုရားရှင်၏ ပိဋကတ်တော်အစစ်ကို သင်ကြားစေသည်။ သင်ကြားနိုင်အောင်လည်း ပိဋကတ်တော်တို့ကို မွန်အက္ခရာမှ မြန်မာအက္ခရာသို့ ပြန်စေသည်။ ပိဋကတ်တော်များ ထားရှိရန် ပုဂံမြို့တွင် ပိဋကတ်တိုက်တော်ကို ဆောက်၍လှူဒါန်းသည်။ ထို့ပြင် ရွှေစည်းခုံ ဘုရား၊ ရွှေရင်မြော်ဘုရား၊ မြင်းကပါဘုရား၊ တန့်ကြည့်တောင်ဘုရား၊ လောကနန္ဒာဘုရား၊ တူးရွင်းတောင်၊ ပြက်တောင်၊ ခရွေတောင်၊ မန္တလေးတောင်၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ တောင်များပေါ်ရှိ ဘုရားများ၊ တောင်ပြုန်းရှိ ဆုတောင်းပြည့်ဘုရား၊ ညောင်ရွှေမြို့ရှိ ပေါ်ရိသတ်ဘုရား စသည်တို့ကို တည်သည်။ သာသနာရေးကို အမှီပြု၍ လက်မှုပညာ အမျိုးမျိုး၊ အနုပညာအမျိုးမျိုး ဖွံ့ဖြိုးစေရန်လည်း အားပေးချီးမြှင့်သည်။

မစ္စတာဝုဒ်ရေးသော ထိုင်းရာဇဝင်၌ အနော်ရထာမင်းသည် တရုတ်နိုင်ငံတောင်ပိုင်း နှင့် ခမာ(မွန်)နိုင်ငံဖြစ်သော ကမ္ဘောဒီးယား (ကမ်ပူးချား) နိုင်ငံကို အောင်မြင်ကြောင်း၊ ထိုင်းတစ်နိုင်ငံလုံး၌ အနော်ရထာမင်း၏ တန်ခိုးအာဏာ လွှမ်းမိုးသည်ကို ယုံမှားဖွယ်မရှိ ကြောင်း၊ အနော်ရထာမင်းကို အကြောင်းပြု၍ ဗုဒ္ဓအယူဝါဒ ထွန်းကားစည်ပင်ကြောင်း ဖော်ပြထားသည်။ ကိုချင်ချိုင်းနားပြည်အထိ အနော်ရထာမင်း တိုက်ခိုက်သိမ်းယူခဲ့ကြောင်း လည်း ဆိုသည်။ ထိုင်းဘာသာဖြင့်ရေးသော စာတမ်းများ၌ အနော်ရထာမင်းကို "မဟာ ဖေယျာဘယမင်း"ဟု ဘွဲ့ပေးထားသည်။ ထို့ပြင် ထိုင်းရာဇဝင်တစ်စောင်၌ ပုဂံပြည်ဘုရား များသည် ဂျာဗားကျွန်းစေတီနှင့် ပုံတူသဖြင့် အနော်ရထာမင်းသည် ဂျာဗားကျွန်းသို့လည်း စစ်ချီကြွရောက်ကောင်း ကြွရောက်လိမ့်မည်ဟူ၍လည်း ဖော်ပြထားသည်။

ခရစ်နှစ် ၁၀၆၀ ပြည့်ခန့်၌ သီဟိုဠ်သို့ အိန္ဒိယတောင်ပိုင်းမှ စောဠလူမျိုး (ကျေး ကုလား)တို့ ဝင်ရောက်ကျူးကျော် တိုက်ခိုက်သည်။ သီဟိုဠ်မင်း ဝိဇယဗာဟုသည် အနော် ရထာမင်းထံ စစ်ကူတောင်းသဖြင့် ပုဂံမှ ပို့ပေးရသည်။ စောဠစစ်ဒဏ်ကြောင့် သီဟိုဠ်တွင် ဗုဒ္ဓသာသနာဆက် ပြတ်လုဆဲဖြစ်ခဲ့သည်။ သီဟိုဠ်မင်း၏ မေတ္တာရပ်ခံချက်အရ အနော်ရထာ မင်းသည် ပုဂံမှ မဟာထေရ်ကြီးများကို ပို့ပေးသည်။ သီဟိုဠ်သာသနာကို ထွန်းလင်းအောင် ကူညီခဲ့သည်။

ထိုစဉ်က အိန္ဒိယနိုင်ငံနှင့်တကွ သီဟိုဠ်ကျွန်းနှင့် အရှေ့တောင်အာရှတို့တွင် မိုးမိုက်
mgyoe.com

mgyoe.com
ယိမ်းယိုင်နေသော ထေရဝါဒဗုဒ္ဓသာသနာကို သီဟိုဠ်ကျွန်းနှင့် အရှေ့တောင်အာရှတို့တွင် တည်တံ့ခိုင်မြဲအောင် ကာကွယ်ပေးခဲ့သူမှာ အနော်ရထာဘုရင်ဖြစ်သည်ဟူ၍ ခေတ်သစ်သမိုင်းပညာရှင်များက ဆိုကြသည်။

အနော်ရထာမင်းသည် ပြည်သူကိုချစ်မြတ်နိုး၍ ပြည်သူအကျိုးကို အစွမ်းကုန်ဆောင်ခဲ့သော ခေါင်းဆောင်ထူး၊ ပုဂ္ဂိုလ်ထူး ဖြစ်သည်။ သူသည် နောက်ဆုံးတွင် ပြည်သူ့ရန်ကို ကာကွယ်ရင်းပင် နတ်ရွာစံခဲ့သည်။

အနော်ရထာသည် ခရစ်နှစ် ၁၀၇၇ ခု၊ သက်တော် ၆၆ နှစ်အရွယ်တွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့ ဆက်လက်ဖောက်လုပ်ရန် တိုင်းခန်းလှည့်လည်ရာမှ ပုဂံနေပြည်တော်သို့ ပြန်လာသည်။ နေပြည်တော်တံခါးဝသို့ရောက်စဉ် မှူးမတ်တို့က အောင်သာမြစ်ခြေအရပ်ဝယ် ပြည်သူတို့ကို ကျွဲရိုင်းတစ်ကောင် ရန်ပြုနေကြောင်း လျှောက်ထားသည်။ ထိုအခါ အနော်ရထာသည် မြို့တွင်းသို့မဝင်တော့ဘဲ ကျွဲရိုင်းကို ကိုယ်တော်တိုင် နှိမ်နင်းမည်ပြုသည်။ စီးလာသောဆင်တော်ကို ပြန်လှည့်သည်။ အောင်သာမြစ်ခြေသို့ သွားသည်။ ကျွဲရိုင်းကို ယှဉ်ပြိုင်တိုက်ခိုက်သည်။ မအောင်မြင်။ ကျွဲရိုင်းက ခတ်လိုက်သဖြင့် ဆင်တော်ပေါ်၌ပင် နတ်ရွာစံတော်မူရှာလေသည်။

(ကျမ်းကိုး)


၁။ မဟာရာဇဝင်ကြီး ပထမတွဲ။ (ဦးကုလား)

၂။ တွင်းသင်းမြန်မာရာဇဝင်သစ်။ (တွင်းသင်းမင်းကြီး)

၃။ အခြေပြ မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ။
(လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီ)

၄။ ကျောင်းသုံး မြန်မာရာဇဝင်။ (ဦးဘသန်း၊ ဘီ–အေ)

၅။ မြန်မာနိုင်ငံတော်သမိုင်း။ (ဗိုလ်မှူးဘရှင်)

၆။ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း။ (ဒေါက်တာကျော်သက်)

၇။ ပြည်ထောင်စု သမိုင်းမှတ်တိုင်များ။ (မဟာဝိဇ္ဇာဘွဲ့ရ ဦးသိန်းဟန်)

၈။ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း။
(ဦးသန်းထွတ် ပညာရေးတက္ကသိုလ်)

၉။ မြန်မာ့စွယ်စုံကျမ်း။ အတွဲ ၂၊ ၉၊ ၁၄။

၁၀။ ပုဂံခေတ်ယဉ်ကျေးမှု။ (ဒေါ်ခင်ခင်စိန်၊ မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ)


■

mgyoe.com

mgyoe.com



mgyoe.com

# ကျန်စစ်သား

တစ်ခါသော် အမတ်စစ်သူကြီးတစ်ဦးသည် မင်းမျက်သဖြင့် ဘေးကင်းသော တစ်နေရာသို့ ထွက်ပြေးပုန်းရှောင်ရသည်။ ဆင်းရဲနွမ်းပါးစွာ နေရရှာသည်။ မိမိစီးသည့်မြင်းကိုပင် ကိုယ်တိုင်ကျောင်းရသည်။ မယားဖြစ်သူသည် မိမိ၏လင် အမတ်စစ်သူကြီး မြင်းကျောင်းရာသို့ လျှို့ဝှက်စွာလာ၍ ထမင်းပို့ရသည်။ နောင်အခါ အမတ်စစ်သူကြီးသည် ဘုရင်ဖြစ်လာသည်။ ထိုအခါ မိမိမယား၏ ဂုဏ်ကျေးဇူးကို သတိရသောအနေဖြင့် မိမိ မြင်းကျောင်းနေရာတွင် ဘုရားတစ်ဆူတည်ခဲ့သည်။

ထိုအမတ်စစ်သူကြီးကား ကျန်စစ်သားပင် ဖြစ်သည်။ မယားဖြစ်သူကား အပယ်ရတနာ ဖြစ်သည်။ အထိမ်းအမှတ်အဖြစ်တည်ခဲ့သော ဘုရားကား အပယ်ရတနာဘုရား ဖြစ်သည်။

ကျန်စစ်သားသည် လောကဓံအမျိုးမျိုးကို ကြုံတွေ့ပြီးနောက် ဘုရင်ဖြစ်လာသူ ဖြစ်သည်။ အနော်ရထာမင်း၏သားတော် စောလူးမင်းသည် ပုဂံဘုရင် ဖြစ်လာသောအခါ ကျန်စစ်သားကို ခေါ်ယူသည်။ အမတ်စစ်သူကြီးအဖြစ် ခန့်ထားသည်။ တစ်နေ့တွင် စောလူးမင်းက အမျက်တော်ရှသဖြင့် ကျန်စစ်သားသည် အထက်တွင် ဖော်ပြသည့်အတိုင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နောင်အခါမှ စောလူးမင်း အမျက်ပြေသဖြင့် ပြန်လည်ခစားသည်။

ထိုစဉ် ပဲခူးမြို့ကိုစားရသော အမတ်ငရမန်ကန်းသည် မင်းကြီးနှင့် ကြွေအန်ကစားရာမှ မသင့်မမြတ်ဖြစ်ခဲ့သည်။ တစ်နေ့တွင် စောလူးမင်းနှင့် အမတ်ငရမန်ကန်းတို့သည် ကြွေအန်ကစားကြရာ ငရမန်ကန်းနိုင်လေသည်။ ငရမန်ကန်းသည် ဝမ်းမြောက်လှသဖြင့် လက်ခမောင်းခတ်လေသည်။ ထိုအခါ စောလူးမင်းက "အန်တစ်ပွဲနိုင်ရုံမျှဖြင့် လက်ခမောင်း

mgyoe.com

mgyoe.com
ခတ်၍ ငါသို့သော မင်းကို အန်တုရာသလော၊ ယောကျ်ားကောင်း ဟုတ်နိုးသော်နှင့် လူသူအင်အားနှင့် ပုန်ကန်နိုင်မည်လော"ဟု မေး၏။

ငရမန်ကန်းသည်လည်း "အကယ်လော"ဟု ပြန်မေး၍ ပဲခူးမြို့သို့ စုန်ဆင်းသွားသည်။ ထို့နောက် ပဲခူးမြို့ရှိ လူသူအင်အားကိုစုရုံး၍ စောလူးမင်းကို ပုန်ကန်တိုက်ခိုက်ရန် ရဲမက်ဗိုလ်ပါ ဆင်လုံးမြင်းရင်းနှင့် ပုဂံသို့ချီလာလေသည်။ ငရမန်ကန်း၏စစ်သည်တို့ ချီလာသည်ဟု ကြားသိရသောအခါ ကျန်စစ်သားသည် တွန်းလှန်တိုက်ဖျက်ရန် ရှေးဦးစွာ ချီသွားသည်။ စောလူးမင်းသည်လည်း နောက်တပ်မနှင့် လိုက်လာသည်။

ပြည်တော်သာကျွန်းသို့ ရောက်ကြသောအခါ မိုးချုပ်ပြီ။ ထို့ကြောင့် စောလူး မင်းတို့ တပ်ချ၍ နေကြလေသည်။ ထိုအခါ ငရမန်ကန်းသည် စောလူးမင်းထွက်တိုက် အောင် စစ်ပရိယာယ်ဆင်သည်။ ရွံ့ညွန်ထူထပ်သော နေရာတစ်ခုကိုရွေး၍ ထိုနေရာ၌ ဆင်ရုပ်များ ပြုပြီး ထားနှင့်သည်။ ထို့နောက် ထိုညဉ့်၌ပင် စောလူးမင်းတပ်ရှိရာသို့ သွား၍ စစ်ရေး ငင်သည်။

စောလူးမင်းသည် ငရမန်ကန်းစစ်တပ်ကို လရောင်တွင် မြင်သောအခါ ထွက်တိုက် မည်ပြုသည်။ ကျန်စစ်သားက "အရှင်မင်းကြီး နံနက် မိုးသောက်သော အခါမှာမှ တိုက် တော်မူပါ"ဟု လျှောက်၏။ သို့ရာတွင် စောလူးမင်းသည် ကျန်စစ်သား၏စကားကို မနာ ယူ။ ငရမန်ကန်းစစ်တပ်နောက်သို့သာ အတင်းလိုက်လေသည်။ ဆင်ရုပ်များ ပြုလုပ်ထားရာ ဖြစ်သော ရွံ့ညွန်အရပ်သို့ ရောက်သောအခါ စီးတော်မူသောဆင် သန်လျင်စွာသည် ရွံ့ညွန် အရပ်သို့ကျ၍ ကျွံလေသည်။ စောလူးမင်းသည် ဆင်မှသက်၍ ပြေးရလေသည်။ သို့ရာ တွင် နောက်ဆုံး၌ ငရမန်ကန်း၏လက်သို့ ရောက်လေတော့သည်။

မင်းမရှိပြီဟု သိကြသောအခါ စောလူးမင်း၏တပ်ပျက်၍ နောက်ပါတို့လည်း ထွက်ပြေးကြသည်။ ကျန်စစ်သားလည်း ညဉ့်တွင်းချင်းပင် ပုဂံသို့ ဆုတ်လာရသည်။

နောက်တစ်နေ့နံနက်တွင် ကျန်စစ်သား ပုဂံသို့ရောက်သောအခါ မြို့စောင့်မှူးမတ် တို့က "ငါတို့အရှင် စောလူးမင်းမရှိခဲ့သော် အရှင်မင်းကြီးမှတစ်ပါး ပုဂံပြည်ကို အုပ်စိုး ထိုက်သသူ မရှိပြီ"ဟု ဆို၍ မြို့တံခါးကို ဖွင့်ပေးသည်။ မင်းမြောက်တန်ဆာငါးပါးကို လည်း ဆက်သကြသည်။

သို့ရာတွင် ကျန်စစ်သားသည် သစ္စာရှိသော အမတ်စစ်သူကြီးဖြစ်သဖြင့် မြို့စောင့် မှူးမတ်တို့ဆိုသော စကားကိုလည်း လက်မခံ၊ ဆက်သသော မင်းမြောက်တန်ဆာငါးပါး ကိုလည်း လက်မခံ။ ခံ့ညားသောဣန္ဒြေဖြင့် "ငါ့ရှင် ရှိသည်၊ မရှိသည်ကို ရှေးဦးစွာ ငါ စုံစမ်းဦးမည်၊ ရှိသေးလျှင် ငါ့အရှင်ကို ငါရအောင်ယူ၍ နန်းတင်မည်"ဟု ဆိုသည်။
mgyoe.com

mgyoe.com
မင်းမြောက်တန်ဆာငါးပါးကို ငြင်းသည်။ ပုဂံမြို့ကို အခိုင်အမာပြု၍ နေသည်။

မကြာမီကာလအတွင်းတွင် ငရမန်ကန်းသည် မိမိ၏စစ်သည်တို့နှင့်တကွ ပုဂံမြို့တောင်ဘက် တစ်မိုင်ခန့်ဝေးသော မြင်းကပါအရပ်သို့ ရောက်လာသည်။ စောလူးမင်းသည်လည်း အနှောင်အချုပ်ဖြင့် ပါလာလေသည်။

ထိုအကြောင်းကို သိသောအခါ ကျန်စစ်သားသည် အသက်ကိုစွန့်လျက် မိမိကိုယ်တိုင် ငရမန်ကန်းတပ်တွင်းသို့ဝင်၍ စောလူးမင်းကို ခိုးလေသည်။ သို့ရာတွင် စောလူးမင်းသည် ကျန်စစ်သားကို အထင်မှား၍ "ကျန်စစ်သား ငါ့ကို ခိုးသည်"ဟု ဟစ်အော်သည်။ ကျန်စစ်သားသည် စောလူးမင်းကို ထားခဲ့ရ၍ ကိုယ်လွတ်ရုန်းကာ ရန်သူ့တပ်တွင်းမှ ထွက်ပြေးရလေသည်။ ငရမန်ကန်းလည်း "စောလူးမင်းကို အရှင်ထားသော် မသင့်"ဟုဆို၍ စောလူးမင်းကို ကွပ်လေသည်။

ကျန်စစ်သားသည် ငရမန်ကန်းတပ်မှ ထွက်လာခဲ့ပြီးနောက် ထီးလှိုင်အရပ်သို့ ပြေးရှောင်ရလေသည်။ ထိုအခါမှစ၍ ကျန်စစ်သား၏ သစ္စာ၊ သမာဓိ၊ သတ္တိတို့သည် ပုဂံပြည်အလုံး အနှံ့အပြား ကျော်စောသတင်း ဖြစ်လာလေသည်။ ပုဂံပြည်သားတို့သည် စစ်အောင်သူတိုင်းကို မြတ်နိုးခြင်းရှိသည် မဟုတ်ချေ။ တိုင်းပြည်အပေါ်၌ သစ္စာရှိသူ၊ သမာဓိနှင့် ပြည့်စုံသူ၊ သတ္တိရှိသူမှန်လျှင် စစ်ရှုံးသူပင်ဖြစ်စေကာမူ မြတ်နိုးခြင်း ရှိတတ်ကြလေသည်။

ထို့ကြောင့် ထီးလှိုင်အရပ်ရှိ ပုဂံပြည်သားတို့သည် လက်ရုံးဖြင့်ပုန်ကန်၍ မင်းမှုအံ့ဆဲဆဲဖြစ်သော ငရမန်ကန်းဘက်သို့ မဝင်ကြ။ ထီးလှိုင်အရပ်သို့ ပြေးရှောင်လာရသူပင် ဖြစ်စေကာမူ သစ္စာ၊ သမာဓိ၊ သတ္တိတို့နှင့်ပြည့်စုံသော ကျန်စစ်သားဘက်သို့သာ ပုဂံပြည်အတွက် အမှုထမ်းရန် ဝင်ကြလေသည်။

ဤသို့ဖြင့် ကျန်စစ်သားသည် ဗိုလ်ပါအလုံးအရင်းရလာ၍ ငရမန်ကန်း သူပုန်ကို ပြန်တိုက်ရာ အောင်လေသည်။ ထို့နောက် ပုဂံထီးနန်းကိုဆက်ခံ၍ ပုဂံပြည်ကြီး၏ ငြိမ်းချမ်းသာယာရေးကို ကြိုးပမ်းဆောင်ရွက်လေသည်။

ကျန်စစ်သားသည် ခရစ်နှစ် ၁၀၈၄ ခုနှစ်တွင် မင်းဖြစ်လာသည်။ မင်းဖြစ်သည်နှင့် တစ်ပြိုင်နက် ပျက်လုဆဲဖြစ်သော ပုဂံပြည်ကို တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သည်။ တိုးတက်သာယာအောင် ဆောင်ရွက်သည်။

ကျန်စစ်သားမင်း၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုတို့သည် ကြီးပွားတိုးတက်၍ နှစ်ပေါင်းနှစ်ရာနီးပါးခန့် တည်တံ့ခိုင်မြဲခဲ့လေသည်။ ထို့ကြောင့် သမိုင်းဆရာတို့က "အနော်ရထာမင်းသည် မြန်မာနိုင်ငံသစ်ကို ဦးဆောင်
mgyoe.com

mgyoe.com
ပျိုးထောင်သူ ဖြစ်သည်။ ကျန်စစ်သားမင်းကား ထိုနိုင်ငံသစ်ကို တည်တံ့ခိုင်မြဲအောင် တိုးတက်သာယာအောင် ဦးဆောင်ကြိုးပမ်းသူ ဖြစ်သည်"ဟု ဆိုကြပေသည်။

ကျန်စစ်သားအဖို့ မင်းဖြစ်လာသောအခါ ဦးစွာရင်ဆိုင်ရသောအရေးမှာ သူပုန်ဒဏ်ကို ခံစားခဲ့ရသော ပြည်သူတို့အရေး ဖြစ်သည်။ ငရမန်ကန်းသူပုန်အရေး အေးငြိမ်းသော်လည်း ထိုသူပုန်ထမှုဒဏ်ကြောင့် ပျူ၊ မွန်၊ သက်၊ ဗမာ အစရှိသော ပုဂံပြည်သူပြည်သားတို့သည် အတိဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ကြရသည်။ အချို့သည် သေဆုံးခဲ့ကြ၍ ကျန်ရစ်သူတို့မှာ တွယ်ရာမဲ့ကြရှာသည်။ အချို့သည် သားတကွဲ၊ မယားတကွဲ ထွက်ပြေးတိမ်းရှောင်ရသည်။ အချို့သည် သူပုန်တို့၏ အဖမ်းအဆီးခံရလျက် အောက်ပြည်၊ အောက်ရွာသို့ အဓမ္မခေါ်ဆောင်ခံရသည်။ အချို့သည် အိုးမဲ့၊ အိမ်မဲ့ ဖြစ်ရသည်။ အချို့သည် အစားမဲ့၊ အသောက်မဲ့ ဖြစ်ရသည်။ အချို့သည် အဝတ်မဲ့၊ အဆင်မဲ့ ဖြစ်ရသည်။ အချို့သည် အလုပ်မဲ့၊ အကိုင်မဲ့ ဖြစ်ရသည်။ ထိုအခြေဆိုးတို့ကို ကျန်စစ်သားသည် ကောင်းစွာ ခံစားသိရှိသည်။ ထိုအခြေဆိုးများမှ လွတ်မြောက်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်သည်ကို ပုဂံပြည်သူတို့ သိရှိအားတက်စေရန် ကျောက်စာရေးထိုး၍လည်း အတိအလင်း ကြေညာခဲ့ပေသည်။

ထိုကျောက်စာကား အခြားမဟုတ်။ ရွှေစည်းခုံမွန်ကျောက်စာဟု အမည်တွင်သော ကျောက်စာပင်တည်း။ ထိုကျောက်စာကို ပုဂံပြည် ရွှေစည်းခုံဘုရားရှိ ကျောက်တိုင်နှစ်တိုင်တွင် ရေးထိုးထားသည်။ မြန်မာဘာသာဖြင့်မဟုတ်၊ မွန်ဘာသာဖြင့် ရေးထိုးထားသည်။ ဤသို့ မွန်ဘာသာဖြင့် ရေးထိုးသည်မှာ ထိုစဉ် ထိုအခါက မွန်ဘာသာသည် မြန်မာဘာသာထက် ကျယ်ပြန့်စွာ ထွန်းကားသောကြောင့်ဖြစ်သည်ဟုလည်း ယူနိုင်သည်။ ကျန်စစ်သားသည် မွန်–ဗမာ စည်းလုံးရေးကို အထူးလိုလားသူဖြစ်သောကြောင့် ထိုကျောက်စာကို မွန်ဘာသာဖြင့် ရေးထိုးခြင်းဖြစ်သည်ဟူ၍လည်း ယူနိုင်မည်ထင်သည်။ မည်သို့ပင်ဖြစ်စေ ထိုကျောက်စာကို ပုဂံပြည်သူ ပြည်သားအားလုံး ဖတ်ရှုကြမည်ကား မုချဖြစ်သည်။ ယင်း သို့ ဖတ်မိစေရန်လည်း ရွှေစည်းခုံဘုရားရှိ ကျောက်တိုင်များ၌သာမက လူအများဖြတ်သန်းသွားလာရာ ပုဂံသရပါတံခါးရှိ ကျောက်တိုင်နှစ်တိုင်တွင်လည်း ရေးထိုးထားပေသည်။

ကျောက်စာ၌ ရေးထိုးထားသည်တို့မှာ အလွန်ထိမိသည်။ ပြောင်မြောက်သည်။ စကားအသုံးအနှုန်းကလည်း ကောင်းလှသည်။ ဥပမာ၊ ဥပမေယျတို့မှာလည်း ထက်မြက်လှသည်။ ကျန်စစ်သားမင်း၏ နှလုံးသားမှ စိမ့်ယိုကျလာသော မေတ္တာစေတနာ၊ ကရုဏာစေတနာတို့ သင်းပျံ့နေသည်။
mgyoe.com

mgyoe.com

ကျောက်စာတစ်နေရာ၌ "ရန်သူတို့ ပုဂံကိုတိုက်ဖျက်ရန် ဆန်တက်လာ၍ ပုဂံပြည်သားအချို့ကို သုံ့ပန်းအဖြစ် ဖမ်းဆီးခဲ့သည်။ ထိုသူတို့ကို အောက်ပြည်၊ အောက်ရွာသို့ အဓမ္မခေါ်ဆောင်သွားသည်။ ကျန်စစ်သားမင်းကြီးသည် ထိုသူတို့ကို ပုဂံသို့ အလျင်အမြန် ပြန်ခေါ်မည်။ ပုဂံပြည်၌ ထိုသူတို့ ပျော်ရွှင်ချမ်းမြေ့စေရမည်။ သားကွဲ၊ မယားကွဲဖြစ်၍ ချစ်သူတို့နှင့် ကွေကွင်းရသူတို့၏မျက်ရည်ကို မင်းကြီး၏ လက်နှင့်တူသော မေတ္တာဖြင့် သုတ်ပေးမည်။ စိတ်နှလုံး ပူဆွေးရသူတို့၏နှပ်ရည်ကို မင်းကြီး၏ ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပေးမည်။ ကျန်စစ်သားမင်းကြီးသည် ပြည်သူတို့အား ဆန်စပါးမှစ၍ စားဖွယ်သောက်ဖွယ်တို့ကို ယာလက်တော်ဖြင့် ပေးအပ်ကျွေးမွေးမည်။ အဝတ်ပုဆိုး အဆင်တန်ဆာတို့ကို ဝဲလက်တော်ဖြင့် ပေးအပ်ဆင်ယင်မည်။ အမိသည် သားငယ်တို့ကို ရင်ခွင်၌ ပိုက်ထွေးယုယသကဲ့သို့ ပြည်သူတို့ကိုလည်း ကျန်စစ်သားမင်းကြီးက ပိုက်ထွေးစောင့်ရှောက်ပြုစုမည်"ဟူ၍ ရေးထိုးထားသည်။

တစ်ဖန် ကျောက်စာတစ်နေရာတွင်လည်း "ကျန်စစ်သားမင်းလက်ထက်တွင် မိုး၊ မှျစ်၊ သစ်သီး၊ ပန်းမန်တို့ ပေါများစေရမည်။ စားရမဲ့၊ ဝတ်ရမဲ့ဖြစ်သော သူဆင်းရဲတို့သည် ဝလင်စွာ စားနိုင်စေရမည်။ ရွှေ၊ ငွေ၊ ရတနာတို့ဖြင့် စီခြယ်ထားသည့် ဆန်းကြယ်သော အဝတ်ပုဆိုးတို့ကို ဆင်မြန်းကြစေရမည်။ ဆန်စပါးတို့ ထာဝစဉ် ပေါများစေရမည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ်တို့ ပေါများစေရမည်"ဟူ၍လည်း ရေးထိုးထားသည်။

ထို့ပြင် ကျောက်စာတစ်နေရာတွင် "စိုက်ပျိုးမှု၌ ကျွမ်းကျင်သော လယ်သမား၊ ယာသမားအပေါင်းတို့တွင် ဆန်စပါး၊ လူး၊ ဆပ် အမျိုးပေါင်းများစွာတို့ ကျီအပြည့် ရရှိစေရမည်။ လူတိုင်း ကြွယ်ဝချမ်းသာစေရမည်။ အိုး၊ စလောင်းရောင်းသော သူဆင်းရဲမများပင်လျှင် ဈေးကောင်းရ၍ ချမ်းသာစေရမည်"ဟူ၍လည်း ရေးထိုးထားသည်။

ရေးထိုးသည့်အတိုင်းလည်း ကျန်စစ်သားမင်းသည် ကြိုးပမ်းဆောင်ရွက်ရာ များစွာအောင်မြင်ခဲ့လေသည်။

ကျန်စစ်သားမင်းသည် မွန်ရဟန်းတော် ရှင်အရဟံကိုလည်း မပြတ်ဆည်းကပ်ကိုးကွယ်သည်။ တစ်ခါသော် သက်လူမျိုးတို့၏ အကြီးအကဲ ကတုံသည် ကျန်စစ်သားမင်းကို ပုန်ကန်လိုသဖြင့် ကျေးစွန်ရွာနားကို ထိပါးသည်။ ကတုံသည် ကျန်စစ်သား၏ အဆွေခင်ပွန်းဟောင်း ဖြစ်ခဲ့ဖူးသည်။ ယင်းသို့ဖြစ်ပါလျက် ထိပါးလာသောအခါ ကျန်စစ်သားမင်းသည် လွန်စွာ အမျက်ထွက်သည်။ "သက်မင်းကတုံကို ဖမ်းလေ"ဟု မိန့်တော်မူသည်။

mgyoe.com

mgyoe.com

ထိုအခါ ရှင်အရဟံသည် နန်းတော်သို့ ကြွလာသည်။ ကျန်စစ်သားမင်းအား "အလျင်စလို မပြုကောင်းပလေ"ဟု ဆုံးမသည်။ ထို့နောက် ရှင်အရဟံသည် သက်မင်းကတုံကိုလည်း ဆုံးမပြန်လေသည်။ နှစ်ဦးလုံး အဆုံးအမကို နာယူကြသည်။ ဤသို့ဖြင့် ရန်စစ်မကြီးခင် ရန်စစ်ငြိမ်းလေတော့သည်။

ကျန်စစ်သားမင်းသည် ခရစ်နှစ် ၁၀၈၄ ခုနှစ်တွင် ရာဇဘိသိက်ပွဲကျင်းပ၍ သီရိဘုဝနာဒိတျ ဓမ္မရာဇာဘွဲ့ကို ခံယူသည်။ ရာဇဘိသိက်ပွဲ၌ ရှင်အရဟံကိုယ်တော်တိုင် ဦးစီးဆောင်ရွက်စေသည်။ ကျန်စစ်သားမင်းသည် စိတ်သဘောထား အလွန်ကြီးမြင့်သည်။ ရာဇဘိသိက်ပွဲသို့ ပျူ၊ မွန်၊ သက်၊ ဗမာ အစရှိသော အရာရှိကြီးငယ်တို့အား လူမျိုးခွဲခြားခြင်း မပြု။ အစုံအညီ တက်ခွင့်ပြုသည်။ ရာဇဘိသိက်ပွဲကျင်းပရာတွင် ဗုဒ္ဓဘာသာထုံးစံအတိုင်း ပရိတ်တော်ကိုလည်း ရွတ်စေသည်။ ဗြာဟ္မဏ ပုဏ္ဏားတို့ထုံးစံအတိုင်း ဗိဿနိုးနတ်ကိုလည်း ပူဇော်ခွင့်ပြုသည်။ နဂါးကိုးကွယ်သူတို့ ထုံးစံအတိုင်း နဂါးကိုလည်း ပူဇော်ခွင့်ပြုသည်။ နတ်ကိုးကွယ်သူတို့ ထုံးစံအတိုင်း နတ်ကိုလည်း ကခွင့်ပြုသည်။ ရာဇဘိသိက်ပွဲဆိုင်ရာ ပျော်ပွဲ၊ ရွှင်ပွဲများ၌လည်း ပျူတို့အား ပျူတို့ဘာသာအလိုက်၊ သက်တို့အား သက်တို့ဘာသာအလိုက်၊ မွန်တို့အား မွန်တို့ဘာသာအလိုက်၊ ဗမာတို့အား ဗမာတို့ဘာသာအလိုက် သီဆိုတီးမှုတ် ကခုန်ခွင့် ပြုလေသည်။

ကျန်စစ်သားမင်းဖြစ်၍ နှစ်နှစ်ရှိသောအခါ မထီးတူမသမ္ဘူလသည် လိုက်လာသည်။ အနော်ရထာမင်းလက်ထက်၌ မင်းမျက်သဖြင့် ကျန်စစ်သားသည် သမ္ဘူလတို့ထံတွင် ခိုလှုံနေထိုင်ခဲ့ရသည်။ ထိုစဉ် သမ္ဘူလနှင့် မေတ္တာမျှခဲ့သည်။ ကျန်စစ်သားမင်းဖြစ်သောအခါ သမ္ဘူလသည် သားယောကျ်ားလေး ဖွားမြင်ခဲ့သည်။ သားငယ်ကို လက်ဆွဲလျက် ကျန်စစ်သားပေးခဲ့သောလက်စွပ်ကို ယူဆောင်လျက် လိုက်လာသည်။ နန်းရင်ပြင်သို့ ရောက်သောအခါ မင်းချင်းတို့က နှင်ထုတ်ကြသည်။

သမ္ဘူလက "မင်းကြီးကို တွေ့ပါရစေ၊ လျှောက်ခွင့်ရှိပါသေးသည်"ဟုဆိုကာ မထွက်ခွာဘဲနေသည်။ မင်းချင်းတို့သည် ထိုအကြောင်းကို ကျန်စစ်သားမင်းကြီးအား လျှောက်သည်။ မင်းကြီးလည်း ခေါ်တော်မူသည်။ သမ္ဘူလနှင့် သားတော်ကိုမြင်လျှင် ဝမ်းမြောက်မဆုံး ရှိသည်။

မင်းကြီးက "ငါဆင်းရဲစဉ် သည်မိန်းမသည် ငါ့ကို ပြုစုလုပ်ကျွေးပေသည်" ဟူ၍ ကျေးဇူးသိစွာ၊ သစ္စာရှိစွာဖြင့် မှူးမတ်တို့အလယ်တွင် မိန့်တော်မူသည်။ သားတော်ကိုလည်း ရင်ခွင်ထက်၌ ထားတော်မူသည်။

သားတော်ကား နောင်အခါ ဂူပြောက်ကြီးကျောက်စာခေါ် မြစေတီကျောက်စာ

mgyoe.com

mgyoe.com
ကိုရေးထိုးမည့် ရာဇကုမာရ်ပင် ဖြစ်သည်။

ကျန်စစ်သားမင်းသည် သမ္ဘူလကို ဦးဆောက်ပန်းဟူသော အမည်ပေး၍ မိဖုရားမြှောက်လေသည်။ ကျန်စစ်သားမင်း၌ မိဖုရားလေးပါးရှိသည်။ ယင်းတို့မှာ အပယ်ရတနာ၊ ခင်ဦးခေါ် မဏိစန္ဒာ၊ ထီးလှိုင်ရှင်သမီး ခင်တန်နှင့် သမ္ဘူလခေါ် ဦးဆောက်ပန်းတို့ ဖြစ်ကြသည်။ အားလုံးကို သစ္စာနှင့်မေတ္တာကို အရင်းတည်ကာ မြတ်နိုးစွာဖြင့် မိဖုရားမြှောက်ခဲ့ခြင်းဖြစ်သည်။

ကျန်စစ်သားမင်းတွင် သားတော်၊ သမီးတော်ဟူ၍ နှစ်ပါးသာရှိသည်။ သမီးတော်ရွှေအိမ်သည်နှင့် သားတော်ရာဇကုမာရ်တို့ ဖြစ်ကြသည်။ အပယ်ရတနာနှင့်စုံဖက်ရာမှ ရွှေအိမ်သည်ကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် သမီးတော်ရွှေအိမ်သည်သည် တိုင်းတစ်ပါးမှ ပဋိက္ကရားမင်းသားနှင့် မေတ္တာမျှမိကြသည်။ ထိုအကြောင်းကို ကျန်စစ်သားမင်းကြီးကြားသိသော် မှူးမတ်တို့ကို ခေါ်ယူတိုင်ပင်သည်။

"ငါ့သမီးတော်ကို ပဋိက္ကရားမင်းသားနှင့် စုံဖက်ရသော် သင့်မည်လော၊ ငါ့အရှင်စောလူးမင်း၏ မြေးတော် စောယွန်းနှင့် စုံဖက်ရသော် သင့်မည်လော"

"အရှင့်သမီးတော်ကို ပဋိက္ကရားမင်းသားနှင့် စုံဖက်ရန်မသင့်ပါ။ အကယ်၍ စုံဖက်ပါသော် ကာလရှည်ကြာလျှင် ပုဂံပြည်သည် ကုလားပြည် ဖြစ်လေတော့မည်"

ကျန်စစ်သားမင်းသည် အမြော်အမြင်ကြီးသူဖြစ်ရာ မှူးမတ်တို့၏စကားကို နာယူသည်။ သမီးတော်ကို ပဋိက္ကရားမင်းသားနှင့် စုံဖက်တော်မမူ၊ စောယွန်းနှင့်သာ စုံဖက်တော်မူလေသည်။ နောင်အခါ ရွှေအိမ်သည်လည်း အလောင်းစည်သူကို ဖွားမြင်လေသည်။

ကျန်စစ်သားမင်းသည် ဗုဒ္ဓသာသနာတော် ထွန်းကားအောင်လည်း အထူးဆောင်ရွက်သည်။ မင်းကြီးသည် သူပုန်ရန်ကြောင့်ပျက်စီးခဲ့သော ပိဋကတ်ပေစာတို့ကို ပြန်လည်စုဆောင်း၍ တည်းဖြတ်စေသည်။ စေတီဘုရား၊ ဂူဘုရားများကိုလည်း ဆောက်လုပ်လှူဒါန်းသည်။ ထင်ရှားသောဘုရားများမှာ ရွှေစည်းခုံနှင့် အာနန္ဒာဘုရားတို့ ဖြစ်ကြသည်။

မင်းကြီးသည် ရှင်အရဟံ၏ မိန့်ကြားချက်အရ အနော်ရထာမင်း တည်လက်စဖြစ်သော ရွှေစည်းခုံစေတီတော်ကို အပြီးတည်တော်မူသည်။ တည်ရာတွင် ရှေးဦးစွာ တူရွင်းတောင်၌ရှိသော ကျောက်တို့ကို အလျားသုံးထွာ၊ အနံတစ်ထွာ ဖြတ်တောက် ရွှေခြမ်းစေသည်။ ထို့နောက် နိုင်ငံတော်အလုံး၌ရှိသော ရဲမက်ဗိုလ်ပါတို့ကို စုရုံးစေသည်။ ရွှေစည်းခုံ
mgyoe.com

ဘုရားမှသည် တူရွင်းတောင်တိုင်အောင် ထိုသူတို့ကို တစ်ဖက်လျှင်တစ်တန်းစီတန်းကာ နှစ်တန်းနေစေသည်။ ရွှေခြမ်းထားသောကျောက်တို့ကို လက်ဆင့်ကမ်းစေသည်။ အလွန်အလုပ်တွင်သည်။

ထို့နောက် အာနန္ဒာဘုရားကို တည်သည်။ အာနန္ဒာဘုရားသည် ပုဂံဘုရားများအနက် အလွန်တရာ အချိုးအစားကျနစ်၍ တင့်တယ်လှသည်။ ဖူးရသူတိုင်း ရင်သပ်ရှုမောမဆုံး ဖြစ်ကြရသည်။ ရှေးမြန်မာဗိသုကာ၏ အပြောင်မြောက်ဆုံးသောလက်ရာနှင့် အနုပညာလက်ရာတို့ကို အာနန္ဒာဘုရား၌ တွေ့ရသည်။

ထိုဘုရားကို ဟိမဝန္တာအရပ်၊ ဂန္ဓမာဒနတောင်မှကြွလာသော ရဟန္တာရှစ်ပါး၏ အကူအညီဖြင့် တည်ခဲ့သည်။ ဗိသုကာလေးရာ၊ အလုပ်သမားလေးသောင်းတို့က ဆောက်လုပ်ခဲ့ရသည်။ လက်ခမှာ ရွှေစင်လေးသိန်းပေးရသည်။ ဘုရားရှင်တို့၏ အနန္တပညာကို ရည်မှတ်ပူဇော်၍ တည်ဆောက်သဖြင့် အနန္တဘုရားဟု ဘွဲ့အမည်တပ်ခဲ့သည်။ ကာလကြာမြင့်သောအခါ အာနန္ဒာဘုရားဟု ခေါ်တွင်ခဲ့လေသည်။

ကျန်စစ်သားမင်းသည် မွန်–ဗမာ အမျိုးပြုသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အထူးဆောင်ရွက်ကာ ပြည်တွင်းငြိမ်းချမ်းရေးကို အရယူခဲ့သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများနှင့် သင့်မြတ်အောင် ဆက်ဆံခြင်းဖြင့်လည်း ပြည်ပငြိမ်းချမ်းရေးကို အရယူခဲ့သည်။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိ စေတီတော်မြတ်ပျက်စီးသည်တွင် ပြင်ဆင်ရန်နှင့် ဆီမီးထွန်းညှိပူဇော်နိုင်ရန် ရည်စူးကာ ကျန်စစ်သားမင်းသည် သင်္ဘောတစ်စင်းတွင် ရွှေ၊ ငွေ ဘဏ္ဍာ အလုံအလောက်ထည့်၍ အိန္ဒိယသို့စေလွှတ်သည်။ ထို့ပြင် သံတမန်များကို တရုတ်ပြည်သို့လည်း စေလွှတ်သည်။ တရုတ်ပြည် ဆွန်မင်းတို့သည် ကျန်စစ်သားမင်း၏ သံတမန်များကို ထီးဆောင်းတိုင်းပြည်ကြီးတစ်ပြည်မှ စေလွှတ်သော သံအမတ်များကဲ့သို့ ပြုစုကြလေသည်။

ကျန်စစ်သားမင်းလက်ထက် ပုဂံပြည်ကြီးတွင် ဗုဒ္ဓသာသနာ အခိုင်အမာ ပွင့်လန်းစည်ကားကြောင်းသတင်းသည် ဝေးလံလှသော တရုတ်နိုင်ငံသို့ပင် ပျံ့နှံ့ထင်ရှားသည်။ လင်ဝေတိုင် တရုတ်သမိုင်းတွင် "ပုဂံပြည်၌ ဘုန်းကြီးကျောင်းပေါင်း ရာပေါင်းများစွာရှိသည်။ ဘုန်းတော်ကြီးအားလုံးပင် အဝါရောင်သင်္ကန်းကို ခြုံကြသည်။ နံနက်စောစောတွင် ဘုရင် (ကျန်စစ်သားမင်း)သည် မှူးမတ်တို့နှင့် တွေ့ဆုံဆွေးနွေးသည်။ အမတ်တို့က ဘုရင်အား ဆက်သရန် ပန်းများ ကိုယ်စီယူခဲ့ကြသည်။ သံဃာတော်မထေရ်မြတ်တို့သည် "ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ"ဟု ပါဠိဘာသာဖြင့် ဆုတောင်းပတ္ထနာများကို

mgyoe.com
ရွတ်ဆိုကြသည်။ ဘုရင်မင်းမြတ်သည် ပန်းအချို့ကို ဦးခေါင်းထက်တွင်ပန်ဆင်၍ အချို့ကို ဘုန်းကြီးကျောင်းများသို့ ပို့လှူစေသည်။ အချို့ကို ဘုရားထံ ဆက်သစေသည်"ဟု ရေးသားထားလေသည်။

ကျန်စစ်သားမင်းသည် ထူးခြားမွန်မြတ်သော ပုဂ္ဂိုလ်ထူးလည်း ဖြစ်သည်။ စံပြဘုရင်၊ စံပြခေါင်းဆောင်လည်း ဖြစ်သည်။ သူသည် ထုံးတမ်းစဉ်လာအရ တစ်ဦးတည်းသော သားတော် ရာဇကုမာရ်ကို ထီးမွေ၊ နန်းမွေ ပေးရမည်ဖြစ်သည်။ သို့ရာတွင် မပေး။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထောက်ရှု၍ မြေးတော်သူ အလောင်းစည်သူကိုသာ ထီးမွေ၊ နန်းမွေပေးလေသည်။ ခေတ်သစ်သုတေသီတို့က အလောင်းစည်သူသည် သထုံမနူဟာမင်း၏ မြစ်တော်၊ နာဂသမန်းနှင့် ကျန်စစ်သားမင်း၏ သမီးတော် ရွှေအိမ်သည်တို့၏ သားတော်ဖြစ်သည်။ မွန်–ဗမာသွေးပါသူ ဖြစ်သည်။ ကျန်စစ်သားမင်းက မွန်–ဗမာ ချစ်ကြည်ရေးအတွက် အလောင်းစည်သူကို ထီးမွေ၊ နန်းမွေ ပေးခြင်းဖြစ်သည်ဟု ဆိုကြသည်။

သားတော် ရာဇကုမာရ်သည်လည်း အဖသားကောင်း ပီသလှသည်။ စိတ်ထားမွန်မြတ်လှသည်။ နိုင်ငံတော် စည်းလုံးညီညွတ်ရေးကို အဓိကထားခဲ့သည်။ ခမည်းတော်၏အစီအမံကို အကြည်အသာ လက်ခံလိုက်နာခဲ့ပေသည်။

ဆရာဇော်ဂျီက "ရာဇကုမာရ်မင်းသားသည် ကျန်စစ်သားမင်းကြီး၏ သားတော်ဖြစ်၍ ပုဂံပြည်ကြီး၏ ထီးမွေ၊ နန်းမွေ ဆက်ခံထိုက်သူ ဖြစ်လေသည်။ သို့ရာတွင် ခမည်းတော် ကျန်စစ်သားမင်းကြီးသည် ပုဂံပြည်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ပျူလူမျိုး၊ မွန်လူမျိုး၊ ဗမာလူမျိုးတို့ ကာလအဝွန့်ရှည်စွာ စည်းစည်းလုံးလုံး ရှိနိုင်မည့်အရေးကို မျှော်တွေးလျက် မြေးတော်(အလောင်းစည်သူ)သာ ထီးမွေ၊ နန်းမွေဆက်ခံစေဟု မိန့်တော်မူလေသည်။

ရာဇကုမာရ်သည် မိမိမှာ သားတော်ဖြစ်သောကြောင့် မိမိသာလျှင် ထီးမွေ၊ နန်းမွေခံထိုက်သူဟု ယူဆနိုင်သူဖြစ်လေသည်။ တစ်ဖန် ခမည်းတော်၏အမိန့်ကို ငြူစူ၍ ခမည်းတော်ကို ပုန်ကန်လျှင်လည်း ပုန်ကန်နိုင်သူ ဖြစ်လေသည်။ တစ်ဖန် ရာဇကုမာရ်ကသာ ပုန်ကန်လိုပါက ရာဇကုမာရ်ဘက်သို့ ပါမည့်သူလည်း နည်းမည်မဟုတ်ပါပေ။

သို့ရာတွင် ရာဇကုမာရ်သည် ခမည်းတော်မင်းကြီးကိုလည်း ချစ်ခင်မြတ်နိုး၍ ခမည်းတော်မင်းကြီး၏ ဆန္ဒကိုလည်း နှစ်သက်လေးစားသူ ဖြစ်လေသည်။ ထို့ကြောင့် ပုန်ကန်ရန် ကြံစည်ခြင်းမပြုဘဲ ခမည်းတော်မင်းကြီးချပေးသော လမ်းစဉ်ကိုသာ လိုက်နာ
mgyoe.com

mgyoe.com
လေသည်။

ခမည်းတော်မင်းကြီး လွန်တော်မူခါနီး တစ်နေ့သောအခါတွင် ရာဇကုမာရ် မင်းသားသည် ရွှေဆင်းတုတစ်ဆူသွန်းလုပ်၍ နာမကျန်းဖြစ်နေသော ခမည်းတော်မင်းကြီးထံသို့ ပင့်ဆောင်သွားလေသည်။ ထို့နောက် ခမည်းတော်မင်းကြီးအား ရွှေဆင်းတုကိုပြ၍ "ခမည်းတော်မင်းကြီး၏ ကျေးဇူးကြီးမားလှပါ၏။ ထိုကြီးမားလှသောကျေးဇူးကိုအောက် မေ့ကာ ကျွန်တော်သည် ဤရွှေဆင်းတုကို သွန်းလုပ်ပါသည်"ဟု လျှောက်လေသည်။

ထိုအခါ ခမည်းတော် ကျန်စစ်သားမင်းကြီးသည် ဝမ်းမြောက်ခြင်းဖြစ်၍ "သားတော်ကောင်းပေစွ...ကောင်းပေစွ...ကောင်းပေစွ"ဟု သာဓုသုံးကြိမ် ခေါ်တော်မူလေသည်။ ထို့နောက် ရာဇကုမာရ်သည် "ရွှေဆင်းတုကို ရေစက်သွန်းချလှူဒါန်းပါဘိ"ဟု တောင်းပန်၍ ခမည်းတော်လက်သို့ ရွှေဆင်းတုကို ပေးအပ်လေသည်။

မင်းကြီး ရေစက်သွန်းချ လှူဒါန်းပြီးသောအခါ ရာဇကုမာရ်မင်းသားသည် ဂူပြောက်ကြီးဘုရားကိုတည်၍ ရွှေဆင်းတုတော်ကို ဌာပနာလေသည်။

ထို့ပြင် လေးမျက်နှာရှိသောကျောက်တိုင်၌ ခမည်းတော် ကျန်စစ်သားမင်းကြီး၏ ကျေးဇူးတော်ကိုဖော်ပြ၍လည်းကောင်း၊ လှူရသော ထိုကောင်းမှုကုသိုလ်ကို အမျှပေးဝေကြောင်းကို လည်းကောင်း ဗမာဘာသာ၊ မွန်ဘာသာ၊ ပျူဘာသာ၊ ပါဠိဘာသာတို့ဖြင့်ရေးထွင်း၍ ကျောက်တိုင်စိုက်လှူဒါန်းလေသည်။ ထိုအခါ ပုဂံပြည်ရှိ ဗမာလူမျိုး၊ မွန်လူမျိုး၊ ပျူလူမျိုးတို့သည် ထိုကျောက်စာကိုဖတ်ရှု၍ ကျန်စစ်သား မင်းကြီးနည်းတူ ဝမ်းမြောက်ခြင်းဖြစ်ကြလေသည်ဟူ၍ ရေးသားဖော်ပြထားလေသည်။

ထိုကျောက်စာကား အခြားမဟုတ်။ ဂူပြောက်ကြီးကျောက်စာခေါ် မြစေတီ ကျောက်စာပင် ဖြစ်သည်။ မြန်မာ့သမိုင်းနှင့် မြန်မာစာပေသမိုင်းတွင် ထင်ရှားသောကျောက်စာဖြစ်ပေသည်။

ကျန်စစ်သားမင်းသည် ခရစ်နှစ် ၁၁၁၃ ခုနှစ်၊ သက်တော် ၇၀ ကျော်တွင် လွန်တော်မူသည်။ ကျန်စစ်သားမင်း လွန်တော်မူခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သို့ရာတွင် သူ့အမည်၊ သူ့စိတ်ဓာတ်၊ သူ့စေတနာ၊ သူ့ကောင်းမှု၊ သူ့ကျေးဇူးတို့ကား မပြယ်။ သင်းပျံ့ဆဲပင် ဖြစ်ပေသည်တကား။

mgyoe.com

mgyoe.com
(ကျမ်းကိုး)
၁။ ဦးကုလားမဟာရာဇဝင်။
၂။ ပြည်ထောင်စုသမိုင်းမှတ်တိုင်များ။ (မဟာဝိဇ္ဇာဘွဲ့ရ ဦးသိန်းဟန်)
၃။ မြန်မာနိုင်ငံတော်သမိုင်း။ (ဗိုလ်မှူးဘရှင်)
၄။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း။ (ဒေါက်တာကျော်သက်)
၅။ ပြည်ထောင်စုသမိုင်းပုံပြင်များ။ (ဇော်ဂျီ)
၆။ မင်းနှင့် စာဆို။ (တိုက်စိုး)
၇။ ကျွန်စစ်သားမင်း၏ ရွှေစည်းခုံမွန်ကျောက်စာ။ (မြန်မာဘာသာပြန်)၊ (ဦးဖေမောင်တင်)
၈။ မြန်မာ့စွယ်စုံကျမ်း။ (အတွဲ ၂)

■

mgyoe.com

mgyoe.com



mgyoe.com

# အလောင်းစည်သူ

တစ်ခါသော် ဗိုလ်ရှုသဘင်ခံတော်မူခိုက် ပုဂံမင်းတစ်ပါးသည် လက်ရုံးလက်မောင်းကို တန်း၍ ကြုံးဝါးတော်မူလိုက်သည်။ ဘုရင်သည် သက်တော် ၈၀ အရွယ်ရှိသဖြင့် လက်ဖျဉ်းကျနေသည်။ မှူးမတ်တို့ကကြည့်၍ ရယ်ကြ၏။

ဘုရင်ကလည်း "ငါ့ကို အိုမစွမ်းပြီဟု ရယ်ကြသည်၊ ငါ့အစွမ်းကို သိစေအံ့" ဟု စိတ်တွင်းက ဆိုလိုက်၏။

"ဟယ်...အမတ်တို့၊ လူဆိုးတစ်ယောက်သည် ဦးပေါင်းကျားဖြင့် မြင်းကျားကိုစီး၍ တူရွင်းတောင်ခြေရင်းမှာ နေဝင်လျှင် အနိုင့်အထက် လုယက်ဖျက်ဆီး သောင်းကျန်းနေသည်ဆိုသည်ကို သင်တို့ မကြားကုန်သလော၊ သင်တို့ အမတ်စစ်သူကြီးလေးယောက်က ရအောင်ဖမ်းချေ၊ မရသော် သင်တို့ကို သတ်အံ့ "ဟု မိန့်တော်မူလေသည်။

မင်းကြီးကား အခြားသူမဟုတ်။ အလောင်းစည်သူမင်းကြီးပင်တည်း။ မင်းကြီးလည်း ဤသို့ဆိုပြီးလျှင် လူဆိုးပုံ ရုပ်ဖျက်သည်။ ညနေ နေဝင်ရီတရောအချိန်၌ တောင်ခြေတွင် မြင်းစီးလျက်စောင့်နေ၏။

အမတ်စစ်သူကြီး လေးယောက်တို့သည်လည်း မြင်းကောင်းလေးစီးကို စီး၍ ရောက်လာကြသည်။ မင်းကြီးကို လူဆိုးအမှတ်ဖြင့် လိုက်ဖမ်းကြလေသည်။ မင်းကြီးသည် မြင်းကို ပူးတုံ့ခွာတုံ၊ ထွက်ချည်ဝင်ချည်စီးလျက် မြင်းရေးအမျိုးမျိုး စီးပြပြီးလျှင် မြင်းလေးစီးကို လွတ်အောင် တိုက်ဖောက်ထွက်သွားလေ၏။

စစ်သူကြီးတို့လည်း မိအောင်မဖမ်းနိုင်။ "သူကား လူမဟုတ်၊ နတ်ဘီလူး ဖြစ်တန်ရာ၏ "ဟု ကြောက်ရွံ့စိတ်လျှော့ပြန်ကြရလေသည်။

နောက်တစ်နေ့ညီလာခံတွင် မင်းကြီးက "ဟယ်...အမတ်တို့၊ မြင်းကျားနှင့်လူဆိုး

mgyoe.com

mgyoe.com
ကို သင်တို့ရခဲ့၏လော"ဟု မေးတော်မူသည်။ အမတ်စစ်သူကြီး လေးယောက်တို့က "အရှင်မင်းကြီး၊ ဤလူဆိုးသည် လူမဟုတ်ပါ။ နတ်ဘီလူး ဖြစ်တန်ရာပါသည်။ လူဖြစ်လျှင်လည်း အလွန် အစွမ်းသတ္တိနှင့်ပြည့်စုံ၍ ဘုန်းတန်ခိုးကြီးမားသူ ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့လေးဦးကို ထားပါဘိဦး၊ တစ်နိုင်ငံလုံးရှိ မြင်းစီးတို့နှင့် ဝိုင်း၍ဖမ်းသော်လည်း မိနိုင်မည်မဟုတ်ပါ"ဟု လျှောက်ကြသည်။

ဤတွင်မှ မင်းကြီးက "ဟယ်...အမတ်တို့၊ သင်တို့က 'ငါ့ကို အိုပြီ၊ မစွမ်းပြီ'ဟု ထင်မှတ်ကြသည်။ ငါ မအိုသေး" ဟု မိန့်တော်မူ၏။ ဤသို့ သိရလျှင် မှူးမတ်အပေါင်းတို့လည်း အလွန်ကြောက်ရွံ့ ရှိသေကြလေသည်။

အလောင်းစည်သူမင်းကြီးသည် ဘုန်းလက်ရုံးနှင့် ပြည့်စုံ၏။ ဆင်အတတ်၊ လေးအတတ်၊ မြင်းအတတ်တို့ကို အပြီးတိုင် တတ်တော်မူ၏။

မင်းကြီးသည် ကျန်စစ်သားမင်းကြီး၏ သမီးတော် ရွှေအိမ်သည်နှင့် စောလူးမင်း၏သားတော် စောယွန်းတို့၏ သားတော်ဖြစ်သည်ဟု မြန်မာရာဇဝင်တို့၌ ဖော်ပြသည်။ ခေတ်သစ်သုတေသီအချို့ကမူ အလောင်းစည်သူ၏ခမည်းတော်သည် မနူဟာမင်း၏မြစ်တော် နာဂသမန်းဖြစ်သည်ဟု ဆိုကြသည်။

ကျန်စစ်သားမင်းကြီးသည် သားတော်ရာဇကုမာရ်ကို ထီးနန်းမပေးဘဲ မြေးတော် အလောင်းစည်သူကိုသာ နိုင်ငံ့အရေးကိုထောက်ရှု၍ ထီးနန်းပေးခဲ့သည်။

မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်တွင် ကျန်စစ်သားမင်းကြီး နတ်ရွာစံသော် အလောင်းစည်သူ နန်းတက်သည်။ နန်းတက်ချိန်၌ အသက် ၁၅ နှစ်အရွယ်သာ ရှိသေးသည်။ နိုင်ငံတော်ကာကွယ်ရေးကို အနော်ရထာမင်းစောနှင့် ကျန်စစ်သားမင်းတို့က ဆောင်ရွက်ခဲ့သဖြင့် အင်အားတောင့်တင်းနေပြီ ဖြစ်သည်။ ထို့ကြောင့် အလောင်းစည်သူမင်းသည် နိုင်ငံခြားဆက်သွယ်ရေးကို အထူးအလေးပေး ဆောင်ရွက်ခဲ့လေသည်။ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေး ပိုမိုခရီးရောက်ခဲ့သည်။

ထို့နောက် ကုန်းလမ်းခရီးဖြင့် တရုတ်ပြည်သို့လည်း စွယ်တော်ပင့်ရန် သွားရောက်ခဲ့သည်။ စွယ်တော်ကိုကား မရခဲ့ပေ။

တွင်းသင်းမြန်မာရာဇဝင်သစ်တွင် "ထိုမင်းကြီးကား ငယ်စဉ်ကပင် **စည်းစိမ်ခံစား**ရ၍ ဆင်းရဲမှန်းမသိ။ **ဆိုးမ**ကွပ်ညှပ်၊ နှိပ်စက်ပြင်းပြသည်ဖြစ်သောကြောင့်လည်း**ကောင်း**၊ တိုင်းနိုင်ငံလုည့်ပတ်သည် များသောကြောင့်လည်းကောင်း၊ အသည်၊ အလာ၊ သင်းပင်း၊ ကျေးကျွန်၊ မင်းမှုထမ်းသူတို့ ပင်ပန်းလွန်း၍ ကျေးစွန်ရွာနား ပုန်ကန်သည့်များ၏။ သီချင်း၊ စည်၊ စောင်း၊ ငြင်းတို့ကို အလိုရှိ၍ ဆင်၊ မြင်းအရာတို့၌တတ်၏။
mgyoe.com

mgyoe.com
အဆင်းလှ၏ ”ဟူ၍ ဖော်ပြထားသည်။

အလောင်းစည်သူမင်းလက်ထက်တွင် မြန်မာနိုင်ငံတောင်ဘက်အစွန်းဒေသဖြစ်သော တနင်္သာရီ၌ ထကြွသောင်းကျန်းသဖြင့် ကိုယ်တော်တိုင် ချီတက်နှိမ်နင်းရ၏။ ရခိုင်တောင်ပိုင်းမှ သက်တို့၏ဘုရင်ကတုံ ထကြွသည်ကိုလည်း နှိမ်နင်းရ၏။ ရခိုင်ပြည်တောင်ပိုင်း၌ မင်းဘီလူးကို သူပုန်အမတ်တို့လုပ်ကြံခဲ့သည်။ မင်းဘီလူးဆုံးသည်တွင် မင်းဘီလူး၏သားဖြစ်သူ မင်းရဲဘယသည် အကူအညီရရန် ကျန်စစ်သား မင်းကြီးလက်ထက်ကပင်လာရောက်ခစားသည်။ အခွင့်မရခဲ့။ အလောင်းစည်သူ လက်ထက်တွင်မှ မင်းရဲဘယ၏သားတော် လက်ယာမင်းနန်သည် ရခိုင်ထီးနန်းကို ရရှိခဲ့သည်။

အလောင်းစည်သူမင်းကြီးသည် နိုင်ငံတွင်း၌ စည်းလုံးမှု ပိုမိုခိုင်မြဲစေရန် ကြိုးစားခဲ့သည်။ နိုင်ငံတော်အုပ်ချုပ်မှုနှင့် တရားစီရင်မှုတို့ တစ်ပြေးညီတည်းဖြစ်အောင် ကိုယ်တော်တိုင် ကြီးကြပ်ကြည့်ရှုဆောင်ရွက်သည်။ အများပြည်သူတို့ လိုက်နာကြရန် ဓမ္မသတ်ကို စီရင်ခဲ့သည်ဟု အဆိုရှိသည်။ အလောင်းစည်သူ၏ တရားစီရင်ထုံးတို့ကို စုဆောင်း၍ အလောင်းစည်သူဖြတ်ထုံးဟု ပြုစုရေးသားကြသည်။ ဤနည်းဖြင့် အုပ်ချုပ်မှုရေးရာများ လွယ်ကူလာအောင် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအရပ်ရပ်သို့ ကြွတော်မူ၍ ကန်၊ ချောင်း၊ ဆည်၊ မြောင်းများလည်း ပြုသည်။ နိုင်ငံတော်အစပ်တို့တွင် ကင်းတို၊ ကင်းရှည်များလည်း ထားတော်မူသည်။

အုပ်ချုပ်ရေး၌သာမဟုတ်၊ ကူးသန်းရောင်းဝယ်ရေး၌လည်း နိုင်ငံတော်အလုံး၌ အသုံးအဆောင် တစ်ညီတည်းဖြစ်စေရန် ချိန်၊ ကျပ်၊ ခွဲ၊ မတ်၊ မူး၊ ပဲတို့ကိုလည်းကောင်း၊ တင်း၊ ခွဲ၊ စိတ်၊ စရွတ်၊ ပြည်၊ ခွက် စသည်တို့ကိုလည်းကောင်း တညီတညွတ်တည်း ကိုက်ညီစေရန် မင်းမိန့်ဖြင့် ပြဋ္ဌာန်းသတ်မှတ်တော်မူသည်။

အလောင်းစည်သူမင်း၏ ရှည်လျားသောနန်းစံကာလတွင် ဖြစ်ပေါ်သည့် အရေးကြီးသောဖြစ်ရပ်များအနက် ထူးခြားသောအချက်တစ်ရပ်ကို ရွှေဂူကြီးဘုရား ကျောက်စာတွင် တွေ့ရသည်။ ရွှေဂူကြီးဘုရားသည် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုဖြစ်သည်။ ထိုဘုရား၏ ဝင်ပေါက် ဝဲယာနှစ်ဖက်တွင် မင်းကြီးသည် ပါဠိဘာသာဖြင့် ကျောက်စာနှစ်ချပ်ကို ရေးထိုးကပ်ထားသည်။ ကောက်နုတ်ဘာသာ ပြန်ရသော်...

“သံသရာရေလျဉ်ကို ကျော်ဖြတ်၍ တံတားခင်းပြီးလျှင် သတ္တဝါအပေါင်းအား နိဗ္ဗာန်ရွှေပြည်အရောက် ကူးမြောက်ကျော်လွန်စေပါအံ့။ မိမိကိုယ်တိုင် နိဗ္ဗာန်သောင်သို့ တက်လှမ်းရသည်ရှိသော် သံသရာရေလျဉ်၌ နစ်မွန်းနေကြကုန်သည့် သတ္တဝါတို့ကိုလည်း ဖေးကူတက်လှမ်းစေပါအံ့။ မိမိကိုယ်တိုင် နှစ်သိမ့်စေအပ်သည်ရှိသော် ထိတ်လန့်ချောက်
mgyoe.com

mgyoe.com
ချားနေသူတို့ကို အတုံ့အလှည့် နှစ်သိမ့်ပါလေအံ့။ နိုးကြားလေဘိတရားကို မြင်သိသောအခါ အိပ်မောကျနေသူတို့ကို နိုးကြားစေပါအံ့။ လောင်မြိုက်ခြင်းမှ ကင်းလွတ်ငြိမ်းအေးသည် ရှိသော် တစ်ပါးသူတို့ကိုလည်း ကိလေသာမီးတို့မှ ကယ်တင် ငြိမ်းအေးစေပါအံ့။ အနှောင် အဖွဲ့မှလွတ်သော တစ်ပါးသူတို့ကိုလည်း အလားတူ ကင်းလွတ်စေပါအံ့။ မြတ်သော တရား၏ အညွှန်အကြား ဖြင့် အမျက်ဒေါသကို ကင်းဝေးငြိမ်းအေးစေပါအံ့"

ထိုကျောက်စာအရ ပုဂံပြည်သူပြည်သားတို့သည် ဗုဒ္ဓဘာသာကိုးကွယ်မှုတွင် စိတ်အားထက်သန်စွာဆန်းစစ်၍ ကျေညက်စွာ တတ်မြောက်နားလည်ခဲ့ကြောင်း သိရ သည်။ ထိုကျောက်စာရေးထိုးသောအချိန်တွင် ပုဂံသားတို့သည် ပါဠိဘာသာ အသုံး အနှုန်းကိုသာ တတ်ကျွမ်းနားလည်သည်မဟုတ်။ ရှေးဟောင်းပါဠိစာပေများကိုပါ တတ်မြောက်ကြောင်း သိရသည်။

ပုဂံမြို့တော်တွင် ရဟန်းရှင်လူတို့သည် ပါဠိစာပေကို အပတ်တကုတ် ကြိုးစား ဆည်းပူးလိုက်စားခဲ့ကြောင်း သိရသည်။ ကျောက်စာအရ ထိုခေတ်အခါက ပုဂံသားတို့ သည် သံသရာဝဲဩဃမှလွတ်မြောက်ရန် ဗုဒ္ဓဘုရားရှင်ကဲ့သို့ လိုက်နာကျင့်သုံးလိုသည့် ဆန္ဒရှိကြောင်းသိရသည်။ ထိုမင်းလက်ထက်တွင် ပါဠိစာပေထွန်းကားသကဲ့သို့ မြန်မာ စာပေသည်လည်း ပင်ကိုဟန်ဖြင့် ဝေဆာပွင့်လန်းခဲ့သည်။

အလောင်းစည်သူမင်းလက်ထက်တွင် စာပေရေးရာ၌သာမက ဗိသုကာပညာရပ် တွင်လည်း တိုးတက်မှုရှိခဲ့သည်။ အလောင်းစည်သူမင်းတည်ခဲ့သော ရွှေဂူကြီးဘုရားသည် လွန်မင်းစွာကြီးမားလှသည်ကား မဟုတ်ချေ။ သို့သော် ထိုဘုရားကို ကြည့်ရှုခြင်းအားဖြင့် ပုဂံသားတို့သည် ဗိသုကာပညာရပ်ကို တက်ကြွစွာ လိုက်စားနေပြီဖြစ်ကြောင်း သိရသည်။

အလောင်းစည်သူမင်းသည် ရွှေဂူကြီးဘုရားကိုတည်ပြီးနောက် သဗ္ဗညုဘုရားကို တည်ဆောက်ခဲ့သည်။ သဗ္ဗညုဘုရားကြီးသည် ခမ်းနားကြီးကျယ်လှသည်။ ပေ ၂၀၁ ပေအထိ မိုးသို့ စွင့်စွင့်မြင့်မားလှသည်။ ဘုရားတွင် အခြေခံအုတ်မြစ်ကို အောက်ထပ် တစ်ထပ်ပြုလုပ်လိုက်ခြင်းဖြင့် အဆောက်အအုံတစ်ခုလုံး လွန်စွာ ရှုမောအံ့ဩဖွယ်ရာ ဖြစ်လေတော့သည်။ ယင်းသည် ဗိသုကာပညာအရာတွင် အလွန်ပြောင်မြောက်လှသည်။ ရှေးခေတ် ပုဂံသားတို့သာမက ယခုခေတ် မြန်မာနိုင်ငံသားများအပါအဝင် ကမ္ဘာလှည့်ခရီး သည်များသည် သဗ္ဗညုဘုရား၏ အထက်ပစ္စယံသို့တက်၍ ပုဂံရှုခင်းအလှကို ရှုကြည့်နိုင် ကြသည်။ ပုဂံရှုခင်းကို အံ့ချီးမဆုံး ရှိခဲ့ကြသည်။

အလောင်းစည်သူမင်းသည် နန်းတက်စအခါတွင် "ငါသည် ဘေးလောင်းတော်၊ ဘိုးလောင်းတော်မင်းတို့ထက် ဘုန်းကြီးသူဖြစ်သည်"ဟု ရာဇမာန် တက်ခဲ့ဖူးသည်။
mgyoe.com

mgyoe.com
ထို့ကြောင့် ရတ်ခြည်း မျက်စိကွယ်ခဲ့ဖူးသည်ဟု ဆိုကြသည်။ ဤတွင် နောင်တ တရားရကာ ပညာရှိမှူးမတ်တို့ ညွှန်ကြားချက်အရ ပုဂံတည်စ သမုဒ္ဒရာဇ်မင်းမှစ၍ ဘိုးတော်ကျန်စစ်သားမင်းတိုင် မင်း ၄၄ ဆက်နှင့် ခမည်းတော်တို့၏ ရုပ်တုများကို ပြုလုပ်ကာ ပူဇော်ရှိခိုးကန်တော့ရသည်။ ထိုအခါမှ မျက်လုံးများ ပြန်၍မြင်သည်ဟု ဆိုကြသည်။ ထိုသို့ကန်တော့စဉ်က ထိုရုပ်တုတို့အနက် ပျူစောထီး၊ အနော်ရထာ၊ ကျန်စစ်သား ဤရုပ်တုသုံးခုသာ ရပ်တည်နိုင်၏။ ကျန်ရုပ်တုတို့မှာ တုံးလုံးလဲသည်ဟု ဆိုကြ၏။

ဤသို့ ဘုန်းကံကြီးမားလှသော အလောင်းစည်သူမင်းသည် ပုဂံထီးနန်းကို နှစ်ပေါင်း ၇၀ ကြာ စိုးစံနိုင်ခဲ့သည်။ နန်းစံသက်တမ်း အနှစ် ၇၀၊ သက်တော် ၈၅ နှစ်တွင်မူ သားတော်ငယ် နရသူလုပ်ကြံ၍ နတ်ရွာစံတော်မူရှာသည်။

အလောင်းစည်သူမင်းတွင် ရာဇဘိသိက်ခံမိဖုရား လေးပါးရှိသည်။ ယင်းတို့မှာ (၁) ရတနာပုံမိဖုရား၊ (၂) တိလောကစန္ဒာဒေဝီမိဖုရား၊ (၃) ရာဇကုမ္မာရီမိဖုရား၊ (၄) တောင်ပြင်သည်မိဖုရားတို့ဖြစ်ကြသည်။ ရတနာပုံမိဖုရားတွင် သားတော်မင်းရှင်စောကို ဖွားမြင်သည်။ ရာဇကုမ္မာရီမိဖုရားတွင် သားတော်၊ သမီးတော်မရှိ။ တောင်ပြင်မိဖုရားတွင် သမီးတော်နှစ်ပါး ဖွားမြင်သည်။ အလောင်းစည်သူသည် ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ ခမ္မကျင်သမီးကိုလည်း ကိုယ်လုပ်တော်အဖြစ် ထားသည်။ ထိုကိုယ်လုပ်တော်မှ နရသူကို ဖွားမြင်သည်။

သားတော်ကြီးမင်းရှင်စောသည် တစ်နေ့သ၌ နန်းတော်သို့အခစားဝင်ရာ ပဋိက္ကရားကုလားမင်းသမီး မိဖုရားသည်ခမည်းတော်နှင့်အတူ သလွန်တော်ထက်တွင် နေ၏။ မင်းရှင်စောက "ဤကုလားမင်းသမီးသည် မိမိရှိခိုက်၌ သလွန်ထက်မှ မဆင်းဘဲနေရသလော" ဟု အမျက်ထွက်သည်။ မခစားဘဲ ထွက်ခဲ့၏။

တစ်ကြိမ်တွင်လည်း မင်းကြီးက အထိန်းတော်သား အနန္တသူရိယအား မင်းသားတို့သာ ဝတ်ဆင်ထိုက်သောဝတ်လုံကို ပေးထား၏။ အနန္တသူရိယသည် ထိုဝတ်လုံကိုဝတ်၍ မင်းပွဲသို့တက်သည်။ မင်းရှင်စောက "အရာဌာနမဟုတ်၊ အဝတ်နှင့်မတန်"ဟု ချွတ်လဲစေသည်။

မင်းကြီးကြားသိရသော် "ဤသို့ မခံ့မညား ပြုရာသလော"ဟု မင်းရှင်စောကို နှင်ထုတ်လိုက်သည်။ မင်းရှင်စောသည် ထွန်တုံးပုတက်အရပ် (ယခု မန္တလေး အရှေ့ဘက်) သို့ သွားရောက်၍ မြို့ရွာတည်ထောင်နေသည်။

သားတော်ကြီးမင်းရှင်စောမရှိလျှင် သားတော်ငယ်နရသူသည် တိုင်းရေးပြည်မှုကို ကြည့်ရှုရ၏။ ထိုစဉ် မင်းကြီး မကျန်းမမာရှိတော်မူရာ ယုတ်မာဆိုးသွမ်းသော နရသူသည်
mgyoe.com

mgyoe.com
ခမည်းတော်ကို နန်းကချ၍ ရွှေဂူကြီးဘုရားအတွင်းသို့ ပို့ထား၏။

မင်းကြီးသတိရ၍ "ငါ့နန်းတော် မဟုတ်ပါတကား"ဟု မိန့်တော်မူ၏။ ကိုယ်လုပ်တော်တို့က "နန်းတော်မဟုတ်၊ ကောင်းမှုတော် ရွှေဂူကြီးဘုရားတည်း။ သားတော်နရသူအတတ်"ဟု လျှောက်ကြသည်။ ထိုအခါ မင်းကြီးသည် ကြီးစွာသော အမျက်ရှိသည်ဖြစ်၍ ကိုယ်တော်အလုံး မီးကဲ့သို့ဖြစ်၏။ ဤတွင် သားတော်နရသူလည်း "မင်းကြီးသည် အနာမှ ထမြောက်တော်မူသော် ငါ ပျက်စီးခြင်းသို့ ရောက်လိမ့်မည်"ဟု အကြံဖြစ်၏။ သို့ဖြင့် မင်းကြီးကို အဝတ်၊ ပုဆိုးတို့ဖြင့် ဖိ၍သတ်၏။ အချို့သော ရာဇဝင်တို့ကမူ မင်းကြီးကို ဘူးစင်အောက်မှာထား၍ ဘူးစင်နှင့် ဖိ၍သတ်သည်ဟု ဆိုသည်။

အလောင်းစည်သူမင်းကြီးသည် ရင်နာဖွယ် အနိစ္စရောက်ရှာသည်။ အဖသတ်သား နရသူသည် ခမည်းတော် အလောင်းစည်သူကိုသာမက နောင်တော် မင်းရှင်စောကိုလည်းသတ်၍ နန်းတက်သည်။ မကြာပါချေ။ အဖသတ်သော နရသူသည် ကုလားသတ်၍ အနိစ္စရောက်ခဲ့သည်။ ကုလားကျမင်းဟု အမည်တွင်လေသတည်း။

(ကျမ်းကိုး)

၁။ မဟာရာဇဝင်ကြီး (ပထမတွဲ)။ (ဦးကုလား)
၂။ တွင်းသင်းမြန်မာရာဇဝင်သစ်။ (ပထမတွဲ) (တွင်းသင်းတိုက်ဝန် မဟာစည်သူ)
၃။ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ။ (ဦးဖိုးကျား)
၄။ ခေတ်မီ မြန်မာရာဇဝင်အကျဉ်း။ (ဦးဖိုးကျား)
၅။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း။ (ဒေါက်တာကျော်သက်)
၆။ ပုဂံစေတီပုထိုးများ။ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)
၇။ မြန်မာ့စွယ်စုံကျမ်း။ (အတွဲ-၁၄)

■

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

# ပံ့သကူမထေရ်

မူလက ပံ့သကူမထေရ်သည် သပိတ်သည်၏သားဖြစ်သည်။ ဗုဒ္ဓတရားတော်ကို လွန်စွာယုံကြည်မြတ်နိုးသဖြင့် ရဟန်းပြုသည်။ ရဟန်းဘဝသို့ ရောက်သောအခါ အကျင့်သီလနှင့် အထူးပြည့်စုံအောင် ကျင့်ကြံအားထုတ် နေထိုင်တော်မူသည်။

အရှင်မြတ်သည် လူအများလှူဒါန်းသော ကထိန်သင်္ကန်းကိုပင် လက်မခံ။ သုသာန်၌ စွန့်ပစ်ထားသော လူသေကောင်တို့အား ဖုံးလွှမ်းသော အဝတ်တို့ကိုသာ ကောက်ယူလျက် သင်္ကန်းအဖြစ်ဝတ်ရုံသည်။ တစ်နည်းအားဖြင့် ပံ့သကူသင်္ကန်းကိုသာ အသုံးပြုတော်မူသည်ဟု ဆိုရမည်။ ထို့ကြောင့် ပုဂံပြည်သူတို့က အရှင်မြတ်အား "ပံ့သကူမထေရ်"ဟု ခေါ်ဝေါ်ကြလေသည်။ ရိုသေစွာ ကိုးကွယ်ဆည်းကပ်မှုလည်း ပြုကြပေသည်။

တစ်နေ့သ၌ "ငစွယ်ငယ်" အမည်ရှိသော သူငယ်တစ်ဦးသည် သူငယ်ဖော်များနှင့်အတူ နွားကျောင်းထွက်သည်။ ယင်းသို့ နွားကျောင်းထွက်စဉ် ငစွယ်ငယ်က အဖော်များအား "အချင်းတို့ နင်တို့လည်း ကုသိုလ်ဖြစ်စေ၊ ငါလည်း ကုသိုလ်ဖြစ်စေအောင် ငါပြုမည်၊ ယခုပင် ငါ သေဟန်ဆောင်မည်၊ ငါ့ကိုယ်ပေါ်သို့ အဝတ်ပုဆိုးတို့ကို နင်တို့လွှမ်း၍ ပံ့သကူမထေရ် အရှင်ထံသွားပါ။ ပံ့သကူကောက်တော်မူပါဟု လျှောက်ပါ"ဟူ၍ ဆို၏။

သူငယ်ဖော်တို့လည်း ငစွယ်ငယ်ဆိုတိုင်းပြု၍ ပံ့သကူမထေရ်ထံ သွားရောက်လျှောက်ထားကြသည်။ အရှင်မြတ်လည်း ငစွယ်ငယ်ရှိရာ သုသာန်သို့ကြွ၍ ကိုယ်၌လွှမ်းထားသောပုဆိုးကို ပံ့သကူကောက်တော်မူသည်။ ထိုစဉ် ငစွယ်ငယ်လည်း လူသေအစစ်ဖြစ်၍ အသက်မရှူ ဖြစ်ဘိ၏။

သူငယ်ဖော်များသည် ထိတ်လန့်တကြားဖြင့် ငစွယ်ငယ်၏မိဘအိမ်သို့သွား၍ အကြောင်းစုံကို ပြောပြကြသည်။ ငစွယ်ငယ်၏မိဘများနှင့်အတူ ဆွေမျိုးသားချင်းများ

mgyoe.com

mgyoe.com
သည် အရှင်မြတ်ထံ လျင်မြန်စွာသွား၍ ဖြစ်ပျက်ပုံကို လျှောက်ထားကြသည်။ ထိုအခါ အရှင်မြတ်သည် ငစွယ်ငယ်ထံကြွလျက် ပရိတ်တော်ရေဖြင့် ဖျန်းပက်ပေးသည်။ တစ်ခဏ အတွင်းမှာပင် ငစွယ်ငယ်လည်း အသက်ပြန်ရှင်လာသည်။ အရှင်မြတ်ကို ထ၍ ရှိခိုးလေ သည်။ ငစွယ်ငယ်၏ မိဘတို့ကလည်း ငစွယ်ငယ်ကို အရှင်မြတ်အား လှူလေသည်။ ဤတွင် ပုံ့သကူမထေရ်သည် "ပုံ့သကူငစွယ်ရှင်"ဟူ၍လည်း တွင်ပြန်လေသည်။

ပုံ့သကူမထေရ်ကို မင်းနှင့်တကွ ပြည်သူတို့သည် လွန်စွာ ကြည်ညိုကြသည်။ အလောင်းစည်သူမင်းလက်ထက်တွင် ရှင်အရဟံမထေရ် ပျံလွန်တော်မူသောအခါ ပုဂံပြည် ၏ သာသနာ့ဦးသျှောင်အဖြစ် ပုံ့သကူမထေရ်ကိုပင် တင်မြှောက်ကြသည်။

အရှင်မြတ်သည် မင်းနှင့်ပြည်သူတို့ကို ဆုံးမလျက် ငြိမ်းချမ်းစွာ သီတင်းသုံး နေထိုင် လာရာမှ နရသူမင်းလက်ထက်တွင် မပြေမလည် ဖြစ်တော်မူရှာပေသည်။

ဖြစ်ပုံကား ဤသို့တည်း။

အလောင်းစည်သူမင်း၌ သားတော်သုံးဦးရှိသည်။ အကြီးမှာ မင်းရှင်စော ဖြစ်သည်။ အလတ်မှာ နရသူဖြစ်သည်။ တစ်ခါသော် မင်းကြီးမျက်သဖြင့် မင်းရှင်စောသည် ပြည်နှင် ဒဏ် ခံရသည်။ မင်းရှင်စောလည်း ယခု မန္တလေးအရှေ့ဘက် ထွန်တုံးပုတက်အရပ်သို့ ထွက်ခွာသွားကာ ပြည်ရွာတည်ထောင်နေရ၏။

မင်းရှင်စောမရှိသော် မင်းကြီးသည် တိုင်းရေးပြည်မှုတို့ကိုစီမံရန် နရသူကို လွှဲအပ် သည်။ နရသူကား သူသွမ်းတည်း၊ ရက်စက်သည်၊ ကောက်ကျစ်သည်၊ အလိုရမ္မက်ကြီး သည်။ ထီးနန်းကိုလိုသဖြင့် မကျန်းမမာဖြစ်နေသော ခမည်းတော်အား ရွှေဂူကြီးဘုရား သို့ပို့ကာ မျက်နှာကို အဝတ်တို့ဖြင့်အုပ်ဖိသတ်လေသည်။

ခမည်းတော် မရှိပြီဟုကြားသော် မင်းရှင်စောသည် ထီးနန်းကိုယူရန် ပုဂံသို့ အလုံး အရင်းနှင့် ချီလာသည်။ နောင်တော်၏အင်အားကို နရသူသည် မတုပြိုင်နိုင်သဖြင့် အကောက်ကြံလေတော့သည်။ ကြံပုံကား ပုဂံပြည်၏ သာသနာ့ဦးသျှောင်ဖြစ်သော ပုံ့သကူမထေရ်ထံချဉ်းကပ်လျက် နောင်တော်ကို မိမိ နန်းတင်ပါမည်။ နောင်တော်တစ်ပါး တည်း ကြွရောက်လာရန် ခေါ်ပါချေ။ ညီနောင်နှစ်ဦး စစ်ခင်းနေပါက ပြည်ရေးမသာဖြစ် တော့မည်ဟု ဆိုလေသည်။

အရှင်မြတ်ကလည်း "ငါခေါ်၍ ရောက်သောအခါ နောင်တော်အား မင်း မမြှောက်ဘဲနေဘိမူကား ငါ ရဟန်းတရားနှင့်မညီ ရှိကော့မည်"ဟု မိန့်တော်မူသည်။ နရသူကလည်း "နောင်တော်ရောက်လျှင် နောင်တော့်ခြေကိုထမ်း၍ နန်းတင်ပါမည်" ဟု သစ္စာကြီးစွာ ပြု၏။ အရှင်မြတ်လည်း နရသူသစ္စာပြုသည်ကို ယုံကြည်သဖြင့်
mgyoe.com

mgyoe.com
မင်းရှင်စောကို သွားရောက်ခေါ်သည်။ အရှင်မြတ်၏ စကားကိုကြားသော် မင်းရှင်စော လည်း ယုံကြည်စွာဖြင့် လိုက်ပါခဲ့သည်။ မင်းရှင်စောရောက်သော် နရသူသည် သစ္စာပြု သည့်အတိုင်း နန်းကားတင်ခဲ့၏။ သို့သော် ဘိသိက်သွန်းပြီးညမှာပင် နောင်တောင်ကို အဆိပ်ကျွေးသတ်ကာ နန်းကိုယူလိုက်လေ၏။

ထိုအကြောင်းကို ပုံ့သကူမထေရ်ကြားသော် ဆိတ်ဆိတ်မနေခဲ့ပေ။ ချက်ချင်းပင် နရသူထံ ကြွရောက်လျက် "ဟယ်... မင်းဆိုးမင်းညစ်၊ နင်ကား သံသရာဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်၊ ဤစည်းစိမ်ကိုရလျှင် နင်၏ကိုယ်ခန္ဓာသည် မအို၊ မသေပြီဟူ၍ မှတ်သည်လော၊ လောကတွင် နင့်ထက်ပျက်သောမင်းမည်သည်ကား မရှိ"ဟူ၍ မိန့်တော် မူ၏။ နရသူကလည်း "အရှင်မြတ်သို့ သစ္စာခံသည့်အတိုင်း နောင်တော့်သန်လျက်ကို ထမ်း၍ နန်းတင်ပါ၏တကား"ဟူ၍ ဆို၏။ အရှင်မြတ်ကလည်း "လူ့ပြည်တွင် နင့်ထက် ဆိုးရွားညစ်ညမ်းသောသူ မရှိ"ဟု မိန့်တော်မူသည်။

ထို့နောက် အရှင်မြတ်သည် နရသူ၏ ကောက်ကျစ်မှု၊ ရက်စက်မှုတို့ကို စက်ဆုပ် သဖြင့် နရသူမင်းပြုသော ပုဂံပြည်တွင် မနေတော့။ သိန်းခိုကျွန်းသို့ ကြွရောက် သီတင်းသုံး နေထိုင်လေသည်။

မကြာမီပင် နရသူမင်းလည်း ကုလားတို့ လုပ်ကြံသတ်ဖြတ်ခြင်းကိုခံရကာ ရာဇဝင် တွင် "ကုလားကျမင်း"ဟူ၍ အမည်တွင်ခဲ့လေသည်။

ပုံ့သကူမထေရ်အရှင်သည် သိန်းခိုကျွန်းတွင် နှစ်အတန်ကြာ သီတင်းသုံးနေထိုင်ခဲ့ ရာမှ နရပတိစည်သူမင်းလက်ထက်တွင် ပုဂံပြည်သို့ ပြန်လည် ကြွလာတော်မူခဲ့လေသည်။

တစ်ခါသော် နရပတိစည်သူမင်းသည် စူဠာမဏိစေတီတည်ရန် ကြီးမားသော ချောက်ကြီးတစ်ခုကို ပုဂံပြည်သူတို့အား အပြင်းအပြ မြေဖို့စေ၏။ ပုဂံပြည်သူတို့မှာ လွန်စွာ ပင်ပန်းဆင်းရဲကြသည်။ အလုပ်အကိုင် ပျက်ကြသည်။

ဤသို့ ဖြစ်ရသည်ကို ပုံ့သကူမထေရ်မြင်သော် ပြည်သူတို့ကို များစွာ ကရုဏာ ဖြစ်မိသည်။ သာသနာတော်အတွက်ပြုသော ကုသိုလ်ကောင်းမှုဖြစ်သည်ကား မှန်သည်။ သာသနာ့ဝန်ထမ်းဖြစ်သော မိမိအနေဖြင့် ဝမ်းသာလှိုက်လှဲကြိုဆိုရမည့် အမှုလည်း ဖြစ်သည်ကားမှန်သည်။ သို့ရာတွင် တစ်ဖက်ပြည်သူတို့ကို ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်စေလျက်ပြုသော အလှူမျိုးသည်ကားမသင့်ဟု ယူဆခဲ့သည်။ သို့ဖြင့် အရှင်မြတ်သည် နရပတိစည်သူမင်းထံ ကြွလျက် "မင်းကြီး၊ ကောင်းမှု ဖြစ်စိမ့်မည်ဟူ၍ ယခုပြုသော အမှုသည်ကား ကောင်းမှုမဖြစ်၊ မကောင်းမှုသာ ဖြစ်သည်"ဟူ၍ မိန့်တော်မူ၏။ ထိုမျှသော် မက မင်းကြီးလှူသောဆွမ်းကို မခံယူဘဲ သပိတ်မှောက်နေ၏။
mgyoe.com

mgyoe.com

ဤတွင် နရပတိစည်သူမင်းကြီးက "ဘုန်းတော်ကြီး ငါ့ဆွမ်းကို ဘုဉ်းပေးတော်မမူသော် ငါ့ပြည်တွင် နေတော်မမူသည်ဖြစ်မှ လွတ်တော်မူမည်၊ ပြည်သူတို့ လှူသောဆွမ်းသည်လည်း ငါ့ဆွမ်းမဟုတ်တုံလော"ဟု ဆို၏။

ထိုအခါ အရှင်မြတ်သည် သိန်းခိုကျွန်းသို့ကြွသွားရန် ရည်ရွယ်ချက်ဖြင့် ဇွယ်ကြိုးအရပ်တောကြီးဝယ် ခေတ္တပြောင်းရွှေ့ သီတင်းသုံးနေရလေသည်။

ဤတွင် ပုဂံပြည်သူတို့ မခံမရပ်နိုင် ဖြစ်လာကြသည်။ ဘုရင့်အပြုအမူကို ကန့်ကွက်သောအားဖြင့် ဆန္ဒပြမှုများပင် ပေါ်ပေါက်လာခဲ့သည်။ ဦးကုလားမဟာ ရာဇဝင်ကြီးတွင် "သခင်မြတ် ပုံ့သကူမထေရ်သွားခဲ့လျှင် သရပါတံခါးဝယ်စောင့်သော ဘီလူးတစ်ယောက်သည် မင်းကြီးထွက်တော်မူသောအခါ မလွှဲဘဲ တံခါးထက်ဝယ် ကားရားရပ်လျက်နေဘိ၏။ မင်းကြီးလည်း သမားဟူးရားတို့ကို ခေါ်တော်မူ၍ ဆေးဝါးမန္တရားတို့ဖြင့် အထွေထွေပြုစေ၏။ ဘီလူးလည်း မလွှဲဘဲနေဘိ၏။ ထိုအကြောင်းကို မြင်တော်မူလျှင် ဟူးရားဖြူ ဟူးရားညိုတို့ကို ခေါ်တော်မူ၍ ဘီလူးမလွှဲဘဲနေကြောင်းကို မေးတော်မူ၏။ ဟူးရားဖြူ ဟူးရားညိုတို့လည်း သခင်မြတ် ပုံ့သကူမဟာထေရ်ကို မသင့်မတင့်သောစကားဖြင့် မိန့်တော်မူ၍ ပုံ့သကူမဟာထေရ် ကြွလေသောကြောင့် ဘီလူးမလွှဲဘဲနေသည်ဟု နားတော်လျှောက်၏"ဟူ၍ ရေးသားဖော်ပြထားသည်။

မင်းကြီးလည်း စိုးရွံ့လာကာ အမတ်တို့အား အရှင်မြတ်ကို လိုက်၍ ပင့်ခေါ်စေသည်။

အရှင်မြတ်ကား ကြံ့ခိုင်လှသည်။ အမတ်တို့ အကြိမ်ကြိမ် လာပင့်သော်လည်း မလိုက်ပါခဲ့။ နောက်ဆုံး တုရင်္ဂပစ္စည်းအမတ် ဉာဏ်ဆောင်၍ပင့်မှ လိုက်ပါတော်မူခဲ့သည်။ ဉာဏ်ဆောင်ပုံကား တုရင်္ဂပစ္စည်းသည် ဘုရားရုပ်တုတစ်ဆူကို လှေတွင် တင်၍ အရှင်မြတ်ထံသွား၏။ ရောက်သော် "လှေတွင် ဘုရားသခင်ပါသည်၊ အရှင်မြတ် ကြွလာစေသတည်း" ဟု လျှောက်၏။ အရှင်မြတ်လည်း ဘုရားကို ရိုသေမှုဖြင့် လှေပေါ်သို့ကြွ၍ ဦးခိုက်၏။ ထိုအခိုက် တုရင်္ဂပစ္စည်းသည် လှေကိုခွာ၍ အပြင်းလှော်လျက်ထွက်လေရာ ဆရာတော်လည်း ပုဂံသို့ ပါလာခဲ့ရလေသည်။

နရပတိစည်သူမင်းကြီးလည်း မိမိအပြစ်ကို ဆရာတော်ထံ ဝန်ချတောင်းပန်ရလေသည်။ ထိုအကြောင်းကို ဦးကုလားမဟာရာဇဝင်ကြီးတွင် "မင်းကြီးလည်း အမတ်အပေါင်းခြံရံလျက် ခရီးဦးကြိုနှင့်၏။ လှေတော် ဒွါရထက်မှ သခင်မြတ် လက်တော်ကိုမ၍ နန်းတော်သို့ဆောင်လေ၏။ တံခါးသို့ ရောက်တော်မူလေသောအခါ ဘီလူးလည်း တံခါးမှဆင်း၍ သခင်မြတ်ကို ဦးချနှင့်၏။ နန်းတော်သို့ရောက်လျှင် မင်းကြီးလက်တော်နှင့် ဆွမ်းကိုပြင်၍

mgyoe.com

mgyoe.com
လုပ်ကျွေးတော်မူ၏။ "ယနေ့မှစ၍ သခင်မြတ် အဆုံးအမတော်ကို ခံပါတော့မည်"ဟူ၍ လျှောက်ထား၍ ဓေယျသူရ၊ ဓေယျသိခ်၊ ရာဇသု၊ ဂင်္ဂသူ၊ ပျံချီဟူသော သားတော်ငါးပါးတို့ကို လှူတော်မူလေ၏"ဟူ၍ ရေးသား ဖော်ပြထားလေသည်။

နရပတိစည်သူမင်းကြီး၏ ကောင်းမှုဖြစ်သော "စူဠာမဏိ"စေတီတော်သည် ယနေ့တိုင် ပုဂံ၌ အထင်အရှား တည်ရှိနေသည်။ ထိုစူဠာမဏိစေတီ၏ အရှေ့မြောက်ထောင့် အရပ်တွင် စူဠာမဏိစေတီပုံမျိုးအတိုင်း လိုဏ်နှစ်ဆင့်ဖြင့်တည်ထားသော စေတီတစ်ဆူရှိသည်။ ထိုစေတီမှာ စူဠာမဏိစေတီပြီးနောက် ကြွင်းကျန်သောအုတ်တို့ဖြင့် တည်ဆောက်ထားသော စေတီဖြစ်သည်။ ကုသိုလ်ရှင်ကား နရပတိစည်သူမင်းပင်။ စေတီ၏ဘွဲ့တော်ကို "သပိတ်မှောက်ဘုရား"ဟူ၍ ခေါ်ကြသည်။ စူဠာမဏိစေတီ တည်ရာတွင် နရပတိစည်သူမင်း၏ အပြုအမူကို ပံ့သကူမထေရ်က သပိတ်မှောက်သည်ကိုအစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ဆိုကြပေသည်။

(ကျမ်းကိုး)

၁။ ဦးကုလားမဟာရာဇဝင်။ (ပထမတွဲ)
၂။ မှန်နန်းရာဇဝင်။ (ပထမတွဲ)
၃။ မြန်မာ့ဂုဏ်ရည်။ (ဦးဖိုးကျား)
၄။ ပုဂံစေတီပုထိုးများ။ (သမိုင်းဌာန၊ ရန်ကုန်ကက္ကသိုလ်)

■

mgyoe.com



mgyoe.com

mgyoe.com

# ရာဇသင်္ကြံသားအဖ

ရာဇသင်္ကြံ
ပညာလျှံ
ပုဂံပြည်လုံးကဲ။
(ကဝိလက္ခဏာသတ်ပုံ)

"ထို"ခနဲ တံတွေးထွေးသံကြားရပြီး တစ်ပြိုင်တည်းမှာပင် မိမိအင်္ကျီလက်မှာ ကွမ်းသွေးများ ပေကျံသွားတော့သည်။

အမတ်ကြီးသည် ကွမ်းသွေးထွေးသူကို လှည့်ကြည့်လိုက်ရာ အိမ်ရှေ့မင်းသားဖြစ်နေသည်ကို တွေ့ရသည်။ အိမ်ရှေ့မင်းသား နောက်မှလာသည်ကို မမြင်မိ၍ အင်္ကျီလက်ကို မသိမ်းမိ။ ထိုအခါ အိမ်ရှေ့မင်းက ရိုင်းပျစွာဖြင့် အမတ်ကြီး၏ အင်္ကျီလက်ပေါ်သို့ ကွမ်းသွေးထွေးချလိုက်လေသည်။

"အရှင်မင်းသားလာသည်ကို မသိ၍ အင်္ကျီဖျင် လက်မသိမ်းမိပါ"

အမတ်ကြီးက သည်လိုပြောသော်လည်း အိမ်ရှေ့မင်းသားက နှုတ်မပြေ။ အမတ်ကြီးကို သုန်မှုန်၍သာ ကြည့်နေသည်။

သည်ကား ပုဂံခေတ် ဥဇနာမင်း (၆၁၂-၆၁၇)လက်ထက်တွင်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ပင်။ အမတ်ကြီးကား ပညာရှိအမတ်စစ်သူကြီး ရာဇသင်္ကြံ။ အိမ်ရှေ့မင်းသားကား ဥဇနာမင်း၏သားတော် သီဟသူ။

အမတ်ကြီး ရာဇသင်္ကြံသည် ရှက်လည်းရှက်သည်။ မခံချိ မခံသာလည်း ဖြစ်သည်။ သို့ရာတွင် အိမ်ရှေ့မင်းသားဆိုသည်မှာ ကြောက်ရွံ့လေးစားရမည့်သူဖြစ်သဖြင့် ငုံ့ခံလိုက်

mgyoe.com

mgyoe.com
ရသည်။ သို့ဖြင့် သူသည် ကွမ်းသွေးပေသောအင်္ကျီကို သေတ္တာတွင်း၌ ကောင်းစွာသိမ်းဆည်းထားလိုက်လေသည်။

ထိုအကြောင်းကို သီဟသူ၏ညီတော် မင်းခွေးချေး ကြားသိသည်။ မင်းခွေးချေးသည် သီဟသူနှင့် အဖတူ အမိကွဲဖြစ်သည်။ မင်းခွေးချေး၏မယ်တော်မှာ မြစ်သာရွာသူ ပန်းပွတ်သည်၏သမီးဖြစ်သည်။ ရုပ်ရည်ချောမောလှပသည်။ ဥဇနာမင်းကြီး မြင်တွေ့သောအခါ နှစ်သက်သဖြင့် ကောက်ယူခဲ့သည်။ သို့ဖြင့် မင်းခွေးချေးကို ဖွားမြင်ခဲ့သည်။

မင်းခွေးချေးသည် ရာဇသင်္ကြံထံ ကွမ်းသီးခိုင်လက်ဆောင်ပေး၍ ကွမ်းသွေးထွေးခံရသဖြင့် ဝမ်းနည်းကြောင်း ပြောဆိုလာသည်။

"အဘိုး မစပါ"ဟူ၍လည်း ဆိုသည်။

ရာဇသင်္ကြံကလည်း "အရှင့်သား၊ အခွင့်သင့်ပါက ပုဂံထီးနန်းသည် အရှင့်သားအတွက် ဖြစ်စေရပါမည်"ဟု ဆိုလိုက်သည်။

မင်းခွေးချေးလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားသည်။

တစ်နေ့တွင် ဥဇနာမင်းသည် ဒလမြို့သို့သွား၍ ဆင်အောက်ရာတွင် ဆင်ထိ၍ အနိစ္စရောက်သည်။

အိမ်ရှေ့မင်း သီဟသူသည် မင်းပြုရန်စီစဉ်သည်။ ထိုအခါ ရာဇသင်္ကြံက "အရှင့်သား ခမည်းတော်သည် တိုင်းစွန်ပြည်ဖျား၌ လွန်တော်မူသည်။ သင်္ဂြိုဟ်တော်မူသော သင်္ချိုင်းတော်ကို အချို့မှူးမတ်တို့သာ ဦးတိုက်ရသေးသည်။ ကျန်မှူးမတ်များစွာတို့ ဦးမတိုက်ရသေး။ ကျွန်တော်တို့၊ မှူးမတ်တို့ ခမည်းတော် သင်္ချိုင်းတော်ကို သွားရောက်ဦးတိုက်လိုပါသေးသည်။ ပြန်မှ ဘိသိက်ခံတော်မူပါ"ဟူ၍ လျှောက်ထားသည်။

သီဟသူလည်း ယုံကြည်သောကြောင့် ခွင့်ပြုလိုက်သည်။ "ဦးတိုက်ပြီးသော် အလျင်အမြန် ပြန်ခဲ့"ဟူ၍လည်း မှာလိုက်သည်။

ဥဇနာမင်းကို သင်္ဂြိုဟ်ရာအရပ်သို့ မှူးမတ်စုံညီရောက်ကြသောအခါ ရာဇသင်္ကြံက ယခင်ကသိမ်းထားသည့် ကွမ်းသွေးပေနေသောအင်္ကျီကို ထုတ်ပြသည်။

"အမတ်တို့ ကမ္ဘာဦးက ငှက်အပေါင်းတို့သည် ခင်ပုပ်ငှက်ကို မင်းမြှောက်မည် တိုင်ပင်ကြသည်။ ထိုအခါ ပညာရှိငှက်တို့က ခင်ပုပ်ငှက်သည် အမျက်မထွက်ဘဲနှင့်ပင် ကြောက်ဖွယ်လိလိရှိသည်။ အမျက်ထွက်သော် ပူလောင်သောအိုးကင်းကဲ့သို့ရှိမည်ဟု ဆိုခဲ့ကြသည်။

ယခုလည်း သီဟသူကို မင်းမြှောက်သည်ရှိသော် ပြည်ရွာအလုံး ခက်လေတော့မည်။ သီဟသူသည် အမျက်စောင်မာန်ကြီး၏။ အငြိုးအစူလည်း ပြင်း၏။ သူ့သားမယား
mgyoe.com

ကိုလည်း မျက်မှန်းကျိုးတတ်၏။ လောဘသက္ကာယလည်း ကြီး၏။ သစ္စာစကားကိုလည်း မစောင့်။ အမတ်တို့ကို ထားဘိဦး။ ငါ အမတ်ကြီးဖြစ်သူကိုမျှ မထောက်ထား ရိုင်းပျစော်ကားခဲ့ဖူး၏"

သည်လိုဆိုကာ သီဟသူ ကွမ်းသွေးထွေးခဲ့ပုံကို ပြန်ပြောပြ၏။

အမတ်တို့လည်း "သီဟသူသည် မင်းမဖြစ်ခင်ကပင် အမတ်ကြီးကဲ့သို့သော သူကို ဤသို့ မထောက်မချင့်ပြုခဲ့သည်။ မင်းဖြစ်ပြီးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း"ဟူ၍ အချင်းချင်း ဆိုကြ၏။

ထို့နောက် မှူးမတ်အားလုံး တစ်စိတ်တစ်ဝမ်းညီကာ သီဟသူကို ဖမ်းဆီးကြသည်။ ညီတော်မင်းခွေးချေးကို နန်းတင်ကြသည်။

မင်းခွေးချေးလည်း "နရသီဟပတေ့"အမည်ကိုခံ၍ နန်းတက်သည်။ မိဖုရားစောကိုပင် မိဖုရားမြှောက်သည်။ နရသီဟပတေ့ကား အမျက်ကြီးသည်။ အစားကြူးသည်။

နရသီဟပတေ့သည် အမတ်ကြီး ရာဇသင်္ကြံ၏ကျေးဇူးကြောင့် မင်းဖြစ်လာခဲ့သည်။ သို့ရာတွင် ရာဇသင်္ကြံကို ကျေးဇူးမဆပ်ခဲ့။ စောင်မကြည့်ရှုခြင်း မပြုခဲ့။ သည်တွင် ရာဇသင်္ကြံက မကျေနပ်။ ဘုရင်ကို နှိမ်လိုသဖြင့် ညီလာခံဝင်ရာတွင် ပန်းကန်ပဲ့ကို ကိုင်ဆောင်၍ အခစားဝင်လေသည်။ ထိုအခါ နရသီဟပတေ့က အကျိုးအကြောင်းမေးသည်။

"အဘိုးရာဇသင်္ကြံ၊ အဘယ်ကြောင့် ပန်းကန်ပဲ့ကို အသုံးပြုရသနည်း"

"အရှင့်သား၊ ပန်းပွတ်သည်မသားများ သူကောင်းဖြစ်နေသောကြောင့် ပန်းပွတ်မည့်သူ မရှိပါ။ ထို့ကြောင့် ပန်းကန်ပဲ့ကိုပင် အသုံးပြုရပါသည်"

နရသီဟပတေ့သည် ပန်းပွတ်သည်မျိုးဖြစ်သည်။ ထိုစကားကို ကြားသောအခါ အမျက်ထွက်တော့သည်။

"အဘိုး ရာဇသင်္ကြံ၊ ဂူထွတ်ကိုတင်သောအခါ အဘယ်အရာနှင့် တင်ပါသနည်း"

"အရှင့်သား၊ ဂူထွတ်ကို ငြမ်းလုပ်၍ တင်ရပါသည်"

"ဂူထွတ်အထက်သို့ရောက်သော် ငြမ်းကို မည်သို့ပြုလေသနည်း"

"အရှင့်သား၊ ဂူထွတ်အထက်သို့ရောက်ပြီးသော် ငြမ်းကိုဖျက်ရပါသည်။ ထိုမှသာ ဂူထွတ်တင့်တယ်ပါသည်"

"အဘိုး ရာဇသင်္ကြံ၊ ငါကား ဂူထွတ်နှင့်တူ၏။ သင်ကား ငြမ်းနှင့်တူ၏။ ဂူထွတ်အထက်သို့ရောက်သကဲ့သို့ ငါ မင်းအဖြစ်သို့ရောက်ပြီ။ ငြမ်းနှင့်တူသော သင့်ကိုဖျက်မှ ဂူထွတ်နှင့်တူသော ငါသည် တင့်တယ်တော့မည်"

သည်လိုဆိုကာ နရသီဟပတေ့သည် ရာဇသင်္ကြံ၏ စည်းစိမ်၊ ဆင်၊ မြင်း၊ သင်း

mgyoe.com

mgyoe.com
ပင်း၊ အခြွေအရံတို့ကို သိမ်းယူသည်။ အမတ်ကြီးကို ဒလမြို့သို့ ပို့လိုက်လေသည်။

ရာဇသင်္ကြံသည် ဒလမြို့သို့သွားရစဉ် လမ်းခရီး၌ မုန်တိုင်းကျသည်နှင့် ကြုံတွေ့သည်။ မုန်တိုင်းလေကြောင့် သစ်ပင်ကြီးများ ကျိုးပွဲသည်။ ရေပန်းပြားပင်များကား မကျိုး၊ မပွဲ၊ မလဲ။ လေနှင့်လိုက်၍ ယိမ်းနွဲ့နေသည်။ ထိုအခြင်းအရာကို ရာဇသင်္ကြံမြင်သော် သံဝေဂယူမိသည်။

"ရာဇသင်္ကြံ၊ နင်ကား ရေပန်းပြားပင်လောက်မျှ မလိမ္မာ၊ ရေပန်းပြားပင်ကား လေလိုက်ယိမ်းသောကြောင့် ဘေးမထိ၊ သစ်ပင်ကြီးကဲ့သို့ နင်ပြု၍ ဘေးရောက်ရတော့သည်" ဟု မိမိကိုယ်ကို မြည်တမ်း၏။

အမတ်ကြီးအား ဒလသို့ပို့သောမင်းချင်းတို့ ပုဂံသို့ ပြန်ရောက်သောအခါ မင်းကြီးက "ရာဇသင်္ကြံအမတ် မည်သို့ဆိုသနည်း"ဟု မေး၏။ မင်းချင်းတို့ကလည်း ရာဇသင်္ကြံ မြည်တမ်းသောအကြောင်းကို လျှောက်ထားကြ၏။ မင်းကြီးလည်း မည်သို့မျှမဆို။ ခပ်မဆိတ်နေလေသည်။

အမတ်ကြီး ရာဇသင်္ကြံသည် နှလုံးရည်နှင့် ပြည့်စုံသည်သာမက လက်ရုံးရည်နှင့်လည်း ပြည့်စုံသည်။ စစ်ရေးစစ်ရာတွင်ကျွမ်းကျင်သော အမတ်စစ်သူကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ရာဇသင်္ကြံကို ဒလသို့ပို့ပြီဟုကြားလျှင်ပင် လက်အောက်ခံ နယ်ပယ်များက ထကြွသောင်းကျန်လေတော့သည်။ မစ္ဆဂိရိစားကလည်း ပုန်ကန်သောင်းကျန်းသည်။ မုတ္တမစားငရွှေကလည်း ခြားနားပုန်ကန်သည်။

နရသီဟပတေ့မင်းလည်း တိုင်ပင်ဖက် အမတ်ပညာရှိ မရှိသောကြောင့် မှိုင်နေရလေသည်။ သည်တွင် မိဖုရားဖွားစောက ရာဇသင်္ကြံကို ဒလမှပြန်ခေါ်ရန် အကြံပေးသည်။ နရသီဟပတေ့လည်း လက်ခံလိုက်သည်။ အမတ်တစ်ယောက်အား "အမတ်ကြီး ရာဇသင်္ကြံကို လှေလျင်ဖြင့် အမြန်ခေါ်ချေ"ဟူ၍ စေလိုက်သည်။

အမတ်ကြီးရာဇသင်္ကြံသည် အခေါ်လွှတ်သောလှေလျင်နှင့် ပုဂံသို့ ဆန်တက်လာသည်။ လမ်းခရီးတွင် တံငါလှေများနှင့် ဆုံတွေ့သည်။ တံငါတို့က အမတ်ကြီးကို လေးစားမြတ်နိုးသဖြင့် ငါးများပေးဆက်သည်။ တံငါလှေတစ်စင်းတွင် မြကျောက်တစ်လုံးကို မြင်တွေ့သည်။ သူတို့က ဂရုမထားဘဲ လှေဝမ်းထဲ၌ စွန့်ပစ်ထားသည်။ အမတ်ကြီးက အကျိုးအကြောင်း မေးမြန်းသည်။

"အချင်းတို့၊ သည်မြကျောက်ကို ဘယ်က ရသနည်း"

"ကျွန်တော်တို့ ကွန်ပစ်ရာတွင် ရခဲ့ပါသည်။ တန်ဖိုးမရှိပါ။ ကလေးတို့ကစားရန် အတွက် ယူဆောင်ခဲ့ခြင်း ဖြစ်ပါသည်"

mgyoe.com

mgyoe.com

"အချင်းတို့၊ သည်မြကျောက် ငါ့ကို ရောင်းပါ"

"အရှင် အဖိုးအခပေးရန်မလို၊ ယူတော်မူပါ"

ရာဇသင်္ကြံသည် မြကျောက်ကို သေချာစွာ ပွတ်သပ်ကြည့်သောအခါ အရောင်အဝါထွန်းပ၍ အတိုင်းမသိ အဖိုးထိုက်တန်နေသည်ကို တွေ့ရသည်။ သည်တွင် သူသည် တံငါတို့အား ဆုလာဘ်များစွာပေး၍ မြကျောက်ကို ယူလာခဲ့သည်။

နန်းတော်သို့ရောက်သောအခါ ရာဇသင်္ကြံက မင်းကြီးအား မြကျောက်ကို ဆက်သည်။ မင်းကြီးက လွန်စွာနှစ်သက်လှသဖြင့် "အဘိုး၊ သည်မြကျောက်ကို ဘယ်ကရသနည်း" ဟု မေးသည်။ အမတ်ကြီးက "ဘုန်းတော်ကြောင့် တံငါတို့ထံမှ ကျွန်တော်ရခဲ့ပါသည်"ဟူ၍ ဆို၏။

မင်းကြီးက "အဘိုးကို ငါ မျက်တော်မူမိသည်။ နှလုံးမသာ မရှိပါနှင့်" ဟူ၍ တောင်းပန်ပြောဆိုသည်။ ထို့နောက် သိမ်းယူထားသော စည်းစိမ်ဥစ္စာ၊ ဆင်၊ မြင်း၊ သင်းပင်း၊ ခြွေရံပဟူသမျှကို ပြန်ပေးသည်။ ထို့ပြင် ကျေးလက်၊ ဆင်၊ မြင်း၊ ထီး၊ စလွယ်၊ ကွမ်းတောင်းကွမ်းခွက် စသည်တို့ကို အသစ်ထပ်မံပေးသည်။

အမတ်ကြီးရာဇသင်္ကြံလည်း မစ္ဆဂီရိစားပုန်ကန်သည်ကို နှိမ်နင်းရန် အတွင်းသင်းမှူး သရေသစ္စပတေ့ကို ဆင်၊ မြင်း အလုံးအရင်းနှင့် ချီစေသည်။ မိမိကိုယ်တိုင်လည်း မုတ္တမစားခြားနားသည်ကို နှိမ်နင်းရန် ဆင်၊ မြင်း အလုံးအရင်းနှင့်ချီသည်။

မုတ္တမစားငရွှေလည်း အမတ်ကြီးရာဇသင်္ကြံ ချီလာပြီဟုကြားသော် မြို့စွန်ကျေးလက်တွင်နေသောသူတို့ကို တောင်ထိပ်မြို့သို့ သွင်း၍ခံသည်။ ရာဇသင်္ကြံလည်း နွားကို ခြံလှောင်သကဲ့သို့ တောင်ထိပ်မြို့လုံးပတ်လည်ကို ဝန်းရံသည်။ တပ်တည်သည်။ နေ့ညဉ့်မပြတ် တိုက်ခိုက်သည်။ မြို့တွင်းမှာ ဗိုလ်ပါထူထပ်များလှသောကြောင့် ကျပ်တည်းကာ အချင်းချင်းထိခိုက်ရှုနာကြသည်။ ထို့ပြင် မြို့တွင်း၌ထွက်သော ရေလည်း မသောက်လောက်။ မြို့ပြင်သို့ထွက်၍လည်း ရေမယူနိုင်။ ခုနစ်ရက်၊ ရှစ်ရက်ခန့်ကြာလျှင်ပင် မြို့တွင်းသားတို့ ငတ်မွတ်ရှားပါးလာကြသည်။ မြို့ပြင်သို့ ထွက်၍ ရာဇသင်္ကြံ၏တပ်များထံ ခိုဝင်လာကြသည်။ သို့ဖြင့် မုတ္တမမြို့အလုံးကို ရရှိလေသည်။

ရာဇသင်္ကြံလည်း မုတ္တမ၌ အခြေအနေကောင်းအောင် စီရင်သည်။ အလိမ္မာအမတ်ကို ကျေးစားထားခဲ့သည်။ မုတ္တမစားငရွှေကိုမူ ကွပ်မျက်ခြင်းမပြု။ သား၊ မယား၊ ကျေးကျွန်၊ ဆင်၊ မြင်းနှင့်တကွ ယူဆောင်၍ ပုဂံသို့ပြန်လာခဲ့သည်။

ဤသို့ ရာဇသင်္ကြံ စစ်အောင်ခဲ့သော်လည်း သရေသစ္စပတေ့မှု စစ်မအောင်။ အစီအမံပေါ့လျော့သဖြင့် မစ္ဆဂီရိသို့မရောက်ခင်တွင်ပင် တပ်လန့်ပြီး တပ်ပျက်တော့သည်။

mgyoe.com

mgyoe.com
တပ်သားများ ထွက်ပြေးကြသည်။ မထိန်းနိုင်။

မင်းဘူးဆိပ်တွင် ရာဇသင်္ကြံနှင့် သရေသစ္စပတေ့တို့ ဆုံမိကြသည်။ ရာဇသင်္ကြံသည် အကြောင်းစုံ ကြားသိသောအခါ...

“အဆွေ...သစ္စပတေ့၊ စစ်ပျက်သား နာလှသည်။ ထိုအကြောင်းကို မင်းကြီးအား အလျင်မကြားလေစေနှင့်ဦး။ ငါ စစ်နိုင်သည့်အကြောင်းကို လျှောက်မည်။ လက်ဆောင်လက်နက်များဆက်ပြီး၍ မင်းကြီး ဝမ်းသာရွှင်ပျရှိနေမှ အမျက်တော်ပြေမည့်အကြောင်းကို ငါလျှောက်မည်”

ထိုသို့ဆိုကာ ရာဇသင်္ကြံသည် အလျင်ဆန်တက်သွားသည်။ သစ္စပတေ့လည်း နောက်ချန်ကျန်ခဲ့သည်။ သို့ရာတွင် သစ္စပတေ့တပ်ပျက်ကြောင်းကို မင်းကြီး ကြားသိနေနှင့်ပြီ။ “ရန်သူနှင့် မတိုက်ရဘဲ၊ စစ်ပျက်သော စစ်သူကြီးမျိုးကို လူ့ပြည်တွင် ထားသင့်ပါသလော”ဟုဆိုကာ ပြင်းစွာ အမျက်ထွက်သည်။ ညောင်ဦးအုတ်လှအား သစ္စပတေ့ကို သတ်ရန် စေလွှတ်လိုက်သည်။

ရာဇသင်္ကြံ အမတ်ကြီးတွင် သားနှစ်ယောက်ရှိသည်။ အကြီးမှာ ပုဂံအုတ်လှ၊ အငယ်ကား ညောင်ဦးအုတ်လှ၊ သူတို့နှစ်ဦးလုံးပင် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံကြသည်။ မင်းက ချီးမြှောက်ထားသည်။

ကံအားလျော်စွာ လမ်းခရီး ပခန်းငယ်တွင် အဖရာဇသင်္ကြံနှင့် သားငယ် ညောင်ဦးအုတ်လှတို့ တွေ့ကြသည်။ ရာဇသင်္ကြံသည် အကျိုးအကြောင်း ကြားသိရသောအခါ “ငါ့သားမွန်၊ ငါကစေသူမရောက်ဘဲ လက်မလွန်ပါစေနှင့်၊ သစ္စပတေ့အတွက် မင်းကြီးကို ငါလျှောက်ထားဦးမည်”ဟူ၍ မှာကြားသည်။ အုတ်လှလည်း အဖဆိုတိုင်း ပြုပါမည်ဆိုကာ ဆက်လက်ထွက်ခွာသွားသည်။

ရာဇသင်္ကြံလည်း ပုဂံသို့ အပြင်းဆန်သည်။ နရသီဟပတေ့ထံ ရောက်သောအခါ မုတ္တမစားငရွှေနှင့်တကွ သားမယား၊ သုံ့ပန်း၊ ဆင်၊ မြင်း စသည် ရသမျှတို့ကို ဆက်သည်။ မင်းကြီးလည်း အားရလှသဖြင့် ရာဇသင်္ကြံကို ဆုလာဘ်များစွာပေးသည်။ ကျန်ဗိုလ်ပါအပေါင်းကိုလည်း ဆုလာဘ်ပေး၍ သူကောင်းမြှောက်သည်။

ထိုသို့ ဘုရင်ဝမ်းမြောက်ဝမ်းသာ ရှိနေခိုက်တွင်မှ ရာဇသင်္ကြံက သစ္စပတေ့အသက်ကို ချမ်းသာပေးရန် လျှောက်ထားသည်။

“အရှင်၊ ကျွန်တော်မျိုးအပေါင်းသည် ဇမ္ဗူဒီပါကျွန်းအလုံးကို အရှင့်နိုင်ငံ ဖြစ်စေချင်ပါသည်။ သို့ရာတွင် ဆန္ဒရှိ၍ ကြိုးစားတိုင်းလည်း မဖြစ်ပါ။ တရားတော်၌ ဖြစ်တတ်သော သဘောတရားလည်း ပျက်တတ်၏။ ပျက်တတ်သော သဘောတရားလည်း
mgyoe.com

ဖြစ်တတ်၏။ ထိုသို့ ဖြစ်တတ်ပျက်တတ်သော သဘောတရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင် အမြဲရှိသည်ဟု ဆိုပါသည်။ စစ်ထိုးရာတွင် နိုင်မည်ထင်သော စစ်လည်း ရှုံးတတ်၏။ ရှုံးမည်ထင်သောစစ်လည်း နိုင်တတ်၏။ ကာလဒေသ ပယောဂဟူသော နေ့ရက်၊ အချိန်၊ အရပ်အနေ၊ အစီအမံ လုံ့လဝီရိယသာ အရင်းဖြစ်သည်။ သရေသစ္စပတေ့ကို ခွင့်လွှတ်သင့်ပါသည်"

"သစ္စပတေ့ကိုသတ်ရန် ငါ အုတ်လှကိုစေလိုက်ပြီ။ လက်မလွန်သော် လွှတ်စေတော့"

ဤသို့လျှင် ရာဇသင်္ကြံ၏ကြိုးပမ်းမှုကြောင့် သစ္စပတေ့သည် အသက်မှ ချမ်းသာရာရခဲ့ပေသည်။

နတ်တော်လသို့ရောက်သောအခါ မင်းကြီးက မစ္ဆဂိရိကိုတိုက်ခိုက်ချေမှုန်းရန် ရာဇသင်္ကြံနှင့် အခြားစစ်သူကြီးသုံးဦးကို ဆင်မြင်းဗိုလ်ပါ အလုံးအရင်းနှင့် ချီစေသည်။

ရာဇသင်္ကြံက မချီမီ "ငါသည် မစ္ဆဂိရိစားကျွန်ဆိုးကို မရသရွေ့ ပုဂံသို့ ပြန်မလာတော့ပြီ"ဟုဆိုကာ ချီတက်သွားလေသည်။

မစ္ဆဂိရိသို့ ရောက်သောအခါ ရာဇသင်္ကြံအမှူးပြုသော ရဲမက်တော်တို့သည် ကျေးစွန်ရွာလက်ကို ရှေးဦးစွာ တိုက်ခိုက်ဖျက်ဆီးကြသည်။ မစ္ဆဂိရိစားကလည်း တောင်ထက်တွင် အခိုင်အလုံပြုကာ ကြံ့ကြံ့ခံသည်။ ရာဇသင်္ကြံတို့ကလည်း တောင်ပတ်လည်ကို ဝန်းရံထားသည်။ တပ်ခိုင်တပ်လုံပြု၍ ရန်သူတို့ မထွက်နိုင်အောင် ပိတ်ဆို့ထားသည်။ ရဲမက်တော်တို့ ငတ်မွတ်၍ သစ်သီးသစ်မြစ်သာ စားရသည်။ မြို့တွင်းသားတို့မှု ဖွဲမှုပင်မစားကြရ။ ငတ်မွတ်ကြသည်။ မစ္ဆဂိရိစားလည်း အလွန် ကြောက်ရွံ့ထိတ်လန့်သွားသည်။ အညံ့ခံ၍ အသက်ကို ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်စေသည်။

ထိုအကြောင်းကို ရာဇသင်္ကြံ၏သားငယ် ညောင်ဦးအုတ်လှကိုပင် ဘုရင့်ထံ သံတော်ဦးတင်စေရန် ပုဂံသို့လွှတ်လိုက်သည်။ အုတ်လှသည် စလင်းသို့ရောက်လျှင် လှေလျင်စီး၍ နေ့ညမပြတ် ဆန်တက်သည်။

နရသီဟပတေ့လည်း စစ်က ဆက်စာတမန်မရောက်သဖြင့် စစ်အခြေအနေကို သိလိုသောကြောင့် တမျှော်မျှော်ရှိနေသည်။ ထိုနေ့က နန်းတော်လေသာကိုဖွင့်၍ ဧရာဝတီမြစ်ဘက်သို့ လှမ်းမျှော်ကြည့်စဉ် လောကနန္ဒာအကွေ့၌ ရွက်ဖွေးဖွေးလွှင့်၍ ဆန်လာသော လှေတစ်စင်းကို မြင်တွေ့လိုက်သည်။

ထိုလှေကား စစ်ကလာသောလှေဖြစ်မည်ဟု ခန့်မှန်းမိသည်။ သိလိုဇောဖြင့် မြင်းသည်တော်တစ်ဦးကို အမြန်သွားရောက် မေးစေသည်။ ထိုအခါ အုတ်လှက စစ်သတင်းကို

mgyoe.com

mgyoe.com
မလျှောက်။ "ကျွန်တော် အုတ်လှလာသည်"ဟုသာ လျှောက်စေသည်။ မြင်းသည်တော်လည်း ထိုအတိုင်းလျှောက်၏။

ထိုအခါ မင်းကြီးက "ငါ ကြောင့်ကြတော်မူ၍ အလျင်မေးစေသည်။ စစ်ရေးကိုကား မလျှောက်၊ ကျွန်တော် လာသည်ဟူ၍သာ လျှောက်သည်။ လျှောက်သင့်ပါသလော။ ငအုတ်လှငယ်ကို သတ်လေ"ဟူ၍ သူသတ်တို့ကို စေလိုက်သည်။

သူသတ်တို့လည်း ဓားများစွဲကိုင်ကာ အုတ်လှ၏လှေကို တက်ကြသည်။ အုတ်လှကမြင်၍ မေးသောအခါ ဘုရင့်အမိန့်တော်အရ သတ်ရန်လာကြောင်း ပြောပြကြသည်။

အုတ်လှက "အရေးတော်ကောင်းလှသည်။ ဘုရင့်ကို လျှောက်ပါရစေဦး။ နောက်မှ သတ်ပါ"ဟု ဆိုသည်။ သူသတ်တို့လည်း မသတ်သေးဘဲ အုတ်လှဆိုတိုင်း မင်းကြီးကို ပြန်လျှောက်ကြသည်။

သည်တွင် မင်းကြီးက "အုတ်လှငယ်ကို လာစေဦး"ဟူ၍ မိန့်မှာလိုက်သည်။

အုတ်လှလည်း မင်းကြီးရှေ့တော်သို့ရောက်လျှင် မိမိဦးခေါင်းကို ထုပ်သော မျက်သုတ်အဝတ်ကို ဖွင့်ပြ၏။ သူ၏ဆံပင်တို့ ဆွေးမြည့်လှသည်ဖြစ်၍ ဦးသျှောင်နှင့်တကွ အထွေးထွေးကျလာ၏။ ကျသောဆံတွင်လည်း သန်းနှင့်ကျိုကျို ရှိနေသည်။

အုတ်လှက "အရှင့်အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းပါသည်ကို အရှင် မြင်တော်မမူ။ လွယ်လင့်တကူ မလျှောက်သာသောကြောင့် ကျွန်တော် မလျှောက်လိုက်ပေသည်"ဟူ၍ လျှောက်၏။

မင်းကြီးလည်း "ဟုတ်လှပေသည်"ဟုဆိုကာ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းလေသည်။ မောင်းမတို့အား အုတ်လှ၏ ဆံရှိ သန်းတို့ကိုရှာစေသည်။ ဆီနံ့သာ သုတ်ပြီးသော်ဆံကိုသင်စေသည်။ ဦးသျှောင်ထုံးစေသည်။ ဆတ္တာသည်တို့အား အုတ်လှ၏ ဆံမုတ်ဆိတ်တို့ကို ရိတ်စေသည်။ ထို့နောက် ရေမိုးချိုးခြင်း၊ နံ့သာလိမ်းခြင်း၊ အဝတ်ကောင်း ဝတ်စေခြင်းတို့ကို ပြုစေသည်။ ရှေ့တော်မှာပင် ကောင်းမွန်သောအစာတို့ကို စားစေသည်။

ပြီးမှ အကြောင်းမျိုးစုံကို လျှောက်စေသည်။ မင်းကြီးသည် စစ်အောင်ကြောင်းကြားသိရသဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ အုတ်လှကို ဆုလာဘ်များစွာ ပေးသည်။

"မဇ္ဈဂိရိစားနှင့်တကွ တစ်မြို့လုံးကို သစ္စာတော်ပေးလေ။ သားနှင့်ညီကို ပုဂံသို့ ခေါ်ခဲ့"ဟူ၍ မှာကြားကာ အုတ်လှကိုပင် လွှတ်လိုက်သည်။

အုတ်လှသည် နေ့ညမနား ခရီးပြင်းချီခဲ့ပြန်သည်။ ရောက်သော် မင်းကြီး မှာကြားချက်ကို ပြောပြသည်။ ရာဇသင်္ကြံတို့ကလည်း မင်းကြီးမှာသည့်အတိုင်းပင် ပြုကြသည်။
mgyoe.com

mgyoe.com
ထို့နောက် မစ္ဆဂိရိစား၏ သား၊ ညီနှင့်တကွ ဆင်ကောင်း၊ မြင်းကောင်းတို့ကိုယူ၍ ပြန်လာကြသည်။ ဒလသို့ရောက်သောအခါ အမတ်ကြီး ရာဇသင်္ကြံသည် ပြင်းစွာနာမကျန်း ဖြစ်လာလေတော့သည်။ သူသည် စစ်အောင်လိုသဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင် ရွက်ခဲ့သည်။ အသက် ၆၂ နှစ်ရှိပြီဖြစ်သော်လည်း မမှု။ ဝီရိယ လွန်ကဲစွာ ဆောင်ရွက်ခဲ့ သည်။ ထို့ကြောင့် ဣရိယာပုတ်ပျက်ကာ နာမကျန်းဖြစ်ခဲ့သည်။ ဝမ်းသွေးကျသည်။ သမားတို့ ကြိုးစားကုသကြသည်။ မရ။ ဒလမြို့အရောက်တွင် ကွယ်လွန်သွားရှာသည်။

အမတ်ကြီးရာဇသင်္ကြံ အနိစ္စရောက်ကြောင်း ကြားသိရသောအခါ ဘုရင် နရသီဟ ပတေ့သည် လွန်စွာ ကြေကွဲဝမ်းနည်းလေသည်။ ရှေးဖြစ်ဟောင်းများကို ပြန်ပြောင်းအောက် မေ့ကာ တသသ ဖြစ်ခဲ့ပေသည်။

(ကျမ်းကိုး)

၁။ ဦးကုလားမဟာရာဇဝင်။ (ပထမတွဲ)
၂။ တွင်းသင်းမြန်မာရာဇဝင်သစ်။ (တွင်းသင်းတိုက်ဝန် မဟာစည်သူ)
၃။ ကျောင်းသုံးမြန်မာရာဇဝင်။ (ဦးဘသန်း၊ ဘီ–အေ)
၄။ History of Burma (G.E Harvey)

■

mgyoe.com


mgyoe.com

mgyoe.com

# ရှင်ဒိသာပါမောက္ခ

မြန်မာသက္ကရာဇ် ၆၄၈ ခု (ခရစ်နှစ် ၁၂၈၆ ခု)။

ထိုနှစ် မိုးမကျမီအချိန်တွင် ရဟန်းတော်တစ်ပါးနှင့် အမတ်စစ်သူကြီးနှစ်ဦးသည် ပြည်မြို့မှ တကောင်းသို့ ထွက်ခွာလာခဲ့ကြသည်။ သူတို့သည် တကောင်းမှတစ်ဆင့် တရုတ်–မြန်မာနယ်ခြားကိုဖြတ်၍ ယူနန်သို့သွားကြသည်။ ထို့နောက် ယူနန်မှတစ်ဆင့် တရုတ်ပြည်၏မြို့တော် တယ်တူ (ပီကင်း)သို့သွားကြသည်။

သူတို့ကား မင်းဆရာတော် ရှင်ဒိသာပါမောက္ခ (ရှင်ဒိသာပြမုတ်)၊ အမတ်ကြီး အနန္တပိစည်းနှင့် မဟာပိုဝ်တို့ဖြစ်ကြသည်။ သူတို့သည် ပုဂံဘုရင် နရသီဟပတေ့မင်း၏ စေလွှတ်ချက်အရ ငြိမ်းချမ်းရေးသံအဖွဲ့အနေဖြင့် တယ်တူသို့သွားကြခြင်းဖြစ်သည်။ ထိုစဉ်က မြန်မာနှင့်မွန်ဂိုတို့ စစ်ဖြစ်နေကြသည်။ မြန်မာတို့ စစ်ရေးမလှသဖြင့် ငြိမ်းချမ်းရေးအတွက် စေ့စပ်ပြောဆိုရန် စွန့်စားသွားကြရပေသည်။

ထိုအချိန်တွင် ပုဂံမြို့တော်မှာ မွန်ဂိုရန်ကြောင့် မင်းမဲ့မြို့တော် ဖြစ်နေသည်။ နရသီဟပတေ့သည် ပုဂံမြို့မှထွက်ပြေးပြီးလျှင် ပြည်မြို့အနောက်ဘက် လှည်းကျအရပ်တွင် စခန်းချနေထိုင်လျက်ရှိသည်။ ပုဂံပြည်သူ ပြည်သားများသည်လည်း ဘေးကင်းရာသို့ ရှောင်တိမ်းနေကြရသည်။

မွန်ဂိုတို့၏ဧကရာဇ်ဘုရင်ကူဗလိုင်ခန်မူ တရုတ်ပြည်၏မြို့တော် တယ်တူတွင် နန်းစံလျက်ရှိသည်။ မူလက မွန်ဂိုလူမျိုးတို့သည် အာရှတိုက်အလယ်ပိုင်း၌ နေထိုင်ကြသည်။ တရုတ်မင်းများ၏ လက်အောက်ခံဖြစ်သည်။ သိုး၊ ဆိတ်၊ နွား၊ မြင်းပု၊ ကုလားအုတ်များကို ထိန်းကျောင်းကာ ရေကြည်ရာမြက်နုရာသို့ သွားလာပြောင်းရွှေ့နေထိုင်ကြသည်။ မြင်းစီးအတတ်၌ အလွန်ကျွမ်းကျင်သည်။ အတိုက်အခိုက် ဝါသနာပါသည်။ ၁၃ ရာစုသို့ရောက်သောအခါ မွန်ဂိုတို့သည် စည်းလုံးမိကြသည်။ အနီးဝန်းကျင်ရှိသေ

mgyoe.com

များကို တိုက်ခိုက်သိမ်းယူကြသည်။ မွန်ဂိုဘုရင် ဂျင်ဂစ်ခန် ၁၁၆၂–၁၂၂၇ လက်ထက်တွင် မွန်ဂိုတို့သည် အထူးအင်အားကြီးမားလာကာ တရုတ်နိုင်ငံ မြောက်ပိုင်း တာကီစတန်ပြည်၊ ပါရှားပြည် (အီရန်)နှင့် ရုရှားတောင်ပိုင်းနယ်များကို တိုက်ခိုက်သိမ်းယူပြီး မွန်ဂိုအင်ပါယာကို ထူထောင်ခဲ့ကြသည်။

ဂျင်ဂစ်ခန်၏မြေးတော် ကူဗလိုင်ခန် ၁၂၁၆–၁၂၉၄ လက်ထက်တွင် တရုတ်နိုင်ငံတစ်နိုင်ငံလုံးကိုပင် အောင်နိုင်ခဲ့သည်။ သူသည် မိမိ၏မြို့တော်ကို ကယ်ရာကိုရမ်မှ တရုတ်ပြည် ပီကင်းမြို့နေရာသို့ ပြောင်းရွှေ့ကာ တယ်တူမြို့တော်သစ်ကို တည်ထောင်သည်။ ထိုမြို့တွင် ပြောင်းရွှေ့စံမြန်းကာ ယွန်မင်းဆက်ကို တည်ထောင်သည်။

သူသည် တရုတ်နိုင်ငံကိုအခြေပြုကာ မိမိ၏ ဩဇာခံမဖြစ်သေးသော အရှေ့တောင်အာရှ နိုင်ငံများကို တိုက်ခိုက်သိမ်းယူပြန်သည်။ ဂျပန်နှင့် ဂျာဗားကျွန်းများအထိပင် လှေတပ်များလွှတ်၍ တိုက်ခိုက်ခဲ့သည်။ ကူဗလိုင်ခန်၏တပ်များ တိုက်ခိုက်ကျူးကျော်ခြင်းခံရသော နိုင်ငံများတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ခဲ့သည်။

၁၂၇၇ ခုနှစ်တွင် ကျူးကျော်လာသူ မွန်ဂိုတပ်များနှင့် ပုဂံတပ်များ စတင်တိုက်ခိုက်ကြသည်။ ၁၂၇၈ ခုတွင် ပုဂံဘုရင် နရသီဟပတေ့သည် အမတ်စစ်သူကြီး နန္ဒပစ္စည်းနှင့် ရန္တပစ္စည်းတို့ကို မွန်ဂိုတို့ရန်မှ ဆို့ပိတ်တားဆီးရန် ငဆောင်ချမ်းသို့ အလုံးအရင်းဖြင့် စေလွှတ်လိုက်သည်။ ပြည်တွင်းတွင်လည်း ခံမြို့များကို တည်ဆောက်၍ ပြင်ဆင်ထားသည်။

၁၂၈၃ ခုတွင် မွန်ဂိုတပ်များနှင့် ပုဂံတပ်များ ငဆောင်ချမ်း၌ ပြင်းထန်စွာ တိုက်ခိုက်ကြသည်။ ငဆောင်ချမ်းတိုက်ပွဲတွင် ပုဂံတပ်များ အရေးနိမ့်သည်။ ထိုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် ငဆောင်ချမ်းကျသည်။ ထိုအခါ နရသီဟပတေ့မင်းသည် ပုဂံကိုစွန့်၍ မြန်မာနိုင်ငံတောင်ပိုင်းသို့ ဆုတ်ခွာသည်။

မွန်ဂိုတို့သည် ငဆောင်ချမ်းကို သိမ်းပိုက်ပြီးနောက် တကောင်းကို အလုံးအရင်းဖြင့် တိုက်ခိုက်ကြပြန်သည်။ ၁၂၈၄ ခု၊ ဖေဖော်ဝါရီလတွင် တကောင်းကျသည်။ မွန်ဂိုတို့သည် တကောင်းကို ခြေကုပ်စခန်းပြုထားသည်။ ထို့နောက် ပုဂံအထိ ချီတက်တိုက်ခိုက်ခဲ့ကြသည်။

သို့ရာတွင် ပုဂံကို အုပ်ချုပ်ခြင်းမပြုနိုင်ကြပေ။ ရန်သူတပ်များ စားရေရိက္ခာနှင့် အကူအညီမရအောင် မြန်မာတပ်များက မြေလှန်စနစ်ဖြင့် စီမံကျင့်သုံးခဲ့မှုကြောင့် မွန်ဂိုတို့အဖို့ ပူပြင်းလှသော ရာသီဥတုဒဏ်နှင့် အစာရေစာရှားပါးမှုဒဏ်ကို ခံနေကြရသည်။

သို့ရာတွင် ရာသီဥတုကောင်းမွန်သောအခါ မွန်ဂိုတို့သည် ဆက်လက်၍ ထိုးစစ်ဆင်ရန် ပြင်ဆင်နေကြသည်။ သည်တွင် နရသီဟပတေ့မင်းသည် မွန်ဂိုတို့နှင့် စေ့စပ်ရန်

mgyoe.com
ဆုံးဖြတ်လိုက်သည်။ အမတ်ကြီး အနန္တပိစည်းနှင့် မဟာပိုဝ်တို့ကို ရှေးဦးစွာ စေလွှတ်သည်။ အမတ်ကြီးနှစ်ဦးသည် နယ်ခြားသို့သွား၍ မွန်ဂိုအာဏာပိုင်များနှင့် ပဏာမ ဆွေးနွေးခဲ့သည်။ ထို့နောက် ထပ်မံဆွေးနွေးရန် ချိန်းချက်ထားပြီး ပြန်လာခဲ့သည်။

ထိုအတွင်း သုသုတ္တကီမင်းသား ဦးဆောင်သော စစ်သည်သူရဲအင်အား ၂၀,၀၀၀ ပါဝင်သည့် မွန်ဂိုတပ်ဖွဲ့သစ်သည် မြန်မာနိုင်ငံအလယ်ပိုင်းကို စစ်ဆင်ရန် တကောင်းသို့ ရောက်လာပြန်သည်။ (ကူဗလိုင်ခန်သည် မဟာယာနဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည်။ မဟာယာနဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပင် အသိအမှတ် ပြုထားသည်။) သည်တွင် အမတ်ကြီးများက ဤအရေးမှာမလွယ်။ ကူဗလိုင်ခန် ဧကရာဇ်ဘုရင်နှင့် တွေ့ဆုံဆွေးနွေးမှသာ ပြေလည်နိုင်မည်။ ထိုသို့ ဆွေးနွေးပြောဆိုရာတွင်လည်း မိမိတို့အရည်အချင်းမျှဖြင့် မလုံလောက်။ နှလုံးရည်နှင့် အထူးပြည့်စုံသော မင်းဆရာ ရှင်ဒိသာပါမောက္ခ ကိုယ်တော်တိုင် ဦးဆောင်ဆွေးနွေးပြောဆိုမှ ပြီးပြေနိုင်ကြောင်း နရသီဟပတေ့ကို လျှောက်ထားကြသည်။ နရသီဟပတေ့ကလည်း သတ္တဝါများ ငြိမ်းချမ်းရေးအတွက် ကယ်မပါရန် ဆရာတော်ကို ပန်ကြားလျှောက်ထားသည်။

တယ်တူ(ပီကင်း)သို့ သွားရမည့်ခရီးသည် အလွန်အလှမ်းဝေးလှသည်။ မိုင်ပေါင်း ၂၅၀၀ ကျော်ဝေးသည်။ ယခုခေတ်ကဲ့သို့ ခရီးလမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်သည်မဟုတ်။ ခရီးလမ်းသည် ကြမ်းတမ်းလှသည်။ တောအထပ်ထပ်၊ တောင်အဆင့်ဆင့်၊ မြစ်အသွယ်သွယ်ကို ဖြတ်ကျော်ရမည်။ တစ်ဖန် ရာသီဥတုကလည်း ဆိုးရွားလှသည်။ ဆောင်းအခါ၌ အအေးဒဏ်ကြောင့် အချို့လူများပင် သေဆုံးခဲ့ကြသည်။

ထို့ပြင် သွားရမည့်နယ်မြေမှာလည်း ရန်သူ့နယ်မြေဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်မက်ဖြစ်ပွားနေချိန် ဖြစ်သည်။ ခရီးမှာ သည်မျှ ခက်ခဲသည်။ ထိုခရီးကို ရင်ဆိုင်ရမည့် မိမိကိုယ်တိုင်မှာလည်း ခံနိုင်ရည်အား ကောင်းလှသည်မဟုတ်။ မိမိသည် အသက်အရွယ် ကြီးရင့်နေပြီ။ ထို့ပြင် ဝိနည်းသိက္ခာနှင့်အညီ အစစအရာရာ ခြိုးခြံနေထိုင်ရ၍ မွန်းမလွဲမီအချိန်ပိုင်း၌သာ ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးခွင့်ရသော ဗုဒ္ဓဘာသာ ရဟန်းတော် ဖြစ်သည်။ သို့ရာတွင် ဆရာတော် ရှင်ဒိသာပါမောက္ခက...

"ဒကာတော် ရေမြေ့ရှင်၊ သွားရမယ့်ခရီးနဲ့ ဆောင်ရွက်ရမယ့်တာဝန်က အလွန်ကြီးလေးလှတယ်။ ဒါပေမဲ့ တိုင်းသူပြည်သား သတ္တဝါအများ ငြိမ်းချမ်းသာယာရေးအတွက် ဆရာတော် စွန့်စားဆောင်ရွက်မယ်"ဟူ၍ မိန့်ဆိုလက်ခံလိုက်လေသည်။

သို့ဖြင့် အထက်တွင်ဖော်ပြသည့်အတိုင်း ဆရာတော်နှင့် အမတ်စစ်သူကြီးနှစ်ဦးသည် ငြိမ်းချမ်းရေး ခရီးပြင်းကို စတင်ထွက်လာခဲ့ကြသည်။
mgyoe.com

mgyoe.com
ဆရာတော်တို့အဖွဲ့သည် တကောင်းသို့ ချောမောစွာ ရောက်ရှိလာကြသည်။ သို့ရာတွင် ရှေ့ကို ခရီးမဆက်နိုင်။ သံတမန်ခန့်အပ်လွှာနှင့်စပ်လျဉ်း၍ ပြဿနာတစ်ခုပေါ်လာသည်။ မွန်ဂိုအာဏာပိုင်တို့က သံတမန်ခန့်အပ်လွှာကို စစ်ဆေးကြည့်ကြသည်။ ဘုရင်က စေလွှတ်သည်မဟုတ်ဘဲ အမတ်တို့ကစေလွှတ်သော သံတမန်ဖြစ်သည်ဆိုကာ တရားဝင်လက်ခံခြင်းမပြု။ အမတ်ကြီးနှစ်ဦးကို ဖမ်းဆီးချုပ်နှောင်ခြင်းပင် ပြုကြသည်။ ထိုသတင်းကို နရသီဟပတေ့မင်းကြီး ကြားသိရသောအခါ တကောင်းရှိ မွန်ဂိုအာဏာပိုင်တို့ထံ သဝဏ်လွှာတစ်စောင် အမြန်ရေးသားပေးပို့ရသည်။ သဝဏ်လွှာ၌ ဆရာတော် ဦးဆောင်သော သံအဖွဲ့မှာ မိမိစေလွှတ်သော သံအဖွဲ့ဖြစ်ကြောင်း၊ ထိုသံအဖွဲ့ကို ဖမ်းဆီးချုပ်နှောင်ခြင်း မပြုသင့်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ထိုအခါမှ မွန်ဂိုအာဏာပိုင်တို့သည် အမတ်ကြီးနှစ်ဦးကို ဖမ်းဆီးထားရာမှ လွှတ်လိုက်သည်။ တယ်တူ (ပီကင်း)မြို့သို့ ခရီးဆက်နိုင်ရန် အစစအရာရာ စီစဉ်ပေးသည်။ သုသုတ္တာကီမင်းသားဦးဆောင်သော တပ်များကိုလည်း မိုးရာသီကုန်သည်အထိ တကောင်း၌သာ စောင့်ဆိုင်းနေစေမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် တကောင်းတွင်ရောက်ရှိနေသော ကျောင်းပေါင်း ၇၀ ကျော်မှ မဟာယာနရဟန်းတော်များကလည်း ဆရာတော်ရှင်ဒိသာပါမောက္ခကို လှူဖွယ်ဝတ္ထုတို့ဖြင့် ပူဇော်ကြသည်။ သူတို့သည် ကူဗလိုင်ခန်မင်းကြီးလွှတ်၍သာ ကြွလာကြသည်။ မြန်မာနိုင်ငံသို့ မလာချင်ကြ။ ရှေးအခါက တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ ရောက်ခဲ့သူတို့သည် အပူရှိန်ဒဏ်နှင့် ငှက်ဖျားရောဂါကို အထူးကြောက်ရွံ့ကြသည်။ ထိုရဟန်းတော်များလည်း ကြောက်ရွံ့နေကြသည်။ ထို့ကြောင့် ဆရာတော်များက...

"ဆရာတော်ကို ကူဗလိုင်ခန်မင်းကြီး မျှော်လင့်တောင့်တနေပါသည်။ မင်းကြီးနှင့် တွေ့ဆုံသောအခါ တပည့်တော်တို့ကို ပုဂံသို့ စေလွှတ်ခြင်းမပြုရန် ပြောဟောတော်မူပါ" ဟူ၍လည်း ပန်ကြားကြလေသည်။

မကြာမီ ဆရာတော်ရှင်ဒိသာပါမောက္ခနှင့်အဖွဲ့သည် ခရီးဆက်ကြသည်။ ယူနန်ကုန်းပြင်မြင့်သည် တောတောင်လျှိုမြောင်တို့ များပြားလှသည်။ ဆရာတော်တို့သည် ပင်ပန်းကြီးစွာဖြင့် ဖြတ်ကျော်ခဲ့ရသည်။ ယဆည်(ယခု ယူနန်မြို့တော် ခွန်မင်း)သို့ ရောက်သောအခါ ဝါဝင်ပြီဖြစ်၍ ဆရာတော်သည် ယဆည်၌ပင် ဝါဆိုတော်မူသည်။ ပင်ပန်းဆင်းရဲစွာဖြင့် ပြည်ပသို့ရောက်နေချိန်မှာပင် ဝိနည်းသိက္ခာကို အပျက်ခံတော်မမူပေ။

ဆရာတော်တို့သည် သီတင်းကျွတ်ပြီးနောက် တန်ဆောင်မုန်းလတွင် တယ်တူ (ပီကင်း)သို့ ခရီးဆက်ကြပြန်သည်။ အလွန် ပင်ပန်းဆင်းရဲကြသည်။ တောတောင်
mgyoe.com

လျှို့မြောင်းများကို တစ်လှည့်၊ မြေပြန့်ခရီးများကို တစ်ဖုံ၊ မြစ်ချောင်းအင်းအိုင်များကို တစ်သွယ် ဖြတ်သန်းခဲ့ရသည်။ ထိုအတွင်း ဆောင်းရာသီသို့ ရောက်လာပြီဖြစ်ရာ အအေး ဓာတ်မှာ ပို၍ပို၍လာသည်။ ဆရာတော်တို့သည် အရိုးကွဲမတတ် အအေးဒဏ်ကိုခံရလျက် ခရီးဆက်ကြရသည်။ ပြာသိုလတွင် တယ်တူသို့ ဆိုက်ရောက်ကြသည်။

ဆရာတော်၏ ဖွဲ့သတ္တိကိုလည်းကောင်း၊ သိက္ခာသမာဓိကိုလည်းကောင်း လေးစား ကြည်ညိုသဖြင့် ကူဗလိုင်ခန်မင်းကြီးက ကောင်းစွာ လက်ခံတွေ့ဆုံသည်။ အကြည်အသာ စကားဆိုသည်။

ဆရာတော်သည် ကူဗလိုင်ခန်အား မွန်ဂိုတပ်များ ပုဂံပြည်နှင့် မြန်မာပြည် အလယ်ပိုင်း ကို ဆက်လက်၍ တိုက်ခိုက်ခြင်းမပြုရန် ငြိမ်းချမ်းရေးစကားကို ကျွမ်းကျင်လိမ္မာစွာဖြင့် သာယာချေင်စွာ ဆိုသည်။ ကူဗလိုင်ခန်ကလည်း ပြေလည်စွာ ပြန်လည်လျှောက်ထားသည်။

"မဟာရာဇ်၊ မဟာရာဇ်၏ နှစ်သောင်းတပ်ကြီးနှင့် ရဟန်းတော်များကို အဘယ် ရည်ရွယ်ချက်နှင့် တကောင်းသို့ စေလွှတ်ထားပါသနည်း။ မဟာရာဇ်၏ စစ်သည်များ ယခင်က ဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် တိုင်းသူပြည်သား သတ္တဝါအများ သေကျေ ပျက်စီး၍ ဆင်းရဲဒုက္ခ ကြီးစွာရောက်ခဲ့ကြရပြီ။ ယခုတစ်ဖန် ဤစစ်သည်တို့ကို ချီတက် တိုက်ခိုက်စေဦးမည်ဆိုလျှင် မည်သို့ရှိအံ့နည်း"

"ပဏ္ဍိတ်၊ ဤနှစ်သောင်းတပ်နှင့် ရဟန်းတော်တို့ကို သတ္တဝါတို့အား တိုက်ခိုက် နှိပ်စက်၍ သတ်ဖြတ်ညှဉ်းဆဲရန် စေလွှတ်ခြင်းမဟုတ်။ ငြိမ်းချမ်းမှုရှိစေရန်နှင့် သာသနာ ပြုရန်အတွက် စေလွှတ်ခြင်းဖြစ်သည်"

"မဟာရာဇ်၏စကားသည် သင့်မြတ်လှ၏။ မဟာရာဇ် အပ်နှင်းလိုက်သော မွန် မြတ်လှသည့် တာဝန်တို့ကို ထမ်းဆောင်နိုင်ရန်မှာ ဤနှစ်သောင်းတပ်နှင့် ရဟန်းတော် တို့အဖို့ စားရေရိက္ခာရှိရန် လိုအပ်သည်မဟုတ်ပါလော။ ယခင်က ဝင်ရောက်တိုက်ခိုက် ခဲ့သဖြင့် ပြည်တွင်းရေး ပျက်ခဲ့ရပြီ။ ကောက်ပဲသီးနှံတို့လည်း ပျက်စီးခဲ့ရပြီ။ တောင်သူ လယ်သမားတို့လည်း ဘေးမဲ့ရာသို့ ထွက်ပြေးခဲ့ကြရပြီ။ ကောက်ပဲသီးနှံ မစိုက်ပျိုးဝံ့ ကြသေး။ မဟာရာဇ်စပါးသည် တိုင်းပြည်စီးပွားရေး၏ အခြေအမြစ် မဟုတ်ပါလော။ စပါးမရ၍ ထန်းပင်မှ စားသုံးနိုင်သော အစိတ်အပိုင်းများကို စဉ်း၍စားကြရလျှင် ရဟန်း တော်နှင့် စစ်သည်တို့သည် ဝမ်းနာ၍ သေဆုံးကုန်ကြမည် မဟုတ်လော။

"သာသနာပြုရန် ဘုရင်မင်းမြတ် တာဝန်ပေးလိုက်သော ရဟန်းတော်အချို့ ပျံလွန်တော်မူခဲ့ကြပြီ။ အချို့ကား ထွက်ပြေးတိမ်းရှောင်သွားကြပြီ။ ကြွင်းကျန်သော ရဟန်းတို့သည် ပုဂံသို့ မကြွဝံ့ကြ၊ မကြွမနေရဆိုလျှင် ပုဂံသို့ကြွမည့်အစား တောသို့

mgyoe.com

mgyoe.com
ပြေး၍ အသေသာခံမည်။ ပုဂံတွင် သာသနာမပြုရအောင် မဟာရာဇ်အား ပန်ကြားပေးရန်ပင် မှာကြားလိုက်ကြသေးသည်။ ဤအခြေအနေမျိုးတွင် အဘယ်ကဲ့သို့ သာသနာပြုနိုင်အံ့နည်း။

"မဟာရာဇ် ဆောင်ရွက်နေသည်မှာ အောင်မြင်လိုသောကြောင့် မဟုတ်ပါလော၊ ပုံဆောင်ပါအံ့။ ဥယျာဉ်စိုက်သော ယောကျ်ားသည် ရေလောင်း၍ အပင်ကိုကြီးစေ၏။ အညွန့်ကို မဆိတ်ယောင်တကား၊ အပင်ကြီး၍ အသီးသီးသောအခါ အသီးကိုစားသုံး၏။ ထိုနည်းတူပင် ပုဂံပြည်ကိုလည်း ရေသွန်းလောင်းပါဦး။ ပုဂံပြည်သည် ငယ်ပင်ငယ်သော်လည်း မြတ်သောသာသနာ ထွန်းကားရာဒေသ ဖြစ်ပါသည်။ မဟာရာဇ်သည် ဘုရားဆုပန်သော ဘုရားလောင်းယောကျ်ားမြတ် မဟုတ်ပါလော။ အဖ ဂေါတမ၏ သာသနာတော်ကို မပျက်စီးပါစေနှင့်။

"မဟာရာဇ် အောင်နိုင်ထားသော နိုင်ငံများကား များလည်းများလှစွ၊ ကြီးလည်းကြီးလှစွ၊ ပုဂံပြည်မှာ အသေးအမွှားမျှသာ ဖြစ်ပါသည်။ သာသနာထွန်းကားလှသောကြောင့် ဘုရားဆုပန် ဘုရားလောင်းတို့က မြင့်မြတ်ကြီးကျယ်သောပြည် ဖြစ်သည်"ဟု ချီးမွမ်းကြခြင်း ဖြစ်ပါသည်။

"မဟာရာဇ် စေလွှတ်ထားသော စစ်သည်သူရဲတို့ကို ပုဂံပြည်တွင်းသို့ မဝင်ပါစေနှင့်ဦး။ ကျွန်ုပ်ပြန်၍ တိုင်းပြည်အတွင်း ကောက်ပဲသီးနှံ စိုက်ပျိုးနိုင်ရန် စီစဉ်ပါဦးမည်။ ကောက်ပဲသီးနှံပေါ်သောအခါမှ ဘုရင်မင်းမြတ်၏ ဆန္ဒအတိုင်း ဝင်စေလိုက ဝင်ပါစေ"

ဆရာတော်သည် မွန်ဂိုစစ်သည်တို့မဝင်စေရန် အကျိုးအကြောင်းပြ၍ ရှည်လျားစွာ ရှင်းလင်းပြောပြသည်။ သာသနာပြုရန်ဆိုသော မင်းကြီး၏ပရိယာယ်ကိုလည်း သွယ်ဝိုက်ကာ ပြေလည်အောင် ဖော်ထုတ်မိန့်ကြားခဲ့သည်။ ကူဗလိုင်ခန် ဧကရာဇ်ဘုရင်သည် အတန်ကြာစွာ တွေဝေစဉ်းစားနေ၏။ နောက်ဆုံးမှ သဘောတူလိုက်လေသည်။

"ပဏ္ဍိတ်...ပဏ္ဍိတ်၏ စကားတို့တွင် ကျွန်ုပ်၏ အကျိုးအတွက်လည်း ပါပေသည်။ ရှင်းလင်းအကြောင်းပြချက်တို့မှာ သင့်မြတ်လှသည်။ ပဏ္ဍိတ် ပြန်ပါလေ။ ကောက်ပဲသီးနှံစိုက်ပျိုးနိုင်ရန် စီစဉ်ပါ။ သီးနှံပေါ်လာသောအခါတွင် ကျွန်ုပ်တို့ထံ အကြောင်းကြားပါလေ"

ဆရာတော်၏ ငြိမ်းချမ်းရေးခရီးသည် အောင်မြင်ခဲ့လေသည်။ ဆရာတော်၏ လိမ္မာထက်မြက်သော စကားတို့ကြောင့် ပုဂံပြည်တွင် နောက်ထပ်ကျရောက်တော့မည့် ဘေးအန္တရာယ်သည် တန့်ရပ်သွားလေသည်။ စေ့စပ်ဆွေးနွေးမှု အောင်မြင်သဖြင့် မြန်မာနိုင်ငံမှ မွန်ဂိုတပ်များ ပြန်လည်ဆုတ်ခွာသွားကြလေသည်။
mgyoe.com

mgyoe.com

ဆရာတော်နှင့်အဖွဲ့သည် မြန်မာသက္ကရာဇ် ၆၄၉ (ခရစ်နှစ် ၁၂၈၇ ခု) မိုး မကျမီ မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်ခဲ့သည်။ အလာခရီးနည်းတူပင်၊ အပြန် ခရီးကိုလည်း မိုင်ပေါင်း ၂၅၀၀ ဖြတ်သန်းပြန်ခဲ့ရသည်။ ထိုငြိမ်းချမ်းရေးခရီးအတွက် ဆရာတော်သည် အသွားအပြန်ဆိုသော် မိုင်ပေါင်း ၅,၀၀၀ ကျော် သွားခဲ့ရသည်။ ကာလအားဖြင့် တစ်နှစ်တိတိ အချိန်ကုန်ခဲ့ပေသည်။

ဆရာတော်၏ ငြိမ်းချမ်းရေးခရီး အောင်မြင်တော်မူသဖြင့် နရသီဟပတေ့ မင်းနှင့် ပြည်သူတို့သည် များစွာ ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။ နရသီဟပတေ့ မင်းသည် ဆရာတော်အား ကျေးဇူးတုံ့ပြန်သောအနေဖြင့် လယ်မြေများ၊ နွားများ၊ ကျွန်များ ပူဇော် လှူဒါန်းခဲ့သည်။ ဆရာတော်က ထိုအလှူအားလုံးကို ပုဂံတောင်ဘက် ပန်းပွတ်ရပ်စေတီ (မဟာစေတီ)တွင် ရတနာသုံးပါးအား တစ်ဖန် ပြန်လည်လှူဒါန်းလေသည်။ ထိုအကြောင်း ကိုလည်း ကျောက်စာရေးထိုးတော်မူခဲ့ပေသည်။ မွန်ဂိုတပ်တို့ အန္တရာယ်မရှိတော့သဖြင့် တရုတ်ပြေးမင်းအမည်ကိုရခဲ့သော နရသီဟပတေ့မင်းသည် ထိုနှစ်(၁၂၈၇ ခု)မှာပင် ပုဂံသို့ပြန်လာခဲ့သည်။ သို့သော် ပုဂံသို့မရောက်၊ ပြည်မြို့အရောက်တွင် သားတော် ပြည်စားသီဟသူ လုပ်ကြံသဖြင့် ကံကုန်သွားရှာပေသည်။ သည်တွင် ပုဂံထီးနန်းနှင့် အုပ်ချုပ်ရေး အာဏာကိုရယူရန် ဘုရင့်သားတော်၊ ညီတော်၊ မြို့စား၊ နယ်စားများသည် အစွမ်းကုန် ကြိုးစားကြသည်။ ဝါးအစည်းပြေသကဲ့သို့ မညီမညွတ်ဖြစ်ကြသည်။ ထိုအခါ ယူနန်မှ မွန်ဂိုအာဏာပိုင်တို့သည် မိုးကုန်၍ ဆောင်းဦးဝင်လာလျှင် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ဝင်ရောက်တိုက်ခိုက်ခွင့်ပြုရန် ကူဗလိုင်ခန်မင်းကြီးအား ပန်ကြားသည်။ ကူဗလိုင်ခန်မင်း ကြီးက ခွင့်မပြုပေ။ ဆရာတော် ရှင်ဒိသာပါမောက္ခ၏ ရှေ့တော်ဝယ် ကတိပြုခဲ့သော စကားကို သတိရဟန် တူပေသည်။ သို့သော် မိုးကုန်၍ ဆောင်းဦးပေါက်လာသောအခါ ကူဗလိုင်ခန်မင်းကြီး ၏မြေးတော် ယူနန်မင်းသားဘွဲ့ခံ အဲဆန်တဲမူးရ်သည် ကူဗလိုင်ခန်မင်း ကြီး၏ ခွင့်ပြုချက်မရဘဲ အခြားမင်းသားများနှင့် ပေါင်းဖက်၍ ပုဂံသို့ ချီတက်တိုက်ခိုက် ကြလေသည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားတို့ ပြန်လည်စည်းရုံး၍ ခုခံတိုက်ခိုက်ခဲ့ကြသဖြင့် နှစ်ဦးနှစ်ဖက် အကျေအလည်ဆွေးနွေးကြကာ စစ်ပွဲကို ရပ်နားခဲ့ကြသည်။ ထို့နောက် မွန်ဂိုတို့သည် အပြီးအပိုင် ဆုတ်ခွာသွားလေသည်။

ခရစ်နှစ် ၁၂၇၈ ခန့်မှ ၁၃၀၁ ခုခန့်အထိ မွန်ဂိုတို့သည် မြန်မာနိုင်ငံကို ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ နှစ်ပေါင်း ၃၀ နီးပါးမျှကြာခဲ့သည်။ မြန်မာတိုင်းရင်းသားတို့ကလည်း သွေးစည်း၍ ခုခံတွန်းလှန်ခဲ့ကြသည်။ နောက်ဆုံးတွင် မွန်ဂိုကျူးကျော် စစ်သည့်အဆုံး

mgyoe.com

mgyoe.com

သတ်ခဲ့သည်။ ဤမွန်ဂိုကျူးကျော်စစ်ပွဲတွင် ဆရာတော် ရှင်ဒိသာပါမောက္ခ၏ စွမ်းဆောင်ချက်သည် တစ်ခန်းတစ်ကဏ္ဍ ပါဝင်နေပေသည်။ ဆရာတော် ရှင်ဒိသာပါမောက္ခသည် နိုင်ငံ၏ကျေးဇူးရှင်များတွင် တစ်ပါးပါဝင်သည်။ မြတ်နိုးကြည်ညိုဖွယ် ရဟန်းအာဇာနည် ငြိမ်းချမ်းရေး ခရီးသည်ကြီးသည်ပင် ဖြစ်ပေသည်။

## မှတ်ချက်

(၁) ရှင်ဒိသာပါမောက္ခ တယ်တူ(ပီကင်း)သို့ ကြွတော်မူသောခုနှစ်နှင့် မြန်မာပြည်သို့ ပြန်ရောက်သောခုနှစ်တို့မှာ မူကွဲရှိပါသည်။ ယခုစာတွင် သုတေသနမှူး ဦးရည်စိန်၏ "ရှင်ဒိသာပါမောက္ခ ငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့"စာတမ်းပါ ခုနှစ်အတိုင်း ဖော်ပြပါသည်။

(၂) ငဆောင်ချမ်းတိုက်ပွဲတွင် မြန်မာတို့က ဆင်တပ်ကို အားကိုးကြောင်း၊ မွန်ဂိုတို့က မြင်းတပ်နှင့် လေးသည်ကျော်တို့ကို အားကိုးတိုက်ခိုက်ကြောင်း၊ မွန်ဂိုလေးသည်ကျော်တို့၏ မြားဒဏ်ကိုမခံနိုင်၍ မြန်မာတပ်ပျက်ကြောင်း မာကိုပိုလို တစ်ဆင့်ကြားမှတ်တမ်းက ဆိုသည်။ မြန်မာတို့ မှတ်တမ်းတွင်ကား ဤသို့မဆိုချေ။ မွန်ဂိုတပ်များတွင် ဆင်မပါသော်လည်း မီးပေါက်ဖြောက်များ ပါသည်။ မီးပေါက်ဖြောက်များကို ဖောက်ခွဲသဖြင့် ဆင်များလန့်ပြေးကြသည့်အတွက် တပ်ပျက်ကြောင်း ဆိုထားသည်။

(ကျမ်းကိုး)


၁။ ဦးကုလားမဟာရာဇဝင်။ (ပထမတွဲ)

၂။ မှန်နန်းရာဇဝင်။ (ပထမတွဲ)

၃။ ရှင်ဒိသာပါမောက္ခကျောက်စာ။

၄။ ရှင်ဒိသာပါမောက္ခ ငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့။
ဦးရည်စိန် (နိုင်ငံသမိုင်း သုတေသနစာစောင် ၁)

၅။ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း။ (ပထမတွဲ)
(မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီစည်းရုံးရေးဗဟိုကော်မတီ ဌာနချုပ်)

၆။ မြန်မာ့စွယ်စုံကျမ်း။ (အတွဲ ၁ နှင့် အတွဲ ၅)

၇။ တတိယတန်း နိုင်ငံ့သမိုင်းပုံပြင်များ။ (ပညာရေးဌာန၊ ကျောင်းသုံးစာအုပ်ကော်မတီ)


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

# မိဖုရားဖွားစော

ခရစ်နှစ် ၁၂၅၆ ခု။

ထိုနှစ်တွင် နရသီဟပတေ့သည် ပုဂံပြည်၌ မင်းဖြစ်လာသည်။ အနော်ရထာမင်း လွန်ပြီးနောက် နှစ်ပေါင်းနှစ်ရာခန့်အကြာတွင် မင်းဖြစ်လာခြင်းဖြစ်သည်။

နရသီဟပတေ့မင်းကို မင်းစည်သူဟုလည်း ခေါ်သည်။ မင်းခွေးချေးဟုလည်း ခေါ်သည်။ တရုတ်ပြေးမင်းဟူ၍လည်း ခေါ်သည်။ ထိုမင်းကား အမျက်စောင်မာန် ကြီးသည်။ လောဘကြီးသည်။ အရသာ တပ်မက်သည်။ အစားကြူးသည်။ မှူးမတ်ပညာရှိတို့၏စကားကို မနာယူ၊ ထင်ရာပြုတတ်သည်။

ထိုမင်းကို မဟေသီမိဖုရားခေါင်ကြီးဖြစ်သူ ဖွားစောက ဖျောင်းဖျရသည်။ အကြံဉာဏ် ပေးရသည်။ ဖွားစောကား ရုပ်ရည်လှပတင့်တယ်ရုံမက ပညာဉာဏ်နှင့် ပြည့်စုံ၍ ထက်မြက်သူ ဖြစ်ပေသည်။

တစ်ခါသော် နရသီဟပတေ့မင်းသည် အမတ်ကြီးရာဇသင်္ကြံကိုမျက်၍ ဒလသို့ ပို့လိုက်သည်။ အမတ်ကြီး မရှိပြီဟုကြားသော် မဏ္ဍဂိရိစားနှင့် မုတ္တမစားတို့က ခြားနား ပုန်ကန်ကြသည်။ မင်းကြီးမှာ တိုင်ပင်ဖက်ပညာရှိ မရှိ၊ မှိုင်တွေ၍သာ နေရသည်။

သည်တွင် မိဖုရားဖွားစောက "အရှင်မင်းကြီး၊ အမတ်ကြီး ရာဇသင်္ကြံကို ခေါ်တော်မူ၍ တိုင်ပင်တော်မူပါ။ သို့မှ အရေးတော် ပြီးလွယ်မည်"ဟူ၍ လျှောက်၏။

မင်းကြီးလည်း ရာသဇင်္ကြံကို ပြန်ခေါ်သည်။ ရာဇသင်္ကြံ ရောက်လာပြီးနောက် သူပုန်တို့ကို ကိုယ်တိုင်နှိမ်နင်းရာ အောင်မြင်ခဲ့ပေသည်။

မဏ္ဍဂိရိသို့စစ်ချီရာတွင် အတွင်းသင်းမှူး သရေသစ္စပတေ့ဦးစီးသောတပ်တို့သည် ရန်သူနှင့်မတွေ့မီ ညအခါ၌ စစ်လန့်၍ ပျက်လေသည်။ နရသီဟပတေ့မင်းကြားသော်

mgyoe.com

mgyoe.com
အမျက်ထွက်သဖြင့် သရေသစ္စပတော့ကို သတ်မည်ပြုသည်။ ရာဇသင်္ကြံအမတ်ကြီးက ကယ်မလျှောက်တင်သောအခါတွင်မှ အသက်ဘေးမှ ချမ်းသာရာရခဲ့သည်။ သို့ရာတွင် သစ္စပတော့သည် မူလရာထူးကို ပြန်မရပေ။

မင်းကြီးက "အတွင်းသင်းမှူးအဖြစ် မည်သူကို ခန့်ထားရသော် သင့်မည်နည်း" ဟု မိဖုရားဖွားစောကို တိုင်ပင်၏။

မိဖုရားဖွားစောက "အရှင်မင်းကြီး၊ သရေသစ္စပတော့သည် ကျွန်တော်ရင်းဖြစ်၍ အရှည်ယုံကြည်တော်မူရမည့်သူလည်း ဖြစ်သည်။ သေကောင်းလေပြီးမှ အသက်ကို လွှတ်တော်မူသော ကျေးဇူးတော်လည်း ကြီးလှသည်။ အတွင်းသင်းမှူးအဖြစ် သရေသစ္စပတော့ကိုပင် ခန့်ထားသော် မသင့်ပါလော"ဟူ၍ လျှောက်၏။ မင်းကြီးလည်း မိဖုရားဖွားစော အကြံပေးချက်ကို နှစ်သက်ကာ သရေသစ္စပတော့ကိုပင် အတွင်းသင်းမှူးအဖြစ် ပြန်လည်ခန့်ထားခဲ့ပေသည်။ သရေသစ္စပတော့လည်း အမှုတော်ကို ယခင်ကထက်ပင် ကြိုးစားထမ်းရွက်လေသည်။

နရသီဟပတော့သည် ချေခြင်း၊ သမ်းခြင်းမရှိ၊ ချေခြင်းကို မနှစ်သက်ဟု ဆိုသည်။ ထို့ကြောင့် ရှေ့တော်တွင် မချေရ၊ မသမ်းရ၊ ချေမိသမ်းမိချေသော် မျက်တော်မူလေသည်။

တစ်နေ့သ၌ မောင်းမငယ်တစ်ယောက်သည် မင်းကြီးရှေ့တော်တွင် ချေချင်လာသည်။ သို့သော် အပြစ်သင့်မည်စိုး၍ ထိန်းချုပ်ထားသည်။ သည်တွင် မင်းကြီး မကြားစေရန် အိုးကြီးတစ်လုံးအတွင်းသို့ မျက်နှာပြု၍ ချေသည်။ အပြင်တွင် ချေသည်ထက်ပို၍ အသံကျယ်လေတော့သည်။ မင်းကြီးကြားသော် မိဖုရားစောကို အကျိုးအကြောင်း မေးသည်။ ထိုအခါ မိဖုရားစောက...

"အရှင်မင်းကြီး၊ မောင်းမငယ်တစ်ယောက် အပြင်တွင် မချေဝံ့သောကြောင့် အိုးကြီးတွင် မျက်နှာအပ်၍ ချေမိပါသည်။ ချေသည်၊ သမ်းသည်ကား ၉၆ ပါး အနာမျိုးပင် ဖြစ်သည်။ ဆီးတား၍ မရပါ"

ထိုအခါ မင်းကြီးသည် မောင်းမငယ်ကို အပြစ်မပြုတော့ပေ။ နောင်အခါ ချေမိသူ၊ သမ်းမိသူများသည်လည်း အရေးယူမခံရတော့ပေ။

နရသီဟပတော့မင်းသည် စက်တော်ခေါ်၍ နိုးလျှင် အနီးတွင်တွေ့သော အရာဝတ္ထုတစ်ခုကို ကောက်ယူကာ မောင်းမတို့ကို ပစ်ခတ်လေ့ရှိသည်။ မောင်းမအများ ထိခိုက်ဒဏ်ရာ ရကြရှာသည်။ မိဖုရားစောလည်း မောင်းမများ သက်သာရာရစေရန် ကြံစည်ရသည်။ မိဖုရားစောသည် မင်းကြီး စက်တော်ခေါ်၍ အိပ်ပျော်သွားသောအခါ အနီးအပါးတွင်ရှိသော ဓား၊ လက်နက်တို့ကို သိမ်းယူထားသည်။ ယင်းတို့အစား လုံပနီသီး စသည်
mgyoe.com

တို့ကိုသာထားသည်။

တစ်နေ့တွင် မင်းကြီး စက်တော်ခေါ်ရာမှနိုးသောအခါအနီးရှိ လုံပနီသီးကို ကောက်ယူပြီးလျှင် မောင်းမငယ်တစ်ယောက်ကို ပစ်ခတ်သည်။ မောင်းမငယ်၏ခါးကို ထိမှန်သွားသည်။ ခါးရောင်ရမ်းသွားသည်။ ထိုမှစ၍ လုံပနီသီးကို ခါးရမ်းသီးဟူ၍ ခေါ်ကြသည်ဆိုသည်။

နရသီဟပတေ့မင်းသည် စားတော်ခေါ်လျှင် ဟင်းခွက်သုံးရာပြည့်မှ စားတော်ခေါ်သည် ဟူ၏။ မင်းကြီးသည် ထိုဟင်းခွက်များမှ ဟင်းကို တစ်ဖတ်နှစ်ဖတ်သာ သုံးဆောင်သည်။ အကျန်ကို မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ အမတ်စစ်သူကြီးတို့ကို ပေးသည်။ မိဖုရားမောင်းမတို့ကိုလည်း ပေးသည်။ ထိုဟင်းခွက်များကို မိဖုရားစောက စာရင်းပြု၍ စစ်ကြောစီရင်ရသည်။

ခရစ်နှစ် ၁၂၈၃ ခုတွင် ကူဗလိုင်ခန်၏ မွန်ဂိုတပ်တို့သည် မြန်မာနိုင်ငံကို အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကြသည်။ မြန်မာစစ်သည်တို့ကလည်း ပြန်လည်ခုခံတိုက်ခိုက်ကြသည်။ သို့သော် မအောင်မြင်ပေ။ ထိုအခါ နရသီဟပတေ့မင်းသည် အထိတ်တလန့်ဖြစ်ကာ ပုသိမ်မြို့သို့ ဖောင်ဖြင့်စုန်ပြေးသည်။ မိဖုရား၊ မင်းညီမင်းသား၊ မောင်မမိဿံနှင့် မှူးမတ်အချို့ကို လှေသမ္ဗန်များတွင်တင်၍ ခေါ်ဆောင်သွားသည်။ ပုဂံပြည်သူပြည်သားတို့မှာကား ကိုးကွယ်ရာမဲ့ဖြစ်၍ လွတ်ရာကျွတ်ရာသို့ တိမ်းရှောင်ကြရလေသည်။

၁၂၈၇ ခုနှစ်သို့ရောက်သောအခါ မွန်ဂိုတို့၏အန္တရာယ် စိုးရိမ်ရန်မရှိတော့ပေ။ နရသီဟပတေ့မင်းလည်း ပုဂံနေပြည်တော်သို့ ပြန်မည်ဟု ဧရာဝတီမြစ်ကို လှေဖောင်အများဖြင့် ဆန်တက်သည်။ လမ်းခရီးတွင် အမဲဟင်းလျာ စုံလင်စွာမရ။ စားတော်ကဲတို့သည် ဆက်နေကျဖြစ်သော ဟင်းအခွက်သုံးရာကို မဆက်နိုင်။ အခွက်တစ်ရာ့ ငါးဆယ်ကိုသာ ဆက်နိုင်လေသည်။

သည်တွင် နရသီဟပတေ့မင်းက "ငါ ဆင်းရဲလှ၏တကား"ဟုဆိုကာ မျက်နှာကို ဖျင်လက်ဖုံး၍ ငိုလေသည်။

ထိုအခါ မိဖုရားစောက "အရှင်မင်းကြီး၊ ဘုံသုံးပါး၌ ကျင်လည်သော သတ္တဝါအပေါင်းတို့သည် လောကဓံတရားရှစ်ပါးနှင့်မကင်း၊ စကြဝတေးမန္ဓာတ်မင်းသော်မှ သေကွဲကွဲခြင်း၊ ရှင်ကွဲကွဲခြင်းနှင့်မကင်းဟု ဟောတော်မူသော တရားတော်ကို ဆင်ခြင်တော်မူမှ စိတ်သက်သာရာ ရနိုင်ပါသည်"ဟူ၍ လျှောက်၏။ မင်းကြီးလည်း ချက်ချင်း စိတ်သက်သာရာ ရသွားပေသည်။

mgyoe.com

နရသီဟပတေ့သည် ပုဂံသို့ ဆန်တက်သည့်အရေးနှင့်ပတ်သက်၍ မိဖုရား ဖွားစောကို တိုင်ပင်သည်။

"ရှင်မိဖုရား၊ ငါသည် ပုဂံသို့ အရောက်ဆန်ရသော် သင့်မည်လော၊ သို့မဟုတ် သည်တွင်ပင် ဗိုလ်ပါစုရုံး၍နေရသော် သင့်မည်လော"

"အရှင်မင်းကြီး၊ ဆန်တော်မူမည်ဟု မိန့်တော်မူသောစကားသည် လွယ်၏။ ပြည်ထဲရေးကိုထောက်သော်ကား ခက်၏။ အကြောင်းသော်ကား အခြွေအရံ ပြည်သူပြည်သား အလုံးအရင်းမရှိဘဲ နေပြည်တော်သို့ဝင်၍ နေချေသော် ရန်သူ့လက်တွင် အခက်ကြုံရာသည်။ ပြည်သူပြည်သားတို့လည်း အရှင်မင်းကြီးအကွပ်အညှပ်ပြင်းတော်မူလှ၍ အာဏာတော်ကို ကြောက်သောအားဖြင့် ပြည်တော်သို့ မချဉ်းမဝင်ကြသေးပါ။ အရှင်မင်းကြီးသည် ယခင်အထက်က ကျွန်တော်မလျှောက်ပါသည်ကို ယူတော်မမူပါ။ "ပြည့်ဝမ်းကို မဖောက်ရာ၊ ပြည့်ဦးကင်းကို မနှိမ့်ရာ၊ ပြည့်တံခွန်ကို မလှဲရာ၊ ပြည့်မျက်စိကို မဖောက်ရာ၊ ပြည့်စွယ်ကို မချိုးရာ၊ ပြည့်မျက်နှာကို မဖျက်ရာ၊ ပြည့်ခြေပြည့်လက်တို့ကို မဖြတ်ရာဟူ၍ အထက်ကလျှောက်ပါသည်ကို ယူတော်မမူ။ ယခု ပြည်ရွာစည်ပင်မည့်အရေးသည် အလွန်ခက်လှပါသည်။

"ရှင်မိဖုရား အကြောင်းကို ရှင်းပြပါ"

"အရှင်မင်းကြီး ပြည့်ဝမ်းကို မဖောက်ရာဆိုသည်မှာ ပြည်ကြီး၏ဝမ်းနှင့် တူသော သူဌေးသူကြွယ်တို့ကို အပြစ်မရှိဘဲလျက် အပြစ်ရှာတော်မူလျက် ဥစ္စာ၊ ရွှေ၊ ငွေတို့ကို ဖျက်ဆီးသိမ်းယူခြင်း၊ သူဌေးသူကြွယ်တို့ သေသောအခါ အမွေခံသော သားသမီးရှိလျက် အမွေမခံရ၊ အကုန်အစင် သိမ်းယူတော်မူခြင်းသည်ကား ပြည့်ဝမ်းကို ဖောက်သည်မည်၏။

ပြည့်ဦးကင်းကို မနှိမ့်ရာဆိုသည်မှာ ပြည့်ဦးကင်းနှင့်တူသော မှူးကြီးမတ်ကြီးတို့ကို အမျက်တော်ရှိလျှင် မထောက်မချင့်၊ ကွပ်ညှပ်တော်မူခြင်းသည်ကား ပြည့်ဦးကင်းကို နှိမ့်သည်မည်၏။

ပြည့်တံခွန်ကို မလှဲရာဆိုသည်မှာ ပြည့်တံခွန်နှင့်တူသော ရသေ့၊ ရဟန်း ပညာရှိတို့ကို အမျက်တော်ရှိလျှင် မစုံမစမ်း၊ မထောက်မရှု၊ မျက်တော်မူသည်ကား ပြည့်တံခွန်ကို လှဲသည်မည်၏။

ပြည့်မျက်စိကို မဖောက်ရာဆိုသည်မှာ ပြည်၏မျက်စိနှင့်တူသော ပိဋကတ် ဗေဒင်တတ်သော ပညာရှိ ပုရောဟိတ်တို့ကို အမျက်တော်ရှိလျှင် ဆင်ခြင်စဉ်းစား တော်မမူ၊ မျက်တော်မူခြင်းသည်ကား ပြည့်မျက်စိကို ဖောက်သည်မည်၏။

ပြည့်စွယ်ကို မချိုးရာဆိုသည်မှာ ပြည်ကြီးအစွယ်နှင့်တူသော မင်းညီမင်းသား

mgyoe.com
တို့ကို အမျက်တော်ရှိလျှင် ရှေ့ကို ထောက်ရှုတော်မမူ၊ မျက်တော်မူခြင်းသည်ကား ပြည့်စွယ်ကို ချိုးသည်မည်၏။

ပြည့်မျက်နှာကို မဖျက်ရာဆိုသည်မှာ ပြည့်မျက်နှာနှင့်တူသော မိဘလင်သားတို့၏ ကြေးမုံသဖွယ်ဖြစ်သော သူ၏ သား၊ သမီး၊ မယား စသည်တို့ကို အနိုင်အထက် ယူတော်မူခြင်းသည်ကား ပြည်၏မျက်နှာကို ဖျက်သည်မည်၏။

ပြည့်ခြေပြည့်လက်တို့ကို မဖြတ်ရာဆိုသည်မှာ ပြည်၏ ခြေလက်ဖြစ်သော သူရဲသူခက်တို့ကို အမျက်တော်ရှိလျှင် ရှေ့နောက်မဆင်ခြင်ဘဲ သတ်ဖြတ်ခြင်းသည် ပြည့်ခြေပြည့်လက်တို့ကို ဖြတ်သည်မည်၏"

"ရှင်မိဖုရား၊ ရှေးက ဤကဲ့သို့ စေ့ငုစွာ ငါ့ကို မလျှောက်လေ"

ဤသို့လျှင် နရသီဟပတေ့မင်းသည် နောင်တရကာ ပြောဆိုလေသည်။

ထို့နောက် မိဖုရားစောက ဆက်လက်၍ နရသီဟပတေ့မင်း အသက်ဘေးမှ ချမ်းသာရရန် သတိပေးတင်လျှောက်ပြန်သည်။

"အရှင်မင်းကြီး၊ ပြည်စားသီဟသူသည် ယခု ပြည်မြို့သို့ရောက်လေပြီ။ အရှင်မင်းကြီး ပြည်မြို့သို့ဆန်တက်လျှင် သီဟသူ ရန်ပြုမည်မချွတ်"

သီဟသူကား နရသီဟပတေ့၏ သားတော်တစ်ပါးဖြစ်သည်။ နရသီဟ ပတေ့တွင် မိဖုရားငယ် စောနန်း၊ မိဖုရားငယ် ရှင်ပါး၊ မိဖုရားငယ် ရှင်မောက်၊ မိဖုရားငယ်ရှင်ရွှေဟူ၍ မိဖုရားငယ်များရှိသည်။ သီဟသူသည် ရှင်မောက်၏ သားတော်၊ ဥဇနာကား စောနန်း၏ သားတော်၊ ကျော်စွာကား ရှင်ပါး၏သားတော်၊ ထိုသားတော် သုံးပါးလုံးကိုပင် မင်းကြီး ချစ်မြတ်နိုးသည်။ ထို့ကြောင့် သီဟသူကို ပြည်စား၊ ဥဇနာကို ပုသိမ်စား၊ ကျော်စွာကို ဒလစားအဖြစ် ပေးတော်မူသည်။ သို့ရာတွင် အဝေး၌ထားပါက သူတစ်ပါးစကားနာယူ၍ ပုန်ကန်မည်စိုးသဖြင့် ပုဂံနေပြည်တော်၌ ရှိစဉ်အခါကပင် အပါးမှာထားသည်။ စားတော်ခေါ်ရာတွင် ဝက်ကိုစားသောက်ရာ၌ သားတော်ဥဇနာကို ဝက်လက်ပေးလေ့ရှိသည်။ သားတော် သီဟသူကိုကား ဝက်ပေါင်ပေးလေ့ရှိသည်။ တစ်ခါသော် သီဟသူ့မယ်တော် ရှင်မောက်က သူများသားကိုကား လက်ပေးတော်မူသည်။ ငါ့သားကိုကား ပေါင်သာပေးတော်မူသည်ဆိုကာ သားကင်သည် အကြီးကို ငွေ ၃၀ ပေး၍ လာဘ်ထိုးသည်။ စောနန်း၏သား ဥဇနာအား ပေးနေကျ ဝက်လက်ကို မပေးစေဘဲ သီဟသူကိုသာ ဝက်လက်ပေးစေသည်။ ထိုအကြောင်းကို ကျော်စွာ့မယ်တော် ရှင်ပါးသိသော် မင်းကြီးအား လျှောက်ထားသည်။

မင်းကြီးသည် သားကင်သည် ခေါ်၍စစ်မေးသည်။ အဖြစ်မှန် သိသွားသည်။ ထိုအခါ သားကင်သည်ကို ဒဏ်ပေးသည်။
mgyoe.com

mgyoe.com
ရှင်မောက်ကို "ဝက်လက်ခိုးမ"ဟူ၍ ဆဲစမှတ်ပြုသည်။ သီဟသူကိုလည်း စိတ်အခန့်မသင့်က "ဝက်လက်ခိုးမသား"ဟူ၍ ဆဲစမှတ်ပြုသည်။ ထိုအခါ သီဟသူ စိတ်ကွက်၍ ကွယ်ရာ၌ မကောင်းစကားဆိုသည်။ ထိုဆိုသောစကားကို ပုသိမ်စား ဥဇနာကြားသော် "သင်းတို့ သားအမိသည် အခွင့်သာက ခမည်းတော်ကို လုပ်ကြံမည် မချွတ်"ဟူ၍ စွဲမှတ်ထားသည်။

ထို့ကြောင့် ယခု နရသီဟပတေ့ ပုဂံသို့ဆန်မည်ပြုသောအခါ ဥဇနာသည် သီဟသူ့ရန်ကို စိုးရိမ်သဖြင့် သီဟသူကို ဖမ်းလိုက်သည်။ သံခြေချင်းခတ်၍ ပုသိမ်သို့ ယူဆောင်မည်ပြုသည်။ ထိုအခါ သီဟသူက "ငါ့တွင် အပြစ်မရှိ"ဆိုကာ ဟစ်အော် ငိုကြွေး၏။

ထိုငိုကြွေးသံကို မင်းကြီးကြားသော် သနားသဖြင့် သီဟသူကို ကယ်လိုက်သည်။ သံခြေချင်းခတ်လျက်ပင် မိမိဖောင်တော်အနီးရှိ လှေတစ်စင်း၌ထားသည်။ ထိုစဉ် သီဟသူ၏ ကျွန်ယုံနှစ်ယောက်သည် တံငါသည်ဟန်ဆောင်ကာ သီဟသူကို ခိုးထုတ်သွားကြသည်။ သီဟသူလည်း လွတ်မြောက်သည်နှင့် တစ်ပြိုင်နက် ပြည်သို့ အလျင်ဆန်သည်။ ရဲမက်ဗိုလ်ပါစုရုံး၍ မြို့ပြခိုင်လုံအောင်ပြုကာ အသင့်စောင့်နေနှင့်လေသည်။

ထိုအကြောင်းကို မိဖုရားစောကြားသိသဖြင့် နရသီဟပတေ့အား ပြည်သို့ ဆန်တက်ခြင်းမပြုရန် တားမြစ်ခြင်းပြုပေသည်။ သို့ရာတွင် နရသီဟပတေ့က မနာယူပေ။

"သီဟသူအား သင်းအစ်ကို ဥဇနာက ဖမ်းယူလေသည်ကို ငါ ကယ်၍သာ အသက်လွတ်သည်။ အဘယ်မှာ ငါ့ကို ရန်ပြုအံ့နည်း"ဟု ဆိုသည်။ မိဖုရားစောစကားကို နားမထောင်၊ ရဲမက်ဗိုလ်ပါမစုရုံးဘဲ ပုဂံနေပြည်တော်သို့ ဆန်တက်မြဲ ဆန်တက်သည်။

ပြည်မြို့သို့ရောက်သောအခါ မိဖုရားစော မြင်သည့်အတိုင်းပင် သီဟသူက ရန်ပြုလေတော့သည်။ သီဟသူသည် ရဲမက်ဗိုလ်ပါ အလုံးအရင်းဖြင့် ဆင်းလာသည်။ ဖောင်တော်မဆန်ရဟု တားမြစ်သည်။ စားတော်ဝယ် အဆိပ်ခတ်ပြီးလျှင်...

"မင်းကြီး စားတော်ခေါ်ပါ"ဟု ဆက်လာသည်။

မင်းကြီးလည်း သီဟသူ့အကြံကိုသိသဖြင့် စားတော်ကို မစားဘဲနေသည်။ ထိုအခါ သီဟသူက သူ့ရဲသုံးရာကို ဓားလှံကိုင်စေ၍ ဖောင်ကိုဝန်းရံလာသည်။ မင်းကြီးကို လုပ်ကြံမည်ပြုသည်။ ထိုအခါ မိဖုရားစောက နရသီဟပတေ့မင်းအား "အရှင်မင်းကြီး၊ ကျွန်တော်မအထက်က လျှောက်ထားသောစကားကို ယူတော်မမူ သောကြောင့် ဤသို့ ဖြစ်တော်မူရသည်။ ယခု သူ့လက်မှ မလွတ်တော့ပြီ။ ဓား၊ လှံ၊ လက်နက်ဘေးဖြင့် သွေးသံရဲရဲ သေတော်မူရသည်ထက် ဆေးထည့်သော စားတော်ကိုစား၍ ကြမ္မာကုန်ခြင်းက မြတ်သေးသည်။ စားတော်ကိုသာ စားပါလော့" ဟူ၍ လျှောက်၏။
mgyoe.com

mg မင်းကြီးလည်း "ငါသည် နိဗ္ဗာန်ကို မရောက်သေးမီ ဤသံသရာဝယ် ကျင်လည်လေသမျှဘဝ၌ သားယောကျ်ား မရသည်ဖြစ်စေသော"ဟု ဆုတောင်းသစ္စာ ပြုသည်။ လက်စွပ်တော်ကို ရေစက်ချပြီးသော် မိဖုရာဖွားစောကို အပ်တော်မူသည်။ ထို့နောက် စားတော်ခေါ်သောခဏ၌ အနိစ္စရောက်လေသည်။

သီဟသူသည် ခမည်းတော်လွန်သောအခါ ပုသိမ်ကို တိုက်ခိုက်သိမ်းပိုက်သည်။ နောင်တော် ပုသိမ်စားဥဇနာသည် မကျန်းမာ၍ သလွန်ပေါ်၌ အသည်းအသန် ဝေဒနာခံစားနေရရှာသည်။ သီဟသူက မညှာ။ နောင်တော်ကို ရက်စက်စွာ သတ်လေသည်။

ထို့နောက် သီဟသူသည် နောင်တော် ဒလစားကျော်စွာကို သွားရောက် တိုက်ခိုက်ပြန်သည်။ မအောင်မြင်။ ပဲခူးကိုသိမ်းပြီးမှ ဒလကို ပြန်တိုက်မည်ဟု ကြံစည်ကာ ပဲခူးကို တိုက်သည်။ ပဲခူးစားငပမွန်က မြို့ထိပ်ပြထက်ကနေ၍ ဆဲရေးသည်။ သီဟသူ အမျက်ပြင်းစွာထွက်၍ လေးနှင့်ပစ်မည်ဟု လေးကိုင်သည်။ အငင်လွန်၍ မိမိမြားပင် မိမိကိုစူး၍ သေလေ၏။

သည်တွင် မိဖုရားဖွားစောသည် မှူးမတ်တို့နှင့် စုရုံးတိုင်ပင်ကာ ဒလစား ကျော်စွာကို ပုဂံမင်းအဖြစ် မင်းမြှောက်လေသည်။ မိဖုရားအဖြစ်ကိုလည်း ခံယူလေသည်။

မိဖုရားဖွားစောသည် ပုဂံနန်းရိုး မင်းသမီးတစ်ပါး ဖြစ်သည်။ ကျစွာမင်းကြီး၏ မြေးတော်ဖြစ်သည်။ ကျစွာမင်းကြီးသည် ဖွားစောကို အလွန်ချစ်မြတ်နိုးသဖြင့် သမီးဟု ခေါ်လေ့ရှိပေသည်။ အသက်အရွယ် ကြီးရင့်လာသော်လည်း ကျစွာမင်း အနွယ်ကို ကိုယ်စားပြုသော ဖွားစော၏တန်ခိုးအရှိန်မှာ ကျော်စွာလက်ထက်တွင် ထင်ရှားဆဲဖြစ်သည်။ ဆယ့်တစ်ခရိုင်၌ အခြေစိုက်လျက် ဩဇာကြီးလာသော အသခ်ယာ၊ ရာဇသင်္ကြံနှင့် သီဟသူ ရှမ်းညီနောင်သုံးဦးတို့လည်း မိဖုရားစောကို လေးစားရိုသေခဲ့ကြပေသည်။

မိဖုရားဖွားစောတွင် ရာဇသူအမည်ရှိသော သားတော်တစ်ပါးရှိသည်။ ရာဇသူသည် ကျော်စွာမင်းလက်ထက်တွင် ပုဂံပြည်မှာပင် စေတီတစ်ဆူတည်၍ ကောင်းမှုကုသိုလ်ပြုရန် စီစဉ်သည်။ သို့ရာတွင် ကောင်းမှုမပြီးမီ အနိစ္စရောက်သွားရှာသည်။ မိဖုရားစောသည် လွန်စွာစိတ်ထိခိုက်သွားသည်။ သတိသံဝေဂလည်းရသည်။ သားတော်၏ ကောင်းမှုစေတီကို ပြီးဆုံးအောင် ဆက်လက်တည်သည်။ ကုသိုလ်ကောင်းမှုများ ပြုသည်။ ထို့နောက် ဆုတောင်းစာကို ကျောက်စာရေးထိုးထားခဲ့သည်။ ကျောက်စာတစ်နေရာတွင်...

"သက္ကရာဇ် ၆၅၃ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၅ နေ့ အစောရာဇသူ စေတီတည်သော သခင်ရာဇသူနှလုံးထိတ်လန့်ရကား၊ ငါ၏ မိဘဘိုးဘေးတို့လည်း အမွေဥစ္စာကို စွန့်ခဲ့၍ သွားခဲ့ကုန်၏။ ချစ်စွာသော ငါ့သားလုလည်း အမွေဥစ္စာတို့နှင့်တကွ ငါအမိရင်းကို

mgyoe.com

mgyoe.com
စွန့်ခဲ့ပြီတကား။ ငါလည်း သူမယူနိုင်၍ထားခဲ့သော အမွေဥစ္စာကို ငါလည်း ထိုသို့ လည်းကောင်း မပါတတ်သည့်အကြောင်းကိုသိရကား ငါ့မိ၊ ငါ့ဘ၊ ငါ့သား အမျိုးခပ်သိမ်း တို့ နိဗ္ဗာန်၏ ပစ္စည်းအထောက်အပံ့ ဖြစ်စိမ့်သောငှာ လှူတုံသော..." စသည်ဖြင့် လှိုက်လှဲစွာ ရေးသားဖော်ပြထားပေသည်။

မိဖုရားဖွားစောတွင် မောင်သုံးယောက်နှင့် ညီမနှစ်ယောက်ရှိသည်။ ဖွားစော မည်သည့်ခုနှစ်တွင် အနိစ္စရောက်သည်ကို အတိအကျ မသိရပေ။ သို့ရာတွင် ကျော်စွာ အလျင် အနိစ္စရောက်သည်ကား ထင်ရှားသည်။ ခရစ်နှစ် ၁၂၉၅–၉၆ ခုနှစ်လောက်တွင် အနိစ္စရောက်သည်ဟု ယူဆကြသည်။ ဖွားစောမရှိလျှင် ညီမတော်သည် ဖွားစောအမည် ဖြင့်ပင် မိဖုရားအရာကို ဆက်ခံခဲ့သည်။ ကျော်စွာမင်း အနိစ္စရောက်သောအခါ ညီမတော် ဖွားစောသည် စောနစ်မင်း၏ မိဖုရားကြီး ဖြစ်လာခဲ့ပေသည်။ "နရသီဟ ပတေ့မင်း၏ မဟေသီ မိဖုရားခေါင်ကြီး မိဖုရားဖွားစောကား ဉာဏ်ပညာနှင့် ပြည့်စုံသော မြန်မာ့ ဂုဏ်ဆောင် ပုဂံအမျိုးသမီးကြီးပင် ဖြစ်ပေသည်တကား"

## မှတ်ချက်

၁။ ခေတ်သစ်သမိုင်းသုတေသနပညာရှင်တို့၏ အဆိုအရ ပုဂံခေတ်တွင် "ဖွားစော" သုံးဦး ပေါ်ထွန်းသည်။ ပထမဖွားစောမှာ မင်းဝိုင်းကျောက်စာကို ရေးထိုးသော ဖွားစောဖြစ်သည်။ နရသိင်္ဃဥဇ္ဇနာမင်းလက်ထက် (၁၂၃၀–၁၂၃၅ ခုနှစ်)မှ နရသီဟပတေ့မင်းလက်ထက် (၁၂၅၆–၈၇) ၁၂၇၃ ခုနှစ်ခန့်အထိ ထွန်းကားသည်။ ဒုတိယဖွားစောမှာ ယခုတင်ပြသော နရသီဟပတေ့၏ မိဖုရားကြီး ဖွားစော ဖြစ်သည်။ စောလှဝန်းကျောက်စာကို ရေးထိုးသဖြင့် စောလှဝန်း ဖွားစောဟူ၍လည်း ခေါ်ကြသည်။ ရာဇသူ၏မယ်တော်ဖြစ်သဖြင့် ရာဇသူဖွားစောဟုလည်း ခေါ်ကြသည်။ နရသီဟပတေ့မင်းလက်ထက် ၁၂၆၂ ခုနှစ်ခန့်မှ ကျော်စွာမင်း လက်ထက် ၁၂၉၅–၉၆ ခုနှစ်ခန့်အထိ ထွန်းကားသည်။ တတိယဖွားစောမှာ ဒုတိယဖွားစော၏ ညီမတော်ဖြစ်သည်။ သစ်မထီးအရပ်တွင် နေထိုင်ခဲ့သဖြင့် သစ်မထီးဖွားစောဟူ၍လည်းခေါ်သည်။ ကျော်စွာမင်းလက်ထက် ၁၂၉၅–၉၆ ခုနှစ်ခန့်မှ စောနစ်မင်းလက်ထက် ၁၃၃၄ ခုနှစ်အထိ ထွန်းကားသည်။ တတိယ ဖွားစောသည်လည်း ကျောက်စာများ ရေးထိုးခဲ့သည်။

၂။ ယခုတင်ပြသော ဒုတိယဖွားစောမှာ အချို့သမိုင်းစာအုပ်များတွင် ပါသကဲ့သို့ တောင်သူကြီးသမီး မဟုတ်။ ကျစွာမင်းကြီး၏ မြေးတော်ဖြစ်၍ ပုဂံနန်းရိုး မင်းသမီး
mgyoe.com

mgyoe.com
တစ်ပါးဖြစ်ကြောင်း ခေတ်သစ်သမိုင်းသုတေသနပညာရှင်တို့က ကျောက်စာများကို အခိုင်အမာ ကိုးကားတင်ပြထားကြသည်။

(ကျမ်းကိုး)

၁။ မဟာရာဇဝင်ကြီး။ (ဦးကုလား)
၂။ ပြည်ထောင်စုသမိုင်းမှတ်တိုင်များ။ (မဟာဝိဇ္ဇာဘွဲ့ရဦးသိန်းဟန်)
၃။ ပုဂံခေတ်ဖွားစောများ။ (ဗိုလ်မှူးဘရှင်)
(ငွေရတုသဘင်အထိမ်းအမှတ် ပုံနှိပ်ပြီး စာတမ်းစု)
၄။ မိဖုရားစော။ [ဂျီ၊ အိပ်(ချ်)၊ လု(စ်) (မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၃)]
၅။ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း။
(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စည်းရုံး ရေးဗဟိုကော်မတီဌာနချုပ်)
၆။ မြန်မာ့ဂုဏ်ရည်။ (ဦးဖိုးကျား)

■

mgyoe.com

mgyoe.com

# [illegible]



mgyoe.com

mgyoe.com

# မင်းထီး

"ငါသည် မင်းကျင့်တရားနှင့်အညီ ကျင့်ကြံသူဖြစ်သည်။ မည်သူ့မျက်နှာကိုမျှ မထောက်နိုင်၊ ဦးရီးတော်ဖြစ်သော်လည်း ခွင့်မလွှတ်နိုင်၊ မင်းအာဏာကို ဖောက်ဖျက်သဖြင့် ပြစ်ဒဏ်စီရင်ရမည်"

မင်းထီးက သည်လိုမိန့်၍ ဦးရီးတော်ကို ပြစ်ဒဏ်စီရင်လိုက်သောအခါ မှူးမတ်ပြည်သူအပေါင်းသည် အံ့ချီးမဆုံးရှိကြပေသည်။ ထိုအချိန်က မင်းထီးသည် အသက်ကိုးနှစ်အရွယ်သာ ရှိသေးသည်။ ခမည်းတော် နတ်ရွာစံသဖြင့် ရခိုင်ထီးနန်းကို အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရရှိလာသူဖြစ်သည်။

ငယ်ရွယ်သဖြင့်လည်း မင်းထီးသည် ဦးရီးတော်အနန္တဘယ၏ ရင်ခွင်ထက်၌ ထိုင်လျက်သာ မင်းပွဲခံရပေသည်။

မင်းထီးသည် ဘုရင်ဖြစ်လာသောအခါ မှူးမတ်များနှင့် ညှိနှိုင်းတိုင်ပင်၍ မင်းအာဏာငါးရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းတို့ကား သားမကောင်းလျှင် အဖကို စီရင်မည်။ သမီးမကောင်းလျှင် အမိကိုစီရင်မည်။ မယားမကောင်းလျှင် လင်ကို စီရင်မည်။ တပည့်မကောင်းလျှင် ဆရာကို စီရင်မည်။ ကျွန်မကောင်းလျှင် သခင်ကို စီရင်မည်ဟူ၍ ဖြစ်သည်။

ထိုစဉ်က ရခိုင်မင်းတို့စိုးစံရာ မင်းနေပြည်သည် လောင်းကြက်မြို့ဖြစ်သည်။ မင်းထီးသည် လောင်းကြက်မြို့မှာပင် စံမြန်းသည်။

တစ်နေ့တွင် လောင်းကြက်မြို့နေ သူဌေးခနဥယ၏ ကျွန်နှစ်ယောက်သည် လက်မဘက်ရွာတွင် နွားတစ်ကောင်ကို ခိုးယူသတ်စားကြသည်။ နွားပိုင်ရှင်နှင့် ရွာသားများက ဖမ်းဆီးရာ နွားသူခိုးများကို လက်ရဖမ်းဆီးမိကြသည်။

mgyoe.com

သူဌေးလည်း မင်းအာဏာကို ကြောက်လှသောကြောင့် ဘုရင့်ဦးရိုးတော် အနန္တဘယထံ ချဉ်းကပ်သည်။

"အရှင်...ကျွန်ုပ်ရှင် ခံတော်မူပါ"ဟု လျှောက်ထားပြီးလျှင် ငွေအသပြာတစ်ထောင် ပေးဆက်သည်။

အနန္တဘယလည်း "ငါသည် ဘုရင့်မယ်တော် သုဘဒ္ဒါဒေဝီ၏ မောင်တော်အရင်း လည်းဖြစ်သည်။ ဒါဂါမြို့စားလည်း ဖြစ်သည်။ ဘုရင်သည် ငါ့ရင်ခွင်၌ပင် ထိုင်လျက် မင်းပွဲသဘင်ခံသည်။ ငါ့ကို ပြစ်ဒဏ်စီရင်မည်မဟုတ်"ဟု စဉ်းစားကာ အသပြာငွေကို အကြည်အသာ လက်ခံလိုက်သည်။

တရားခံများကို ရုံးတော်၌စစ်ဆေးသော် ဦးရိုးတော်အနန္တဘယ၏ကျွန်များ ဖြစ်ပါသည်ဟု အစစ်ခံကြ၏။ အနန္တဘယကလည်း ဟုတ်မှန်ပေသည်ဟု ဝန်ခံ၏။

ထိုအခါ မင်းထီးက စစ်တကောင်းစား ဝိမလအမတ်အား မင်းအာဏာအား ဖျက်သူကို ကျမ်းဂန်များ၌ မည်သို့ဆိုသည်။ ဘေးတော်၊ ဘိတော် ထီးနန်းမင်းဆက် မည်သို့စီရင်သည်ကို မေးမြန်းသည်။

ဝိမလအမတ်က မင်းကျင့်တရား(၁၀)ပါးကို တင်ပြပြီးလျှင် မင်းပြစ်ရောက်သူကို သင့်မသင့်၊ မှန်မမှန် စစ်ဆေးဆင်ခြင်ကြောင်း၊ အမှုထိုက်သူကိုလည်း မျက်နှာကြီးငယ်မရွေး ပြစ်ဒဏ်စီရင်ကြောင်း အစဉ်အလာကို လျှောက်ထားသည်။

သည်တွင် မင်းထီးက အစတွင်ဖော်ပြသည့်အတိုင်း ပြတ်သားစွာမိန့်ဆိုကာ ဦးရိုး တော်ကို ပြစ်ဒဏ်စီရင်လိုက်ပေသည်။

မင်းထီးသည် သက်တော် ၁၅ နှစ်အရွယ်သို့ ရောက်သောအခါ ဦးရိုးတော် အနန္တဘယ၏သမီး မြတ်ရွှေညာကိုပင် တောင်ညာနန်း၌ ဘိသိက်ခံယူခဲ့ပေသည်။

တစ်ခါသော် မင်းထီးသည် မိမိ၏ကျေးကျွန်တစ်ယောက်ကို အမတ်ခန့်သည်။ ထိုအခါ မိဖုရားက မိမိ၏မောင်တော်မှာ မင်းမျိုးမင်းနွယ်ဖြစ်သဖြင့် အမတ်ခန့်ထားရန် ပိုမိုသင့်လျော်ကြောင်း လျှောက်ထားသည်။

မင်းထီးက ယခုခန့်ထားသူမှာ ကျေးကျွန်ပင်ဖြစ်သော်လည်း မိဖုရား မောင်တော် ထက် ပညာအမြော်အမြင် ပိုမိုရှိသည်။ သို့ကြောင့် မိမိခန့်ထားသည်ဟူ၍ မိန့်တော်မူ သည်။

မိဖုရားက ကျေးကျွန်က ပိုမို ဉာဏ်ပညာအမြော်အမြင် ရှိသည်ဆိုသည်ကို မကျေ နပ်နိုင်။ ထိုအခါ မင်းထီးက အဖြစ်မှန်ကို သိစေအံ့ဆိုကာ ထိုသူနှစ်ယောက်ကို ခေါ် သည်။

mgyoe.com
"အချင်းတို့ နန်းတော်အောက်နားတွင် ခွေးမတစ်ကောင် ခွေးငယ်အများ မွေးလျက်ရှိသည်။ သွား၍ကြည့်ကြလော့"

ထိုသူနှစ်ယောက် သွားကြည့်ကြသည်။ မိဖုရားမောင်သည် ဘုရင်မင်းမြတ်နှစ်သက်စေရန်ဟု အလျင်အမြန်ကြည့်ရှုသည်။ အလျင်အမြန် ပြန်လာလေသည်။

အမတ်ခန့်ထားခြင်းခံရသူကား "ဤသို့ သေးသိမ်သောအရာကို ဘုရင်မင်းမြတ်အကြောင်းမဲ့ မစေခိုင်းရာ၊ တစ်စုံတစ်ခုသော အကြောင်းရှိရာ၏" ဟု တွေးဆသည်။ အလျင်စလိုမပြု။ သေချာစေ့ငုစွာ ကြည့်ရှုမှတ်သားသည်။

မင်းထိးလည်း အလျင်အမြန်ပြန်လာသော မိဖုရားမောင်တော်အား မေးမြန်းသည်။

"ခွေးများ မွေးပြီလော"

"မွေးပါပြီ အရှင်"

"ခွေးကလေး ဘယ်နှကောင် မွေးပါသနည်း"

မိဖုရားမောင်တော်သည် မဖြေနိုင်။ ပြေးဆင်းသွားပြီးလျှင် ခွေးကလေးများကို ရေတွက်ရသည်။ ထို့နောက် ပြေးလာပြီးလျှင် ခွေးကလေး မည်ရွေ့မည်မျှရှိကြောင်း လျှောက်ထားသည်။

ထို့နောက် မင်းထိးက "ခွေးကလေး အထီး ဘယ်နှကောင်၊ အမ ဘယ်နှကောင်နည်း"ဟု မေးပြန်သည်။ မိဖုရားမောင်မှာ မဖြေနိုင်။ ပြေးကြည့်ရပြန်သည်။ တစ်ဖန်ပြေးလာပြီး ခွေးကလေး အထီးဘယ်နှကောင်၊ အစ်မဘယ်နှကောင်ဟူ၍ ဖြေကြားသည်။ ထို့နောက် မင်းထိးက "ခွေးကလေးအဖြူ ဘယ်နှကောင်၊ အနီ ဘယ်နှကောင်နည်း"ဟု မေးပြန်သည်။ မိဖုရားမောင်မှာ မဖြေနိုင်။ ပြေးကြည့်ရပြန်သည်။ တစ်ဖန်ပြေးလာပြီး ခွေးကလေးအဖြူ ဘယ်နှကောင်၊ အနီဘယ်နှကောင်ဟူ၍ ဖြေကြားသည်။ သူသည် ဘုရင်မေးတိုင်း ချက်ချင်းမဖြေနိုင်။ သွား၍သွား၍ ကြည့်ပြီးမှ ဖြေဆိုလျှောက်ထားနိုင်သည်။

သည်အတွင်း အမတ်ခန့်ထားသူ ရောက်လာသည်။ မင်းထိးက မိဖုရားမောင်တော်နည်းအတိုင်း မေးမြန်းသည်။ အမတ်သည် မိဖုရားမောင်ကဲ့သို့မဟုတ်။ ပြေး၍ ကြည့်ရန်မလို။ အစစအရာရာ လိုလေသေးမရှိ မှတ်သားလာသူဖြစ်ရာ ဘုရင်မေးသမျှကို ချက်ချင်းပင် စေ့ငုစုံလင်စွာ ဖြေဆိုလျှောက်ထားနိုင်လေသည်။

သည်တွင် မင်းထိးက မိဖုရားအား "သည်သူနှစ်ဦး ခြားနားပုံကို အသင်မိဖုရားကိုယ်တိုင် တွေ့မြင်ကြားသိရပြီမဟုတ်လော။ အသင်၏မောင်မှာ မှူးမတ်ရာထူးနှင့်မတန်၊ မင်းလုလင် အစေအခိုင်းမျှလောက်နှင့်သာ သင့်လျော်သည်၊ ငါ ရွေးကောက်သူမှာကား
mgyoe.com

mgyoe.com
တစ်ကြိမ်ကြည့်ရုံနှင့် အရာရာကို ပညာဖြင့် တွေးခေါ်ဆင်ခြင် မှတ်သားနိုင်သည်။ အချိန်မကုန်ဘဲနှင့် အကျိုးကို ပြီးစေနိုင်သူဖြစ်သည်။ တိုင်းရေးပြည်ရေးကို ဆင်ခြင်ကြည့်ရှုဆောင်ရွက်နိုင်သူဖြစ်သည်"ဟူ၍ မိန့်ဆိုသည်။

မိဖုရားလည်း များစွာ ကျေနပ်သွားလေသည်။

ရခိုင်ဘုရင်မင်းထီးသည် အေဒီ ၁၂၈၉ ခုနှစ်မှ ၁၃၇၄ ခုနှစ်အထိ စိုးစံခဲ့သည်။ မင်းထီးလက်ထက်မှစ၍ ရခိုင်သည် ထင်ရှားလာသည်။ တိုင်းတစ်ပါးသားတို့ တိုက်ခိုက်မှုကို အောင်မြင်စွာ ချေမှုန်းနိုင်မှုသည်လည်း အဓိကအချက်တစ်ရပ်ဖြစ်သည်။

တစ်ခါသော် ဘင်္ဂါတစ်ဆယ့်နှစ်မြို့သားတို့သည် ဘုရင်မင်းထီးပိုင်သော စစ်တကောင်းကို သိမ်းပိုက်လိုသဖြင့် စစ်တကောင်းမြို့ တည်ရှိရာဖြစ်သော ဟင်းရာမြစ်တွင်းသို့ဝင်၍ ရွက်သင်္ဘောတစ်ရာ၊ လက်နက်အစုံတို့နှင့် ပိတ်ဆို့ထားလေသည်။

စစ်တကောင်းစားလည်း ထိုအကြောင်းကို မင်းထီးအား လျှောက်သည်။ မင်းထီးလည်း စစ်သူကြီးဓမ္မဇေယျ၊ ကိုယ်ရံကြီးပြသထတို့ကို ဦးဆောင် တိုက်ဖျက်စေတော်မူလေသည်။

စစ်သူကြီး ဓမ္မဇေယျနှင့် ကိုယ်ရံကြီးပြသထတို့ ဦးဆောင်သော ရခိုင်ရေတပ်သားတို့သည် ဘင်္ဂါတစ်ဆယ့်နှစ်မြို့သားတို့၏ ရေတပ်ပျက်အောင် ပညာစွမ်းပြ၍ တိုက်ခိုက်ကြသည်။

သူတို့သည် ရှေးဦးစွာ လှေငါးရာပေါ်တွင် ကျောက်တုံးကျောက်ခဲများတင်၍ ဟင်းရာမြစ်ဝသို့ ညဉ့်အချိန် တိတ်တဆိတ်သွားသည်။ ထို့နောက် မြစ်ဝတွင် ထို လှေငါးရာကို မြှုပ်ထားသည်။ ထိုသို့ပြုပြီးသောအခါ ဘင်္ဂါတစ်ဆယ့်နှစ်မြို့သားတို့၏ သင်္ဘောတစ်ရာ အထက်မြစ်ညာသို့သွားကြပြန်သည်။ မြစ်ညာအရပ်တွင် ဝါးဖောင်တစ်ထောင်ကို ပြုသည်။ ထို့နောက် ဝါးဖောင်များပေါ်တွင် အမှိုက်ပြည့်စွာထည့်သည်။ လူသဏ္ဌာန်အရုပ်များလုပ်၍လည်း ထည့်သည်။ ထိုသို့ပြုပြီးမှ မီးလောင်ပေါက်ကွဲတတ်သော ယမ်းအိုးများကို ထည့်သည်။

ထိုသို့ စီရင်ပြီးနောက် ဒီရေကျချိန်တွင် ထိုဝါးဖောင်တို့ကို မြစ်ညာမှ မျှောချလေသည်။ ဘင်္ဂါသားတို့သည် မျောလာသော ဝါးဖောင်များပေါ်တွင် လူရုပ်များကို မြင်သောအခါ အကယ်ထင်၍ အမြောက်နှင့်ပစ်ကြသည်။ ကျည်ဆန်တို့သည် ယမ်းအိုးများကိုမှန်သောအခါ အမှိုက်များ မီးစွဲ၍လောင်လေသည်။ တစ်ဖန် အမှိုက်များမှတစ်ဆင့် ဖောင်များကိုလည်း မီးစွဲလောင်လေသည်။ ထိုမီးစွဲလောင်နေသော ဖောင်များသည် ဘင်္ဂါသင်္ဘောများဆီသို့ ချဉ်းကပ်လာသည်။ ဘင်္ဂါသင်္ဘောသားတို့သည် မည်သို့မျှမတတ်နိုင်။
mgyoe.com

mgyoe.com
သင်္ဘောကျောက်ဆူးများကိုဖြုတ်၍ မြစ်ဝသို့ အပြင်းစုန်ကြလေသည်။ သို့ရာတွင် မြစ်ဝ၌ ရေကြောင်းပိတ်ဆို့နေရာ သင်္ဘောတို့ မထွက်နိုင်ရှိလေသည်။ မီးတောက်မီးလျှံထနေသော ဝါးဖောင်တို့သည်လည်း ထပ်ကာထပ်ကာ မျောလာကြသည်။ ဘင်္ဂါသင်္ဘောတို့ကို ဝင်တိုးကြသည်။ ဘင်္ဂါသင်္ဘောတစ်ရာလုံးပင် မီးစွဲလောင်၍ ပျက်စီးကြလေသည်။

စစ်သူကြီးဓမ္မဇေယျနှင့် ကိုယ်ရံကြီးပြည်သထတို့ အမှူးပြုသော ရခိုင်ရေတပ်သားတို့သည် စစ်တကောင်းမြို့ကို ရန်သူ့လက်မှ ပြန်ယူနိုင်ကြပေသည်။

မင်းထီးသည် ဘင်္ဂါနယ်သားတို့ လာရောက်တိုက်ခိုက်မှုကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သူ ဖြစ်သည်။ မင်းထီးလက်အောက်တွင် စစ်တကောင်း၊ မောက်သူဇာ (မူရှိဒါဗက်) နှင့် ဒါးကား(ဒက္ကား)မြို့တို့ကိုပင် သိမ်းပိုက်နိုင်သည်။ မင်းထီး၏တပ်တို့သည် မြန်မာနိုင်ငံအလယ်ပိုင်း သရက်အထိ လာရောက်တိုက်ခိုက်နိုင်ပြီးလျှင် သရက်မင်းရှင်စောကိုပင် ခေါ်ဆောင်သွားခဲ့သည်။

မင်းထီးသည် မင်းအာဏာနှင့် စည်းကမ်းဥပဒေကို အံ့ချီးဖွယ် ရှိသေလိုက်နာသူ အဖြစ် ထင်ရှားသည်။

မှူးမတ်စသူတို့သည် ကွမ်းစားပြီးလျှင် နန်းတော်တိုင်များကို အမှတ်မဲ့ ထုံးသုတ်လေ့ရှိသည်။ နန်းတော်တိုင်များမှာ ထုံးများဖြင့် ပေကျံနေသည်။

ထိုအခါ မင်းထီးက "နန်းတော်တိုင်များကို ထုံးမသုတ်ရ၊ သုတ်သည့်လက်များကို ဖြတ်မည်"ဟူ၍ အမိန့်တော်ထုတ်သည်။

တစ်နေ့သ၌ ဘုရင်မင်းထီးကိုယ်တိုင်ပင် ကွမ်းစားပြီးနောက် အနီးရှိ နန်းတော်တိုင်ကို လက်ညှိုးဖြင့် အမှတ်မဲ့ ထုံးသုတ်မိလေသည်။ အမတ်တစ်ဦးကမြင်ရာ ထုံးသုတ်ခဲ့သော နေ့၊ ရက်၊ အချိန်နာရီ စသည်တို့ကို အသေအချာ စာဖြင့် ရေးမှတ်ထားလိုက်သည်။

နောက် ၁၅ ရက်ခန့်ကြာသောအခါ ဘုရင်မင်းထီးသည် မှူးမတ်အစုံအညီဖြင့် ညီလာခံနေစဉ် ထိုထုံးမှတ်ကို မြင်တွေ့သွားသည်။

"သည်တိုင်ကို မည်သူ ထုံးသုတ်သနည်း"ဟူ၍ မေးမြန်းသည်။

အခြားမှူးမတ်များမသိ၍ မလျှောက်ထားနိုင်။

သည်တွင် မှတ်သားထားသောအမတ်က ထုံးသုတ်မိသူမှာ ဘုရင်မင်းမြတ် ကိုယ်တိုင်ဖြစ်ကြောင်း၊ မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင်သုတ်ကြောင်း တင်လျှောက်သည်။

သေချာစွာ ရေးမှတ်ထားသောစာကိုလည်း တင်ဆက်သည်။

mgyoe.com

mgyoe.com
ဘုရင်မင်းထီးလည်း "ဤသို့ဖြစ်လျှင် ငါပင် စည်းကမ်းဥပဒေကို ကျူးလွန်သူဖြစ်တော့သည်"ဟု မိန့်တော်မူကာ ပရိသတ်ရှေ့မှာပင် မိမိ၏လက်ညှိုးကို သန်လျက်ဖြင့် ဖြတ်လိုက်လေသည်။

မှူးမတ်ပရိသတ်တို့လည်း များစွာအံ့သြချီးမွမ်း၍ ကောင်းချီးပေးကြလေသည်။

ပုဂံပျက်သုဉ်းပြီးနောက် အင်းဝကို စတင်တည်ထောင်ရန် ကြိုးပမ်းနေချိန်တွင် ရခိုင်၌ မင်းထီးနန်းစံခြင်းဖြစ်သည်။ မြန်မာ့သမိုင်းတွင် မင်းထီးသည် အရည်အချင်းနှင့်ပြည့်စုံသောမင်းဖြစ်၍ မိမိထုတ်ပြန်သော တရားဥပဒေကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်သူအဖြစ် ကျော်ကြားပေသည်။

## မှတ်ချက်

– ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်စာအုပ်တွင် လောင်းကြက်မြို့အနီး နန်းကျအရပ်၌ ဘုရားရုပ်တုတော်တစ်ဆူရှိရာ ရှေးအခါက ၎င်းရုပ်တုတော်၏ လက်ယာဘက်လက်တော်တွင် လက်လေးချောင်းသာ ရှိသည်။ လက်ညှိုးတော် မပါရှိချေ။ ဤသို့ဘုရားတည်ထားသည်မှာ ဘုရင်မင်းထီး၏လက်တွင် လက်ညှိုးမရှိ၊ လက်လေးချောင်းသာရှိသောကြောင့်ဖြစ်သည်ဟု ပြောကြသည်။ တစ်နည်းအားဖြင့် ဘုရင်မင်းထီး၏ မြင့်မြတ်သောအပြုအမူကို အထိမ်းအမှတ်ဖြစ်စေရန် ဤသို့ တည်ထားသည်ဟု ယူရန်လည်းရှိသည်ဟူ၍ ဖော်ပြထားသည်။

*ဒေါက်တာကျော်သက်၏ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းစာအုပ်တွင် စစ်တွေနယ်ရှိ နန်းရာရွာတွင် လက်ချောင်းတော်မပါဘဲ သွန်းလုပ်ထားသော ရုပ်ပွားတော်တစ်ဆူ ရှိလေသည်။ ဤသို့ သွန်းလုပ်ရသည့်အကြောင်းမှာ နန်းတော် ရင်ပြင်တွင်ရှိသော နန်းတော်တိုင်များကို ကွမ်းစားပြီးလျှင် ထုံးသုတ်ပါက သုတ်သောလက်ချောင်းကို ဖြတ်၍ အပြစ်ဒဏ်ပေးမည်ဟု အမိန့်ထုတ်ပြန်ထားရာမှ (ဘုရင်မင်းထီး)ကိုယ်တော်တိုင် အပြစ်ကျူးလွန်မိသည့်အတွက် မိမိကိုယ်တိုင်ကိုပင်မညှာမတာ တရားဥပဒေအတိုင်း စီရင်ရမည်ဟု လက်ချောင်းကို ဖြတ်ပစ်လေသည်။ ထိုအထိမ်းအမှတ်အဖြစ် ဤရုပ်ပွားတော်ကို သွန်းလုပ်သည်ဟု အဆိုရှိလေသည်ဟူ၍ ဖော်ပြထားပေသည်။

mgyoe.com

(ကျမ်းကိုး)

၁။ ဦးကုလားမဟာရာဇဝင်။ (ပထမတွဲ)
၂။ မှန်နန်းမဟာရာဇဝင်။ (ဒုတိယတွဲ)
၃။ မြဝတီအရေးတော်ပုံ။ (အရေးတော်ပုံ ငါးစောင်တွဲမှ)
၄။ မြန်မာ့ဂုဏ်ရည်။ (ဦးဖိုးကျား)
၅။ ပြည်ထောင်စုသမိုင်းပုံပြင်များ။ (မဟာဝိဇ္ဇာဘွဲ့ရဦးသိန်းဟန်)
၆။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း။ (ဒေါက်တာကျော်သက်)
၇။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း။ (ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်)

■

mgyoe.com

mgyoe.com

# မဟာပညာကျော်



mgyoe.com

mgyoe.com

# မဟာပညာကျော်

တစ်ခါသော် သီဟိုဠ်(သီရိလင်္ကာ)မှ သံအဖွဲ့တစ်ဖွဲ့သည် ဓညဝတီ ရခိုင်ပြည် မြောက်ဦးမြို့တော်သို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် ဓညဝတီ ရခိုင်ပြည်တွင် မင်းဖလောင်း စိုးစံလျက်ရှိသည်။

သီဟိုဠ်အဖွဲ့သည် သီဟိုဠ်ဘုရင် ကောလမ္ဗမင်းပေးလိုက်သော ရွှေပေချပ်ကို မင်းဖလောင်းအား ဆက်သသည်။ မင်းဖလောင်းသည် ရွှေပေကို ကြည့်သည်။ စာတစ်လုံးမျှ မတွေ့။ သည်တွင် အတိုင်ပင်ခံပညာရှိအမတ်ကြီး မဟာပညာကျော်လက်သို့ အပ်လိုက်သည်။

မဟာပညာကျော်သည် သီဟိုဠ်မင်းက ပညာစမ်းခြင်းဖြစ်လိမ့်မည်ဟု စဉ်းစားကာ ရွှေပေကိုလိပ်၍ ပွတ်လေသည်။ ထိုအခါ ရွှေပေတွင် “မီး”၊ “ရေ”ဟူသော စာနှစ်လုံး ပေါ်လာသည်။

မဟာပညာကျော်လည်း ထိုစာနှစ်လုံးကို ကြည့်ရှုဆင်ခြင်ပြီးသော် မင်းကြီးကို လျှောက်ထားသည်။

“အရှင်မင်းကြီး၊ ရွှေပေတွင် “မီး”၊ “ရေ”ဟူသော စာနှစ်လုံးသာ ပါရှိပါသည်။ ရှေးပညာရှိတို့ “မီးလွန်သော် ချစ်သည်၊ ရေလွန်သော် ပျစ်သည်”ဟူ၍ ဆိုခဲ့ကြပါသည်။ ရာဇပျို့တွင်လည်း “ပြည်ကြီးဝန်ကို၊ အိုးတန်ဆန်ခတ်၊ မင်းကျင့်ဝတ်နှင့်၊ လျောက်ပတ်တင့်စွာ၊ စီရင်ရာသည်”ဟူ၍ ဆိုထားပါသည်။ သည်ကိုရည်၍ သီဟိုဠ်မင်းက အရှင်မင်းကြီးသည် မီးကဲ့သို့ ကျင့်သလော၊ ရေကဲ့သို့ ကျင့်သလော။ မီးကဲ့သို့ကျင့်သော် အာဏာပြင်းလှ၍ မှူးမတ်ပြည်သူတို့ ပင်ပန်းရာသည်။ ရေကဲ့သို့ကျင့်သော် အာဏာ ပျော့ညံ့၍ မှူးမတ်ပြည်သူတို့ မလေးမခန့်ပြုရာသည်။ ထို့ကြောင့် ရေမကြီး၊ မီးမလွန်

mgyoe.com

mgyoe.com
ကျင့်ရန် မှာကြားသောစာ ဖြစ်ပါသည်”

ထိုစကားကို သီဟိုဠ်သံအဖွဲ့ဝင်တို့ကြားသော် “ဟုတ်ပါပေသည်”ဟူ၍ဆိုကာ မဟာပညာကျော်ကို ချီးကျူးကြသည်။ မဟာပညာကျော်ကို လေးစားကြည်ညိုလှသဖြင့် လက်စွပ်ငါးကွင်း ပူဇော်သည်။ မင်းဖလောင်းကိုလည်း လက်စွပ်ဆယ်ကွင်း ဆက်သလေသည်။

မဟာပညာကျော်လည်း သီဟိုဠ်သံအဖွဲ့အပြန်တွင် ထိုရွှေပေ၌ “နေ၊ လ” ဟူသော စာနှစ်လုံးကို ရေးပေးလိုက်လေသည်။

မဟာပညာကျော်သည် ပျူရွယ်စဉ်ကပင် အမတ်ပညာရှိအဖြစ် အမှုထမ်းလာခဲ့သူ ဖြစ်သည်။ မင်းဗာကြီးခေါ် မင်းဘင် (အေဒီ ၁၅၃၁–၁၅၅၃) လက်ထက်မှစ၍ မြေးတော် မင်းရာဇာကြီး (အေဒီ ၁၅၉၃–၁၆၁၂) လက်ထက်အထိ မင်းအသီးသီးထံတွင် အမှုထမ်းခဲ့သည်။ မင်းများ အထူးအားထားရသူဖြစ်သောကြောင့် စစ်တကောင်းမြို့ကို စားရသည်။

မင်းဖလောင်းသည် မင်းဘင်၏သားတော် ဖြစ်သည်။ ငယ်မည်ချစ်နှောင်း တွင်သည်။ သူသည် အိမ်ရှေ့မင်းသားဘဝ၌ရှိစဉ် တစ်ခါသော် လက်ရုံးအားကိုးဖြင့် အမှုတစ်ခုကို မဆင်မခြင်ပြုမိသည်။ သည်တွင် ခမည်းတော် မင်းဘင်က “သံတွဲစား ချစ်နှောင်းသည် ပညာရှိစကားကို မနာမယူ၊ မင်းသားဖြစ်လျက် ရှေးထုံးဟောင်းသက်သေကို အတပ်မသိ၊ လူမိုက်တို့အလေ့ကို ပြုကျင့်သည်။ မယဉ်သော ဆင်ရိုင်းပမာ ကြမ်းတမ်းခက်ထန်သော အမှုကို ပြုသည်။ လက်ရုံးကိုသာ လေ့လာသည်။ ကောင်းကျိုး၊ မကောင်းကျိုးကို မသိ။ တွေ့ရာ လောင်တတ်သော မီးနှင့်တူသည်။ ပညာရှိထံ နည်းခံစေဦး”ဟူ၍ မိန့်ဆိုကာ မဟာပညာကျော်ထံ အပ်နှံခဲ့ပေသည်။

မဟာပညာကျော်ကလည်း အိမ်ရှေ့မင်းသားချစ်နှောင်းကို ဉာဏ်ပညာနှင့် ပြည့်စုံအောင် သွန်သင်လာခဲ့ပေသည်။ ထို့နောက် အိမ်ရှေ့မင်းသားချစ်နှောင်းသည် “မင်းဖလောင်း” အမည်ခံယူ၍ ဘုရင်ဖြစ်လာခဲ့သည်။ ထိုအခါတွင်လည်း မဟာပညာကျော်ကပင် တိုင်းရေးပြည်ရေးကိစ္စအဝဝကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အကြံဉာဏ်များ ပေးခဲ့ရပေသည်။

တစ်နေ့သော် မင်းဖလောင်းသည် ဥဿလင်းစားငပေါင်တိုကို စိန်တင်စားအရာ ပေးမည် ပြုသည်။ မဟာပညာကျော်က “ဥဿလင်းစားသည် စစ်ထိုးမှုကို အလွန် လိုလားသည်။ အကျိုးအပြစ်ကို မသိတတ်ပါ။ စိန်တင်သားတို့သည်လည်း ရန်လိုလှသည်။ ကိုက်တတ်သောခွေးပမာ ဖြစ်သည်။ ထိုသူတို့ကို အတူမထားသင့်ပါ” ဟူ၍ လျှောက်ထား တားမြစ်သည်။
mgyoe.com

mgyee.com
မင်းကြီးကား အမတ်ကြီး မဟာပညာကျော်၏စကားကို မနာယူ။ ငပေါင်တို၏ သမီး မြသွင်ညိုသည် မင်းကိုယ်လုပ်တော်ဖြစ်သောကြောင့် ငပေါင်တိုကို စိန်တင်စားအရာ ပေးလေသည်။ ခုနစ်လမျှကြာလျှင်ပင် ငပေါင်တိုသည် စိန်တင်သားတို့နှင့် ပူးပေါင်းကာ ခြားနားလေတော့သည်။ မင်းကြီးလည်း မိမိအမှားကိုဝန်ခံကာ "ယခုသော် မည်သို့ပြုရ မည်နည်း"ဟူ၍ မဟာပညာကျော်ကို မေးတော်မူသည်။

မဟာပညာကျော်က "အရှင်မင်းကြီး "သူမိုက်တို့ကို နိုင်လိုမူ ချီးမြှောက်" ဟူ၍ ရှေးသူဟောင်းတို့စကား ရှိပါသည်။ ငပေါင်တိုကို ထပ်မံချီးမြှောက်တော်မူပါ" ဟူ၍ လျှောက်ထား၏။

မင်းကြီးလည်း ရာဇပရိယာယ်ဖြင့် ငပေါင်တိုကို မြို့သစ်စားအရာ ထပ်၍ ပေး တော်မူစေဟူ၍ အမိန့်တော်မှတ်စေသည်။ ငပေါင်တိုလည်း စိတ်မြှောက်လျက် မြို့သစ် ကိုသိမ်းမည်ဟု သွားသည်။ သည်တွင် မြို့သစ်စားက ဖမ်း၍ ဆက်လေ၏။

ထိုအခါ ငပေါင်တိုကို မင်းကြီးက စီရင်မည်ပြုသည်။ မဟာပညာကျော်က စီရင် ခြင်းမပြုရန် တားမြစ်သည်။

"အရှင်မင်းကြီး၊ ငပေါင်တိုကို ဥဿလင်းစားလောက်မျှထားစဉ်က မည်သို့မျှ အထူးအထွေမရှိပါ။ တန်ရာတွင်မထားဘဲ လွန်၍ စိန်တင်စားအရာ ထပ်မံပေးသဖြင့် မာန်မြောက်ခြင်း ဖြစ်ပါသည်။ အမြှောက်လွန်၍ ဤသို့ဖြစ်ပါသည်။ ကျေးကျွန်မကောင်း တိုင်း စီရင်ရသော် ကျေးကျွန်ကုန်ရုံသာ ရှိပါမည်။ အရှည်သုံးတော်မူနိုင်ရန် အသက်ကို လွှတ်သင့်ပါသည်"

ထိုအခါ မင်းကြီးသည် ငပေါင်တိုကို သင့်လျော်သောမင်းမှုထမ်းအဖြစ် ဆက် လက်ခန့်ထားရန် အမတ်ကြီးလက်သို့ အပ်နှံခဲ့လေသည်။

တစ်ခါသော် မင်းကြီး၏သားတော်အလတ် သံတောင်စားသည် အသည်သား တစ်ယောက်ကို သတ်သည်။ ထိုအကြောင်းကို မင်းကြီးသိသော် မဟာပညာကျော်ကို ခေါ်၍ တိုင်ပင်တော်မူသည်။

ထိုအခါ မဟာပညာကျော်က "အရှင်မင်းကြီး၊ သားတော်သည် ခမည်းတော် အာဏာကိုပြိုင်လျက် အာဏာပိုင်အစိုးရ ပြုကျင့်သည်မှာ အပြစ်တစ်ချက်၊ နောင်တော် များ မပြုကျင့်ဝံ့သောအမှုကို ပြုကျင့်သဖြင့် နောင်တော်များကို ကျူးလွန်ရာရောက်သည် မှာလည်း အပြစ်တစ်ချက်၊ မှူးမတ်ပြည်သူတို့ကို မခန့်မလေး ဆိုးသွမ်းပြုမူသည်မှာလည်း အပြစ်တစ်ချက်၊ ပြည့်ရှင်မင်းမှတစ်ပါး မည်သူမျှ ပြည်သူလူအပေါင်းတို့၏ အသက်ကို မပိုင်သော ရှေးထုံးကိုဖျက်၍ ကျင့်သည်မှာလည်း အပြစ်တစ်ချက်၊ ဤသို့သော အပြစ်
mgyee.com

လေးပါးထိုက်သော သားတော်ဖြစ်၍ သင့်တော်သော ပြစ်ဒဏ် စီရင်သင့်ပါသည်"ဟူ၍ လျှောက်ထား၏။

မင်းကြီးသည် သားတော်အား စားကျေးမြို့ရွာ ကျေးကျွန်များကိုရုပ်သိမ်း၍ ဝမ်းစာဝရုံသာပေးကာ မြို့တို့နေရပ် မရိမ်ချောင်းညာ ဝေလာတောင်သို့ ပို့ထားလေသည်။

တစ်နေ့သ၌ အမတ်တော် ဆင်ကဲကြီးဇေယျဗိုလ် ကွယ်လွန်သွားသည်။ မင်းကြီးသည် မှူးမတ်တို့အကြောင်းကို သိလိုသဖြင့် ဆင်ကဲကြီးအမတ်ပိုင်သော သက်ရှိ၊ သက်မဲ့ပစ္စည်းများကို စာရင်းကောက်ယူစေသည်။ ကျေးကျွန်၊ ကျွဲနွား၊ လယ်ယာဥယျာဉ်၊ မှူးမတ်အဆောင်အယောင်များမှအပ ရွှေအသပြာ ခုနစ်ဆယ်၊ ငွေအသပြာတစ်ထောင်သာရှိကြောင်း စာရင်းကောက်သူတို့က တင်လျှောက်ကြသည်။

မင်းကြီးက "ဇေယျဗိုလ်သည် ခမည်းတော်လက်ထက်မှ ယနေ့အထိ အသက်ရှစ်ဆယ်ကျော်တိုင်အောင် ဆင်ကဲအမတ်ကြီးရာထူးကို ထမ်းရွက်လာခဲ့သည်။ သို့စဉ်လျက် ပိုင်ဆိုင်သောအသပြာ နည်းလှသည်။ မည်သည့်အကြောင်းကြောင့်နည်း"ဟူ၍ မေးတော်မူသည်။

ထိုအခါ အမတ်ကြီးမဟာပညာကျော်က "အရှင်မင်းကြီး၊ ဆင်ကဲကြီးဇေယျဗိုလ်သည် မမှန်သောငွေကို ရွံရှာခြင်း၊ မုသား မဆိုခြင်း၊ အဂတိလေးပါး မလိုက်စားခြင်း၊ ဖြောင့်မှန်သည်ကို လိုလားခြင်း၊ တည်ကြည်ခြင်း၊ လောဘအလိုမကြီးခြင်း စသောမှူးကောင်း၊ မတ်ကောင်းတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူဖြစ်ပါသည်။ သို့ကြောင့် ပိုင်ဆိုင်သော ငွေအသပြာပစ္စည်း နည်းပါးခြင်း ဖြစ်ပါသည်" ဟူ၍ လျှောက်ထားသည်။

မင်းကြီးလည်း ဆင်ကဲကြီးကို လေးစားမြတ်နိုးရှိလာသဖြင့် ဘဏ္ဍာတိုက်မှ ငွေထုတ်၍ ကောင်းစွာသင်္ဂြိုဟ်လေသည်။

တစ်နေ့တွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က "မြောက်ဦးမြို့ကို မင်းနေပြည်ပြုလာခဲ့သည်မှာ မင်းတစ်ဆယ့်နှစ်ဆက် ရှိဖါပြီ။ ဓာတ်ကိန်းဆိုက်ရောက်သဖြင့် ဆက်လက်နေရန်မသင့်၊ ဓညဝတီမြို့ဟောင်းသို့ ပြောင်းသင့်ပါသည်"ဟူ၍ လျှောက်ထားကြသည်။

သည်တွင် . မဟာပညာကျော်က "အရှင်မင်းကြီး၊ မြောက်ဦးမြို့တော် တည်စကသည် ယခုတိုင် ရန်သူဖျက်ဆီးနိုင်ဖူးသည် မရှိပါ။ ယခုအခါ တိုင်းပြည်မှာ သာယာ၍ သတ္တဝါတို့ ငြိမ်းချမ်းလျက်ရှိပါသည်။ ရာသီဥတုဖြောင့်ညီလျက် သာသနာတော်လည်း ထွန်းလင်းလျက်ရှိပါသည်။ သတ္တဝါတို့ တရားလက်လွတ်၍ မင်းမသမာလျှင်မူ မြို့ရွာပြောင်းသော်လည်း တိုင်းပြည်သာယာမည် မဟုတ်ပါ။ မြို့ပြောင်းများလျှင် ပြည်သားပြည်သူ မီးသို့ဆူသည်သာဟူ၍လည်း ရှေးသူဟောင်းတို့ ဆိုရိုးရှိပါသည်။ အရှင်မင်းကြီး မြို့

mgoodle.com

ပြောင်းရန်မလိုပါ။ ပြည်သူပြည်သားတို့အား ရင်တော်သားကဲ့သို့အုပ်စိုး၍ တိုင်းပြည်ငြိမ်းချမ်းသာယာအောင် ပြုစုစိုးစံတော်မူပါ"ဟူ၍ လျှောက်ထားသည်။

မင်းကြီးလည်း မဟာပညာကျော် တင်လျှောက်ချက်ကို နှစ်သက်လှသဖြင့် မြို့မပြောင်းတော့ပေ။ မဟာပညာကျော်ကို ချီးကျူးကာ စားကျေးတစ်မြို့ ထပ်မံပေးအပ်လေသည်။

အမတ်ကြီး မဟာပညာကျော်ကား များလှစွာသော မင်းရေးကိစ္စ၊ ပြည်ရေးကိစ္စအဝဝကို တော်တည့်မှန်ကန်စွာ ဆောင်ရွက်နိုင်အောင် ဘုရင်ကို အကြံဉာဏ်ပေးနိုင်သူ ပညာရှိကြီးဖြစ်သည်။ ထို့ပြင် ဆုံးဖြတ်ရန်ခက်ခဲသော တရားရေးရာ အမှုအခင်းများကိုလည်း မှန်ကန်အောင် ဖြေရှင်းဖော်ထုတ် ဆုံးဖြတ်ပေးနိုင်ခဲ့ပေသည်။

တစ်ခါသော် သူဌေးတစ်ဦးသည် မြေ၌ အသပြာငွေတစ်သောင်း မြှုပ်ထားသည်။ လူတစ်ယောက်က သိသဖြင့် ထိုငွေကို တိတ်တဆိတ် တူးဖော်ယူသည်။ မကြာမီ သူဌေးလည်း မိမိငွေကို တူးဖော်ကြည့်သော် မတွေ့တော့ပေ။ ထိုနေရာအနီးရှိ ချောင်းတွင်မူ ငါးရှာနေသောသူနှစ်ယောက်ကို တွေ့သည်။ ထိုသူတို့ ယူမည်ထင်ကာ ခေါ်ခဲ့၍ ရိုက်နှက်စစ်ဆေးသည်။ ထိုသူနှစ်ဦးမှာ ရိုက်နှက်သောဒဏ်ကို မခံနိုင်သဖြင့် "ငွေကို မိမိတို့ယူပါသည်၊ သို့ရာတွင် မြစ်လယ်သို့ ချမိပါသည်"ဟု ဆို၏။

သူဌေးသည်လည်း ထိုသူနှစ်ယောက်ကို မင်းကြီးထံ ခေါ်ဆောင်သွားသည်။ အပြစ်ရှိသူများဖြစ်၍ ထိုက်သင့်သလို ပြစ်ဒဏ်စီရင်ပါရန် လျှောက်ထားသည်။ မင်းကြီးလည်း ရိုက်နှက်ထားသော ဒဏ်ရာများကိုမြင်လျှင် ထိုသူတို့ဆိုခဲ့သောစကားသည် မမှန်ရာဟု ယူဆမိသည်။ ထိုအမှုကို စစ်ဆေး၍ အမှုမှန်ပေါ်အောင် ဖော်ထုတ်စီရင်ရန် မဟာပညာကျော်အား အပ်သည်။

မဟာပညာကျော်လည်း ထိုသူနှစ်ဦးကို နှောင်အိမ်၌ထားစေသည်။ ထို့နောက် ထက်မြက်သူတစ်ဦးကို အကျဉ်းသားဟန်ဆောင်စေပြီး ထိုနှောင်အိမ်ထဲမှာပင် ထားသည်။ ထိုသူလည်း ငါးရှာသောသူနှစ်ဦးကိုစုံစမ်းရာ အပြစ်မှန်ကို သိရသည်။ ထိုအကြောင်းကို မဟာပညာကျော်အား လျှောက်ထားရာ ထိုသူနှစ်ဦးကိုလွှတ်၍ အာမခံနှင့်ထားသည်။

ထို့နောက် ငွေရှင်သူဌေးနေသော အရပ်ဝန်းကျင် ကျေးရွာများတွင် မင်းစေလုလင်များကို လှည့်လည်ကြည့်စေသည်။ အကယ်၍ တစ်စုံတစ်ယောက် ပွဲသဘင်ခံ၍ အလှူပေးနေသည်ကိုတွေ့လျှင် ထိုသူနှင့်မိတ်ဆွေဖွဲ့၍ အသပြာတစ်ထောင် တန်သောလက်စွပ်တစ်ကွင်းကို ငွေငါးရာနှင့် ရအောင်ရောင်းပေးပါဆို၍ အပ်လေဟု မှာလိုက်သည်။ မင်းလုလင်တို့လည်း အမတ်ကြီးမှာတိုင်းရှာဖွေရာ လူတစ်ယောက် အလှူပေးနေသည်ကို

mgyoe.com

mgyoe.com

တွေ့ရသည်။ ထိုသူအား လက်စွပ်ကိုပြသည်။ ထိုသူသည် တတ်သိနားလည်သူထံ ထို လက်စွပ်ကိုပြရာ အသပြာတစ်ထောင်တန်သည်ဟုဆိုသဖြင့် ငွေငါးရာဖြင့် ဝယ်ယူလိုက် သည်။ ထိုငွေကို အမတ်ကြီးက ဥစ္စာရှင်သူဌေးကို ပြသည်။ သူဌေးက မိမိငွေဖြစ်ကြောင်း လျှောက်လျှင် အလှူရှင်ကို ခေါ်ယူစစ်ဆေးသည်။ အလှူရှင်လည်း မကွယ်မဝှက်သာ သဖြင့် မိမိခိုးယူကြောင်း ဝန်ခံရလေသည်။

သည်တွင် အမတ်ကြီးမဟာပညာကျော်က "သူဌေးသည် ငါးရာသူနှစ်ယောက် ကို သူခိုးဟုစွပ်စွဲကာ နာကျင်စွာ ရိုက်နှက်မှုအတွက် ထိုသူနှစ်ဦးကို အသပြာနှစ်ထောင် ပေးလျော်စေ၊ သူခိုးအလှူပေးသည်ကို အိမ်နီးချင်းတို့က ထိုသူ၏ လက္ခဏာကိုဆင်ခြင်၍ ဤမျှသောဥစ္စာ အဘယ်မှာရသနည်း။ ရေးကနှင့်မတူ၊ အဘယ်ကုန် ရောင်းဝယ်၍ ဤမျှ အမြတ်စွန်းရသနည်း စသည်ဖြင့် မေးမြန်းစုံစမ်းသင့်ပါလျက် မမေးမြန်း မစုံစမ်းကြ၊ ပေါ့လျော့သည်ဖြစ်ရာ အလိုတူရာရောက်သည်။ ထို့ကြောင့် လှူ၍ ကုန်ပြီးသမျှကို အလှူ၌ လုပ်ကိုင်သူ၊ စားသောက်သူဟူသမျှ ပရိသတ်တို့က စု၍ လျော်ကြစေ၊ သူခိုးမှာ ဒဏ်ခံစေ" ဟူ၍ စီရင်လိုက်သည်။

ကြားသိရသူအပေါင်းတို့ နှစ်သက်မဆုံး ရှိကြသည်။ မင်းကြီးကလည်း မဟာ ပညာကျော်ကို ချီးကျူး၍ တရားဆုအဖြစ် ဆင်ပေါက်နှစ်စီး ပေးတော်မူလေသည်။

အခါတစ်ပါး၌ လူတစ်ယောက်သည် တစ်စုံတစ်ခုသောအရပ်၌ ငွေအိုးရှိသည် ဟု စာညွှန်းတွေ့သည်တွင် မိမိကိုယ်တိုင်မသွား၊ အခြားတစ်ယောက်ကို ပြောဆို လွှတ် သည်။ ထိုသူကတစ်ဖန် အခြားသူတစ်ယောက်ကို "ဆေးမြစ်တူးလိုက်ခဲ့ပါ၊ ငါးအသပြာ ပေးမည်"ဆိုလျက် ခေါ်သွားသည်။

ညွှန်းရာအရပ်သို့ရောက်၍ တူးသောအခါ ငွေအသပြာသုံးထောင်ရသည်။ ထိုငွေ ကို ထိုလူသုံးဦး အဝေမတည့်၍ မင်းထံရောက်လာသည်။ မင်းကြီးကလည်း ဆုံးဖြတ် စီရင်ရန် မဟာပညာကျော်ကို လွှဲအပ်သည်။

ထိုအခါ မဟာပညာကျော်က ထိုသူသုံးဦးကို မေးမြန်းစစ်ဆေးပြီးလျှင် ဤသို့ ဆုံးဖြတ်စီရင်လိုက်သည်။

"ဘုရင်ပိုင်ဆိုင်သော ရေမြေတွင် ရသမျှဥစ္စာမှာ မင်းဘဏ္ဍာနှင့်မကင်း။ ဆယ်ဖို့ တစ်ဖို့ မင်းနှင့်ထိုက်သည်။ သို့ကြောင့် ရငွေသုံးထောင်အနက် သုံးရာကို မင်းဘဏ္ဍာသို့ သွင်းစေ၊ ကျန်ငွေများအနက် ညွှန်းသောသူသည် အဖနှင့်တူသည်၊ သွား၍ယူသူမှာ အမိ နှင့်တူသည်၊ ငါးအသပြာနှင့်ငှား၍ လိုက်သွားသူမှာ ကျွန်နှင့် တူသည်၊ ထို့ကြောင့် အငှား လိုက်သွားသူမှာ တစ်ကိုယ်ဖိုးသာ ရစေ၊ ညွှန်းသူနှင့် သွားယူသူတို့မှာ ဖြစ်အတူ၊ ပျက်အတူ

mgyoe.com

mgyoe.com
ဖြစ်သည်။ အကျိုးပေး မကွဲသင့်၊ ညီမျှစွာ ခွဲဝေယူကြစေ”

ထိုစီရင်ချက်ကို မင်းနှင့်တကွ ကြားနာရသူအပေါင်း နှစ်ထောင်းအားရဖြစ်ခဲ့ကြသည်။ မင်းကြီးလည်း ဆုအဖြစ် အမတ်ကြီးကတော်ကို မိဖုရားလတ် အဆောင်အယောင်တို့ အပ်နှင်းလေသည်။

မဟာပညာကျော် ဖြေရှင်းစီရင်ခဲ့သော အမှုအခင်းများမှာ အများအပြားရှိသည်။ ယင်းတို့အနက် အချို့ကို မပျောက်မပျက်ရအောင် ပညာရှင်အချို့က မှတ်တမ်းတင်ထားကြပေသည်။

မဟာပညာကျော်သည် မင်းရေးကိစ္စ၊ တိုင်းရေးပြည်ရေးကိစ္စနှင့် အမှုအခင်းတို့ပြေလည်အောင် ရွက်ဆောင်ပေးခဲ့သည်။ ထို့အတူ ဘုရင်ကိုလည်း ပညာဗဟုသုတကြွယ်ဝအောင် သွန်သင်ပေးခဲ့သည်။ မင်းတို့ကို တင့်တယ်စေသော ဘုန်းခြောက်ပါး၊ အရိယဝံသ ဓမ္မလေးပါး၊ မဟာသမုဒ္ဒရာ၏ အံ့ခြင်းရှစ်ပါး၊ မင်းတို့၏ အံ့ခြင်းရှစ်ပါး၊ မတောင့်တအပ်သည့်သုံးပါး၊ မသုံးအပ်သူရှစ်ယောက်၊ မတိုင်ပင်အပ်သူငါးယောက်၊ အပါယ်လေးဘုံသို့ရောက်ရသောအမှုများ စသည်တို့ကို ဘုရင်အား တစ်မှုဟုတ်ချင်းရှင်းလင်းတင်ပြနိုင်သည်မှာ အံ့ချီးဖွယ်ပင်။

အေဒီ ၁၅၇၁ ခုတွင် မင်းဖလောင်းလွန်သောအခါ သားတော်မင်းရာဇာကြီးနန်းတက်သည်။ မင်းရာဇာကြီးလက်ထက်တွင်လည်း မဟာပညာကျော်သည် အတိုင်ပင်ခံအမတ်ပညာရှိကြီး တာဝန်ကိုပင် ထမ်းဆောင်သည်။

ထိုအချိန်၌ ဟံသာဝတီတွင် ဘုရင့်နောင်၏သားတော် နန္ဒဘုရင်မင်းပြုနေသည်။ မကြာပါချေ။ နန္ဒဘုရင်၏ တန်ခိုးအာဏာ ယိုင်လဲစပြုတော့သည်။ နန္ဒဘုရင်ကို သားတော်ပြည်ဘုရင်သတိုးဓမ္မရာဇာက ပုန်ကန်သည်။ နန္ဒဘုရင်သည် မိမိညီဇာခံ မင်းငယ်များအပေါ် မယုံမကြည် ရှိလာသည်။ ထို့ကြောင့် တောင်ငူဘုရင်ထံမှ သားတော်နတ်ရှင်နောင်နှင့် ဥပေါသထဆင်ကို တောင်းသည်။ ဇင်းမယ်မင်းထံမှ သားတော်ကုလောင်နှင့်ဇမ္ဗူကျက်သရေဆင်ကို တောင်းသည်။ ညောင်ရမ်းမင်းထံမှ သားတော်ကြီးသခင်ကြီးလက်နှင့် ဇမ္ဗူတံဆိပ်ဆင်တို့ကို တောင်းသည်။

ထိုအခါ တောင်ငူမင်း၊ ဇင်းမယ်မင်းတို့က “ငါတို့ကား နောင်တော်၏အမှုကိုကြိုးစားထမ်းဆောင်ပါလျက် သား၊ သမီး၊ ဆင်မြင်းတို့ကို တောင်းတော်မူရက်သည်။ နောင်တော်၏သားတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ ပုန်ကန်သည်ကို အဆိုးမဆိုသာပြီ’ ဟုဆိုကာ တောင်းသည်ကိုမပေးဘဲ ပုန်ကန်ကြလေသည်။

ထိုသို့ပုန်ကန်ရာတွင် တောင်ငူမင်းက ရခိုင်ဘုရင်မင်းရာဇာကြီးထံ စစ်ကူတောင်း
mgyoe.com

သည်။ ဟံသာဝတီကိုအောင်လျှင် ဆင်ကြီး၊ မြင်းကြီးနှင့် သမီးကညာကို ပေးပါမည် ဟူသော စာသဝဏ်ကိုလည်း ပါးလိုက်သည်။ မင်းရာဇာကြီးက စစ်ကူမည် ပြုသည်။ မဟာပညာကျော်ကလည်း "အရှင်မင်းမြတ်၊ ကျမ်းဂန်တွင်လည်း မိတ်ဆွေဖြစ်သော မင်းတို့၌ အရေးအကြောင်းဆိုက်ရောက်သော် ကူညီသင့်ကြောင်း အဆိုရှိပါသည်။ ယခု အရေးတွင် အကြည်တော် တောင်ငူမင်းကို ကူသင့်ပါသည်"ဟူ၍ လျှောက်ထားသည်။

သို့ဖြင့် အေဒီ ၁၅၉၉ ခုနှစ်တွင် မင်းရာဇာကြီး၏တပ်များသည် တောင်ငူမင်း၏ စစ်ကူအဖြစ် ဟံသာဝတီကို ချီတက်တိုက်ခိုက်သည်။ အမတ်ကြီး မဟာပညာကျော် ကိုယ်တိုင် ချီတက်တိုက်ခိုက်ရာတွင် ပါဝင်သည်။ တောင်ငူနှင့် မင်းရာဇာကြီး၏တပ်များ ပူးပေါင်းတိုက်ခိုက်မှုကို ဟံသာဝတီသည် မရှုမလှခံလိုက်ရသည်။ မင်းနေပြည်ကြီးသည် လုံးဝပျက်စီးပြာကျသွားသည်။

မဟာပညာကျော်ပါဝင်သော မင်းရာဇာကြီး၏တပ်များသည် စစ်အောင်အထိမ်း အမှတ်အဖြစ် ဆင်၊ မြင်း၊ လူသူ၊ ပစ္စည်းများကိုယူ၍ ပြန်လာခဲ့ကြသည်။ ယင်းတို့အထဲတွင် ဟံသာဝတီမှ အိမ်ထောင်ပေါင်း သုံးထောင်ကျော်လည်းပါသည်။ ဆင်ဖြူတစ်စီးနှင့် နန္ဒဘုရင်၏ သမီးတော်တစ်ပါးလည်းပါသည်။ ကြေးအမြောက်ကြီးများ၊ ယိုးဒယား ကြေးရုပ်များလည်း ပါသည်။ (ယိုးဒယားကြေးရုပ်ကြီးများမှာ ယိုးဒယားမှ ဘုရင့်နောင် သိမ်းယူခဲ့သော ကြေးရုပ်ကြီးများဖြစ်သည်။ နောင်အခါ ဘိုးတော်ဘုရားက ယင်းတို့ကို တစ်ဖန်သိမ်းယူခဲ့သည်။ ယခု မန္တလေး မဟာမုနိဘုရားအဝင်း၌ အချို့ရှိနေသေးသည်။)

ယင်းသို့ မင်းရာဇာကြီး၏တပ်များ စစ်အောင်ပြီးပြန်လာစဉ် လမ်းခရီးတွင် အမတ်ကြီး မဟာပညာကျော် ကွယ်လွန်လေသည်။

ကျမ်းအများ၌ အမတ်ကြီးမဟာပညာကျော်၏ ရုပ်ကလာပ်ကို မော်တင်စွန်းစေတီ အနီး၌ သဂြိုဟ်သည်ဟု ဖော်ပြထားသည်။ ဓညဝတီအရေးတော်ပုံတွင်မူ "လမ်းအကြား မော်တင်သို့ရောက်သောအခါ အမတ်ကြီး မဟာပညာကျော် သေလွန်လေသော် ကြီး ကျယ်စွာနှင့် သင်္ဂြိုဟ်တော်မူ၍ အမတ်ကြီးကိုသင်္ဂြိုဟ်သော သချိုင်းရာပေါ်တွင် ဘုရားစေတီ တည်ထားခဲ့လေသည်။ ထိုစေတီကြီးကို ယခုတိုင် မော်တင်စေတီကြီးဟု ထင်ရှားစွာ ခေါ်ဝေါ်လျက်ရှိကုန်၏"ဟု ဖော်ပြထားပေသည်။

မြန်မာ့သမိုင်းတွင် မင်းဘင်လက်ထက်၌ ရခိုင်၏အင်အားမှာ ပတ်ဝန်းကျင် ဒေသ များ၊ ဘုရင်များ၊ ရာဇာများက ခံ့ညားလောက်အောင် အောင်မြင်ခဲ့သည်။ မင်းဘင်လက် ထက်တွင် မဂိုဇကေရာဇ်ဟူမယွန်းကို တိုက်ခိုက်အောင်မြင်သည်။ ဟူမယွန်းက မင်းဘင် အား စစ်ပြေငြိမ်းရန်အတွက် သမီးတော်ဘီဂန်ပဲသီတာနှင့် လက်ဆက်ပေးသည်။ ထို့ပြင်

mgyoe.com
မူရှိဒါဘတ် (မောက်သူဇာ)၊ ရန်ဂပူရ်၊ ဒက္ကား စသော မြို့များအပါအဝင် ဘင်္ဂလား ၁၂ မြို့ကိုပါ လက်ဆောင်ပေးသည်။ မင်းဘင်ကို ဆက်ခံသောမင်းများ လက်ထက်တွင်လည်း နိုင်ငံတိုးတက်သည်။ အထူးသဖြင့် မင်းရာဇာကြီးလက်ထက်တွင်လည်း ပိုမို၍ တန်ခိုးအာဏာထက်မြက်သည်။ နယ်ပယ် ချဲ့ထွင်နိုင်စွမ်းရှိသည်ဟူ၍ ဆိုထားသည်။ ထိုမင်းတို့ ထိုသို့စွမ်းဆောင်နိုင်အောင်လည်း အမတ်ကြီးမဟာပညာကျော်က အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးခဲ့သည်ဟုယူသော် ရနိုင်ပေသည်။

မဟာပညာကျော်ကား ပြည်တွင်း၌သာမက ပြည်ပအထိပါ ထင်ရှားကျော်ကြားသော ပညာရှိသုခမိန်ကြီးပင် ဖြစ်ပေသည်။

(ကျမ်းကိုး)


၁။ မှန်နန်းမဟာရာဇဝင်။ (ဒုတိယတွဲ)
၂။ ဦးကုလားမဟာရာဇဝင်။ (ဒုတိယတွဲ)
၃။ ဓညဝတီအရေးတော်ပုံ။ (ကဝိသာရာဘိသီရိပဝရ အဂ္ဂမဟာ ဓမ္မရာဇာဓိ ရာဇဂုရု)
၄။ မဟာပညာကျော်လျှောက်ထုံး။
၅။ မြန်မာ့ဂုဏ်ရည်။ (ဦးဖိုးကျား)
၆။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း။ (ပထမတွဲ)
(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်)
၇။ မြန်မာ့စွယ်စုံကျမ်း။ (အတွဲ ၈)
၈။ Burma (by D.G.E Hall)


■

mgyoe.com

mgyoe.com

# ပုဂ္ဂး



mgyoe.com

mgyoe.com

## မဂဒူး

အခါတိုင်းဆိုလျှင် သည်ခရီးကို ဖခင်က ဦးဆောင်သွားမြဲဖြစ်သည်။ ယခုမူ မဂဒူးမှာ အသက် ၂၀ အရွယ် ရှိလာပြီဖြစ်သဖြင့် ဖခင်ကိုယ်စား သည်ခရီးကို ဦးဆောင်သွားရသည်။

မဂဒူးသည် တကော့ဝန်၊ သို့မဟုတ် ဝန်မြို့ဟုခေါ်သော ဒုံဝန်းရွာဇာတိ ဖြစ်သည်။ ဒုံဝန်းရွာသည် သထုံနယ်တွင်ရှိသည်။ မဂဒူး၏ဖခင်မှာ မွန်ရှမ်းအနွယ်ဖြစ်၍ ကွမ်းကုန်သည် သုံးကျိပ်နှစ်ယောက်၏ အကြီးအမှူးဖြစ်သည်။ မဂဒူးတွင် ညီ မဂဒါ၊ နှမ နှင်းဉရွှန် တို့ရှိသည်။

မဂဒူးသည် ဖခင်ကိုယ်စား ငယ်သားသုံးကျိပ်နှစ်ယောက်ကို ဦးဆောင်လျက် ခရီးထွက်လာခဲ့သည်။ အခါတိုင်းကဲ့သို့ပင် သူတို့သည် တကော့ဝန်မြို့မှ ဇင်းမယ်ဘက်ရှိ သောက္ကတဲမြို့သို့ ကွမ်းရောင်းသွားကြသည်။ အထုပ်အပိုးများ ကိုယ်စီထမ်းလျက် ခြေကျင်သွားကြရသည်။ ခရီးလမ်းမှာ ဝေးလံမှသည်။ ထို့ပြင် ခက်ခဲကြမ်းတမ်းသည်။

လမ်းခရီးရှိ တောင်ခြေတစ်ခုသို့အရောက်တွင် ငယ်သားတစ်ယောက်သည် နာမကျန်းဖြစ်လေတော့သည်။ မဂဒူးသည် စာနာစိတ်ရှိသူလည်း ဖြစ်သည်။ ခေါင်းဆောင်လည်း ပီသသူဖြစ်သည်။ သူသည် မိမိ၏ဝန်ကိုသာမက ထိုသူ၏ဝန်ကိုပါ ကူညီထမ်းလျက် တောင်ပေါ်သို့တက်လာခဲ့သည်။ တောင်ထိပ်သို့ရောက်သောအခါ မိုးကြီးသည်းစွာ ရွာသွန်းသည်။ လျှပ်စီးများလက်၍ မိုးကြိုးများပစ်သည်။ တစ်ကြိမ်တွင် မဂဒူးထမ်းသည့် ထမ်းပိုးကို မိုးကြိုးပစ်လေသည်။ မဂဒူးသည် ထိတ်လန့်စွာဖြင့် ကြည့်လိုက်လေရာ လျှပ်စစ်ရောင်တွင် ရွှေပြာသာဒ်သဏ္ဌာန်တစ်ခုကို မြင်လိုက်သည်။ ကံကောင်းထောက်မသဖြင့် မဂဒူးနှင့်အဖော်များမှာ မိုးကြိုးဘေးဒဏ်မှ လွတ်မြောက်သွားကြသည်။ သို့ရာတွင် ထမ်းပိုးမှာမူ ထက်ပိုင်းကျိုးပြတ်သွားလေသည်။ မဂဒူးတို့သည် မိုးချုပ်သောကြောင့် တောင်ယံ

mgyoe.com

တွင် အိပ်ကြသည်။

ထိုအရပ်သည် နိဂုံးရွာကြီးဖြစ်သည်။ နံနက်မိုးသောက်သော် မဂဒူးသည် ထိုရွာရှိ နိမိတ်ဖတ်ကောင်းသူ ပညာရှိစောပဏ္ဍိတ်ထံ သွားရောက်မေးမြန်းသည်။

"ဆရာ အကျွန်ုပ်ထမ်းပိုးကို မိုးကြိုးပစ်ပါသည်။ ထိုမိုးကြိုးပစ်သော လျှပ်စီးရောင်တွင် ရွှေရောင်ပြာသာဒ်သဏ္ဍာန်တစ်ခုကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရပါသည်"

"အမောင်၊ သင်၏ နိမိတ်ကြီးလှသည်။ သင်၏အရပ်နှင့်မျှအောင် ငွေပုံ၍ ပူဇော်ပါ။ သည်လိုပူဇော်နိုင်မှ သင့်နိမိတ်ကို ဖတ်မည်"

မဂဒူးမှာ အခက်တွေ့သွားသည်။ သူ့တွင် ငွေပုံ၍ ပေးနိုင်လောက်အောင် ငွေမရှိ။ သို့ရာတွင် ဉာဏ်ရှိသူဖြစ်၍ ကြံဖန်စီစဉ်သည်။ သူသည် ဝါးလုံးကို ကိုယ်နှင့် အမျှဖြတ်၍ ထောင်လျက် ငွေတစ်ကျပ်တင်ကာ စောပဏ္ဍိတ်ကို ပူဇော်သည်။

စောပဏ္ဍိတ်လည်း သည်လုလင်ကား ပညာရှိပေသည်ဟုဆိုကာ နိမိတ်ဖတ်ပေးသည်။

"အမောင်၊ သင့်နိမိတ် ကောင်းလှသည်။ သင်သည် ပါရမီလည်းကြီး၊ ဉာဏ်လည်းကြီးသည်။ ယနေ့ကစ၍ ကုန်မသွယ်နှင့်တော့၊ မင်းဇေယျာဖိထံ ခစားလေ။ သည်နှစ်တွင်ပင် မင်းဖြစ်မည်"

မဂဒူးလည်း ဝမ်းမြောက်အားတက်သွားသည်။ ပညာရှိစောပဏ္ဍိတ်ကို ဦးသုံးကြိမ်ခိုက်၍ ထွက်ခွာသွားလေသည်။

သောက္ကတဲသို့ ရောက်သောအခါ မဂဒူးသည် ပါသည့်ကုန်တို့ကို ရောင်းချသည်။ ထို့နောက် ပြန်၍ကုန်မဝယ်တော့။ သောက္ကတဲမှာပင် နေရစ်သည်။ သူ၏ အဖော်တို့သည်သာ ကုန်ဝယ်၍ပြန်သွားကြလေသည်။

မဂဒူးသည် ရှေးဦးစွာ သောက္ကတဲမင်း၏ ဆင်ကဲထံတွင် ဝင်ရောက်ခစားသည်။ ဆင်ကဲလည်း မဂဒူး၏ ရုပ်ရည်သွင်ပြင်ကို မြင်လျှင်ပင် ချစ်ခင်သနားသွားသည်။ ကောင်းစွာ လက်ခံမွေးကျွေးထား၏။

မဂဒူးသည် လုံ့လဝီရိယ အထူးရှိသူဖြစ်သည်။ သူသည် ဆင်ကဲထံ ခစားစဉ် နေ့ညမရွေး အလုပ်ကို ကြိုးစားလုပ်ကိုင်သည်။ ဆင်စာကျွေးခြင်း၊ ဆင်ချေး၊ အမှိုက်များကို သုတ်သင်ရှင်းလင်းခြင်း စသည်တို့ကို ကောင်းစွာပြုလုပ်သည်။

မဂဒူးရောက်သည့်နေ့မှစ၍ ဆင်တင်းကုပ်မှာ ယခင်နှင့်မတူ အလွန် သန့်ရှင်းစင်ကြယ်လာသည်။ ဆင်များသည်လည်း ရှေးကနှင့်မတူ၊ ကျန်းမာသန်စွမ်းရှိနေကြသည်။ ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည်။ ဆင်ကဲသည် မဂဒူးကို ပိုမိုချစ်ကြင်ကာ သားရင်းပမာ

mgyoe.com
မေတ္တာထားလေသည်။

တစ်နေ့သ၌ သောက္ကတဲမင်းသည် ဆင်တင်းကုပ်သို့ ကြွလာသည်။ ထူးခြားပြောင်းလဲနေသော ဆင်တင်းကုပ်ကိုလည်း တွေ့မြင်သည်။ ကျန်းမာရွှင်လန်းနေသော ဆင်များကိုလည်း တွေ့မြင်သည်။ အကျိုးအကြောင်း မေးတော်မူရာ ဆင်ကဲက မဂဒူး၏ စွမ်းရည်ကို လျှောက်ထားသည်။ သည်တွင် မင်းက ဆင်ကဲအား မေးမြန်းစုံစမ်းပြန်သည်။

"သည်လုလင်သည် ဘယ်သူနည်း"

"မွန်လုလင် ဖြစ်ပါသည်၊ တကော့ဝန်မြို့ကရောက်လာပြီး ကျွန်ုပ်ထံ ခစားနေပါသည် အရှင်"

"သူ့ကို ကောင်းစွာ စောင့်ရှောက်ပါ။ အဝတ်အစား မညှိုးနွမ်းပါစေနှင့်"

ဆင်ကဲလည်း မဂဒူးကို ယခင်ကထက်ပင် ပိုမို ပြုစုစောင့်ရှောက်သည်။ မဂဒူးကလည်း အလုပ်ကို ပိုမို ကြိုးစားလုပ်ကိုင်သည်။

သောက္ကတဲမင်းသည် နောက်တစ်ကြိမ် ဆင်ကြည့်လာပြန်သည်။ ထိုစဉ် မင်းကြီးသည် ကွမ်းစားနေရာမှ ကွမ်းဖတ်ကို ထွေးပစ်လိုက်သည်။ ထို့နောက် ခံတွင်းဆေးရေကို မြေပေါ်သို့ ထွေးချလိုက်သည်။ မြေဦမြုပ်နေသော ကြွေစေ့ငယ်တစ်လုံးသည် ရေကျသောနေရာတွင် ပေါ်လာသည်။ မင်းကြီးက မဂဒူးအားခေါ်၍ ကြွေစေ့ကို ညွှန်ပြသည်။ မဂဒူးလည်း လျင်မြန်စွာပင် ကောက်ယူထားလိုက်သည်။

ဘုရင် ပြန်သွားသောအခါ မဂဒူးက ကြွေစေ့ကိုကြည့်၍ စဉ်းစားသည်။ "မင်းကြီးသည် ငါ၏ လုပ်ရည်ကိုင်ရည် ကြံရည်ကို စမ်းသပ်လို၍သာ သည်ကြွေစေ့ငယ်ကို ပေးခြင်းဖြစ်မည်၊ ငါကလည်း သည်ကြွေစေ့ငယ်ဖြင့် အကျိုးစီးပွားတစ်ခုဖြစ်အောင် ဆောင်ရွက်မှသင့်မည်"

နောက်တစ်နေ့တွင် မဂဒူးသည် ဈေးသို့သွားသည်။ ကြွေစေ့ငယ်ကို ပေး၍ ဟင်းနုနယ်စေ့များ ဝယ်သည်။ ကြွေစေ့ငယ်မှာ ဘာမျှတန်ဖိုးမရှိသဖြင့် ဈေးသည်မက ပြက်ရယ်ပြုသည်။

"အမောင် ကြွေစေ့ငယ်တစ်စေ့ဖြင့် ဟင်းနုနယ်စေ့များကို ဘယ်သို့ တန်ဖိုးဖြတ်ရောင်းရမည်နည်း။ မင်း လက်ညှိုးတစ်ချောင်းဖြင့် ဟင်းနုနယ်စေ့များကို ကော်ယူပါ။ လက်ညှိုးပေါ်တွင် တင်သရွေ့ကို ယူတော့"

မဂဒူးကား ဉာဏ်ရှိသူဖြစ်သည်။ လက်ညှိုးတစ်ချောင်းလုံးကို တံတွေးစိုအောင် ခံတွင်းတွင် ငုံသည်။ ပြီးမှ ဟင်းနုနယ်စေ့ပုံကို ထိုး၍ယူသည်။ ဟင်းနုနယ်စေ့ အများပင် ရ၏။ ဈေးသည်မိန်းမလည်း သည်သူသည်ကား ပညာရှိပေသည်ဟူ၍ စိတ်ထဲမှ
mgyoe.com

ချီးမွမ်းလေသည်။

မဂဒူးသည် ဟင်းနုနယ်စေ့များကို ယူဆောင်ပြီးလျှင် ဆင်တင်းကုပ်အေးတွင် စိုက်ပျိုးသည်။ အပင်များ ထွားကျိုင်းရှင်သန်အောင်လည်း ဆင်ချေးဖြင့် မြေဩဇာကျွေးသည်။ ည၊ နံနက်မပြတ် ရေသွန်းလောင်းသည်။ မကြာမီပင် ဟင်းနုနယ်ပင်များသည် ထွားကျိုင်းစွာ ပေါက်လာသည်။

မင်းလည်း နောက်တစ်ကြိမ် ဆင်ကြည့်လာပြန်သည်။ မဂဒူးသည် အဖွံ့ဖြိုးဆုံးသော ဟင်းနုနယ်ပင်များကို ရွေးနုတ်ပြီးလျှင် ရေစင်စွာဆေး၍ ဆက်သ၏။ မင်းက အကျိုးအကြောင်း မေးမြန်းသည်။

"သည်ဟင်းနုနယ်ကို မင်း ဘယ်ကရသနည်း"

"အရှင်မင်းမြတ်ညွှန်ပြသော ကြွေစေ့ငယ်ဖြင့် ဟင်းနုနယ်စေ့များ ဝယ်၍ စိုက်ပါသည်။ ထိုမှပေါက်သော အပင်တို့ဖြစ်ပါသည် အရှင်"

မဂဒူးက သည်လိုဆိုကာ အကြောင်းစုံကို လျှောက်ထားသည်။ မင်းကြီးလည်း သဘောကျလှသဖြင့် မဂဒူးကို ဆင်ကဲထံမှ တောင်းယူသည်။ မဂဒူးအား ကိုယ်တိုင်ပင် ဟင်းနုနယ်တို့ကိုချက်၍ ဆက်သစေသည်။

ဟင်းနုနယ်ဟင်းကား အလွန်အရသာရှိလှသည်။ ထိုနေ့မှစ၍ မဂဒူးအား စားတော်ဘက်ဆိုင်ရာ၌ အကြီးအမှူးခန့်သည်။ မဂဒူးသည် နေ့ညမခွဲခြား အထူးလုံ့လ ဝီရိယစိုက်ထုတ် ဆောင်ရွက်သည်။ မင်း နှစ်သက်သဖြင့် ဝင်းမှူးအရာကို ပေးသည်။ ဝင်းမှူးတာဝန်ကို ဆောင်ရွက်ရာတွင်လည်း အစီအမံအဆောင်အရွက် အထူးကောင်းလှသည်။ မင်းနှစ်သက်ပြန်သဖြင့် "စောဒိုဉ်ရည်"ဟူသောအမည်ကို ပေးပြန်သည်။

ထိုစဉ် ကျည်းကုလား ဇဝါမင်းက သောက္ကတဲကျေးစွန်ရွာစွန်ကို လာရောက်တိုက်ခိုက်ဖျက်ဆီးသည်။ မင်းကြီးလည်း ရန်သူတို့ကို နှိမ်နင်းတော်မူရန် ချီတော်မူသည်။ သည်တွင် မဂဒူးကို မြို့စောင့်ထားခဲ့သည်။ မဂဒူးသည် မြို့တွင်း၊ နန်းတော်တွင်းသို့ လှည့်လည်ဝင်ထွက်သွားလာသည်။ အမှုကို မလစ်ရအောင် ကြိုးပမ်းဆောင်ရွက်သည်။ ထိုစဉ် သောက္ကတဲမင်းသမီး မည်းနှင်းသွယ်ဒါနှင့် ချစ်ကျွမ်းဝင်မိကြသည်။

ထိုအကြောင်းကို မှူးမတ်များသိသဖြင့် ဘုရင်ထံ စာရေးသားလျှောက်ထားကြသည်။ မဂဒူးသိရာ မင်းသမီးကို အကြောင်းစုံပြောပြသည်။ မင်းသမီးက "အမောင်ဆင်မခြေလျှင်ဖြင့် ငါ့ကို ခိုးပြေးတော့၊ လွတ်အောင်ကြိုးပါ"ဟူ၍ ဆိုသည်။

မဂဒူးလည်း ဆင်ပေါ်တွင် မင်းသမီးကို တင်သည်။ ရွှေငွေများစွာကိုလည်း ယူသည်။ မိမိနှင့် စိတ်တူသဘောတူရှိသော ဒိုင်းကိုင်ရဝနှင့် ရှမ်းသူရဲ ၂၀၀ ကျော်ကို ခေါ်သည်။

mgyoe.com

mgyoe.com
ထို့နောက် မိမိဇာတိဖြစ်သော တကော့ဝန်သို့ ထွက်ပြေးလာခဲ့သည်။ သောက္ကတဲမင်းက သူ့ရဲမျှားကို လိုက်စေသည်။ မမီချေ။ မဂဒူးသည် တကော့ဝန်သို့ ရောက်သောအခါ ထိုအရပ်ကိုမြို့တည်လျက် မင်းပြုလေသည်။ မဂဒူး၏ အဖော်ဖြစ်ခဲ့ဖူးသော ကွမ်းထမ်း သမား သုံးကျိပ်နှစ်ယောက်တို့ကလည်း မဂဒူးထံသစ္စာခံ၍ အမှုထမ်းကြသည်။

မဂဒူးသည် မင်းပြုသည့်နေ့မှစ၍ ပညာရှိတို့နှင့် တိုင်ပင်အုပ်ချုပ်သည်။ ပြည်သူ တို့ကို ရင်ဝယ်သားကဲ့သို့ မေတ္တာထား၍ စောင့်ရှောက်သည်။

ထိုအချိန်က မုတ္တမမြို့ကို အလိမ္မာအမတ် အုပ်ချုပ်နေထိုင်သည်။ အလိမ္မာအမတ် သည် ဗမာမင်း၏ လက်အောက်ခံဖြစ်သည်။ ပညာရှိများက မဂဒူးအား အလိမ္မာအမတ်နှင့် မိတ်ဖွဲ့မှ အရည်အကျိုးရှိမည်ဟု ဆိုကြသည်။ မဂဒူးလည်း အလိမ္မာအမတ်အား မိမိနှမ နှင်းဥရွှန်ကိုပေး၍ မိတ်ဖွဲ့သည်။ အလိမ္မာအမတ်သည် နှင်းဥရွှန်ကို မြင်တွေ့ရာမှ စုံမက် လှသဖြင့် ဝမ်းမြောက်ဝမ်းသာလက်ခံသည်။ သို့ဖြင့် မဂဒူးသည် နှင်းဥရွှန်ကို မယ်တော် နှင့်အတူ အလိမ္မာအမတ်ထံသို့ ပို့စေသည်။

အလိမ္မာကား အကြံသမားဖြစ်သည်။ နှင်းဥရွှန်ကိုလည်း သိမ်းပိုက်မည်။ မဂဒူး ကိုလည်း လုပ်ကြံမည်ဟူ၍ အကောက်ကြံသည်။ သို့ဖြင့် တောင်လွဲသဲပြင်တွင် ကနား ကြီးဆောက်သည်။ ထိုကနားကြီးတွင် မင်္ဂလာပြု၍ အောင်သေအောင်သား စားမည်။ အတူစားသောက်ရန် မဂဒူး ကြွတော်မူပါဟူ၍ ဖိတ်ကြားသည်။ တစ်ဖက်ကလည်း မိမိ၏ သူ့ရဲတို့ကို မှာထားသည်။ မဂဒူး၏သူရဲတို့ သောက်စားကြ၍ ညအခါ မူးယစ်အိပ်ပျော် ကြလျှင် မဂဒူးကိုလုပ်ကြံဟူ၍ မှာထားစီစဉ်သည်။

ထိုအကြောင်းကို မဂဒူးမယ်တော်သိသောအခါ သားတော်ထံ အချိန်မီ သတင်း ပို့သည်။ မဂဒူးကလည်း "သင်းအလျှင် ငါက ဦးအောင် လုပ်ကြံမည်"ဆိုကာ မိမိ သူရဲများ နှင့်အတူ အလိမ္မာဖိတ်ကြားရာသို့ လာရောက်သည်။ မလာရောက်မီ မဂဒူးက သူ၏ သူရဲများကို မှာထားစီစဉ်သည်။

"အချင်းတို့၊ အလိမ္မာကျွန်တို့နှင့် သေရည်သောက်ကြသောအခါ သောက်ယောင် သာပြု၊ မသောက်ကြနှင့်။ အလိမ္မာကျွန်တို့ သေရည်သောက်၍ မူးယစ်ကြလျှင် "မဇ"ဟု ငါဆိုမည်။ နေကြဦး၊ ထို့နောက် "မုံဖုံ"ဟူ၍ ငါဆိုလျှင် ထမင်းစားကြကုန်။ "မတ်ဇတ်"ဟူ၍ ငါဆိုလျှင်ကား ဓားဖြင့် ထ၍ခုတ်ကြကုန်"

မကြာမီ ချိန်းဆိုထားသောနေရာတွင် နှစ်ဦးနှစ်ဖက် ဆုံမိကြသည်။ နေမွန်းယိမ်း ချိန်မှာပင် မဂဒူးက ချိန်းချက်ထားသည့်အတိုင်း အချက်ပေးသည်။ မဂဒူးသူရဲတို့လည်း အလိမ္မာ၏သူရဲများကို ဓားဖြင့်ထခုတ်ကြသည်။ အလိမ္မာလည်း ဆင်စီးပြေးသည်။
mgyoe.com

mgyoe.com
မလွတ်။ မဂဒူး၏ သူရဲတို့လက်ချက်ဖြင့် ကျဆုံးသွားလေသည်။

မဂဒူးသည် ၆၃၄ ခုနှစ်တွင် မုတ္တမမြို့ကို သိမ်းပိုက်လိုက်သည်။

မဂဒူး၏သတင်းကို သောက္ကတဲမင်းကြီးကြားသော် ဝမ်းမြောက်မဆုံးရှိသည်။ သမက်တော်အပေါ်လည်း အမျက်ပြေပြီး မင်းမြှောက်တန်ဆာငါးပါး ပို့ပေးသည်။ မိုးဟေါ်ကျ မင်းဟု အမိပ္ပာယ်ရသော "ဝါရီရူ"ဟူသောဘွဲ့ကိုလည်း ခံယူစေသည်။ ၆၄၉ ခုနှစ်တွင် မဂဒူးသည် မုတ္တမမြို့ တောင်ဘက်နေရာကို သုတ်သင်ရှင်းလင်းသည်။ ထီးနန်းသစ်တည်၍ နန်းစိုက်သည်။ "ဝါရီရူ"မင်းဆက်ကို တည်ထောင်သည်။

ထိုအချိန်၌ ပဲခူးတွင် တရဖျားအမည်ခံ ပဲခူးစားပေမွန် မင်းပြုသည်။ မဂဒူးနှင့် တရဖျားတို့သည် အချင်းချင်း သမီးပေး၍ မဟာမိတ်ပြုကြသည်။ ထိုစဉ် ပုဂံဘုရင် နရသီဟ ပတေ့၏ စေလွှတ်ချက်အရ ရာဇသင်္ကြံတို့ ချီတက်လာကြသည်။ ဟံသာဝတီပဲခူးတို့ကို တိုက်ခိုက်ကြသည်။ တရဖျားလည်း မဂဒူးကို စစ်ကူခေါ်ရသည်။

မဂဒူးနှင့် တရဖျားတို့ပေါင်း၍တိုက်ကြရာ ရာဇသင်္ကြံတို့ ဆုတ်ခွာသွားကြရသည်။ နောက်ဆက်လက်၍ တိုက်ကြရာ ဝါကမော၊ ဒလ၊ ဟသ်ာတ၊ ကျွန်းသတိုး စသည်ဖြင့် ပုဂံမင်းလက်အောက်ခံ မွန်တစ်ပြည်လုံးကို ရရှိသည်။ သည်တွင် တရဖျားက မဂဒူးကို အကောက်ကြံသည်။ ထိုအကြောင်းကို တရဖျား၏မိဖုရား မဂဒူး၏သမီးတော်က မဂဒူးကို လျှောက်ထားသည်။

မဂဒူးသိသောအခါ တရဖျားနှင့်စစ်ပြိုင်ရန် စီစဉ်သည်။ စစ်မြေပြင်တွင် မဂဒူးနှင့် တရဖျားတို့ ယှဉ်မိကြသည်။ မဂဒူးသည် တရဖျားဆင်တံခွန် မြင်သောအခါ ရွှေဖလားဖြင့် ရေသွန်း၍ ဆင်ဦးတွင် မိဋ္ဌာန်၏။

"ထက်ဝန်းကျင်အရပ်၌ စောင့်ကြပ်တည်ရှိသောနတ်များ သက်သေဖြစ်ပါစေ။ တရဖျားရန်သူကို ငါတိုက်လှန်၍ သူ မြို့အများကိုရသည်။ သို့စဉ်လျက် တရဖျားသည် ကျေးဇူးရှင်ဖြစ်သူ ငါ့ကို ပြစ်မှားမည်ပြုသည်။ သစ္စာမစောင့်။ ထိုသစ္စာမစောင့်သော တရဖျားကို ငါအောင်မြင်လို၏"

ထို့နောက် မဂဒူးနှင့်တရဖျားတို့ ဆင်စီးချင်းတိုက်ကြသည်။ တရဖျား အရေး နိမ့်သဖြင့် ထွက်ပြေးသည်။ မကြာမီ လက်ရဖမ်းဆီးမိသည်။ တရဖျားကို အသက်မှ ချမ်းသာပေးရန် ရဟန်းတော်များက မေတ္တာရပ်ခံကြသည်။ မဂဒူးလည်း ချမ်းသာပေး လိုက်သည်။ တရဖျားကို သားမယားနှင့်တကွ မုတ္တမကိုခေါ်ဆောင်လာသည်။ ပဲခူးကိုမူ လောကီအမတ်ကို စားစေသည်။

မုတ္တမသို့ရောက်၍ မကြာမီပင် တရဖျားသည် မဂဒူးကိုလုပ်ကြံရန် ကြံစည်ပြန်
mgyoe.com

mgyoe.com
သည်။ သည်တစ်ကြိမ်တွင်ကား မဂဒူး သည်းမခံနိုင်တော့။ တရဖျားကို သူသတ်တို့လက်သို့ အပ်ပြီးလျှင် ကွပ်မျက်စေသည်။

တရဖျား၏ မိဖုရားဖြစ်သူ မဂဒူး၏သမီးတော် မည်းနှင်းသီတာသည် တရဖျားကို အလွန်ချစ်မြတ်နိုးလှသည်။ သူသတ်တို့မခေါ်နိုင်ရန် မိမိဆံနှင့် တရဖျား၏ဆံကို ဆက်၍ ချည်နှောင်ထားသည်။ သူသတ်တို့လည်း မယူဝံ့သဖြင့် မဂဒူးထံဝင်၍ အကျိုးအကြောင်း လျှောက်ထားသည်။

မဂဒူးက "ငါ့သမီးဆံကို လွတ်စေ။ သင်းဆံကိုသာ အရင်းကဖြတ်၍ ယူကြ"ဟု ဆိုသည်။

သူသတ်တို့လည်း တရဖျားဆံကိုဖြတ်၍ တရဖျားကို ယူငင်ကွပ်မျက်ကြသည်။ မဂဒူးသည် တရဖျားသား ရှင်ကြီးနှင့် ရှင်ငယ်တို့ကိုမူ မိမိမြေးရင်းများဖြစ်သောကြောင့် တစ်စုံတစ်ရာ ဘေးရန်မပြု၊ အတွင်းတော်၌ စေစားသည်။

မဂဒူးသည် ပြည်သူတို့ စိတ်နှလုံးချမ်းသာအောင် ဓမ္မသတ်တစ်စောင် စီရင်စေသည်။ ယင်းကို "ဝါရိရူဓမ္မသတ်"ဟု ခေါ်တွင်သည်။

သက္ကရာဇ် ၆၅၅ ခုနှစ်တွင် သောက္ကတဲမင်းက သမက်တော်ထံ ဆင်ဖြူတော် ပေးပို့သည်။ မကြာမီပင် ကျည်းကုလားဇဝါ၊ ဇဝိန်တရောတို့က ဗိုလ်ပါဆင်မြင်း အလုံးအရင်းဖြင့် မုတ္တမမြို့ကို ဝန်းရံလာသည်။ ထိုအခါ ဆင်ဖြူတော်၏ အိပ်မက် ပေးချက်အရ ရဟန်းမြတ်တို့ကို ပင့်ဖိတ်သည်။ အမွေးရည်ကို ရွှေအင်တွင်ထည့်ကာ ရဟန်းမြတ်တို့ရှေ့၌ ချထားပေးသည်။ ရဟန်းမြတ်တို့က ပရိတ်ရွတ်ပေးကြသည်။ ထို့နောက် ဆင်ဖြူတော်ကို မြို့တောင်ဘက်ရှိ တောင်ထိပ်၌ထား၍ ရွှေအင်ထဲမှ ပရိတ်ရေကို စစ်လေးမျက်နှာသို့ ပက်ဖျန်းစေသည်။ စစ်သည်ရဲမက်များကလည်း ရန်သူတို့ကို အပြင်း တိုက်ခိုက်ကြသည်။ ရန်သူတို့ ပြိုပျက်လေသည်။

သည်တွင် မဂဒူးက "ငါ အသက်ရှည်လေသမျှ သူ့မြို့သူ့ကျေးကိုလည်း အလိုမရှိ၊ ငါ့မြို့ငါပြည်ကိုလည်း သူတို့ အလိုမရှိပါစေနှင့်"ဟူ၍ ရတနာသုံးပါး၊ ပိဋကတ်သုံးပုံနှင့် သာသနာတော်စောင့်နတ်တို့အား ဘိုင်တည်လေသည်။

မဂဒူးသည် နိုင်ငံကို ငြိမ်းချမ်းသာယာအောင် မင်းပြုအုပ်ချုပ်သည်။ ထိုစဉ် မြေးဖြစ်သူ ရှင်ကြီးနှင့် ရှင်ငယ်တို့သည်လည်း တဖြည်းဖြည်း ကြီးရင့်လာကြသည်။ သူတို့ နှစ်ဦးသည် အဖဖြစ်သူ တရဖျားအား မဂဒူးကွပ်မျက်သည်ကို အခဲမကျေ ရှိနေကြသည်။ ရန်ငြိုးထားကြသည်။ သို့ဖြင့် တစ်နေ့သောအခါ မဂဒူး အိမ်သာအဝင်တွင် အလစ်ဝင်၍ လုပ်ကြံကြသည်။ မဂဒူး လွန်လေသည်။ သက္ကရာဇ် ၆၅၇ ခုနှစ်တွင် လွန်သည်။
mgyoe.com

mgyoe.com

မှူးမတ်တို့လည်း ရှင်ကြီး၊ ရှင်ငယ်တို့ကို လိုက်လံဖမ်းဆီးကြသည်။ ဖမ်းမိသောအခါ ကွပ်မျက်လိုက်ကြလေသည်။ ထို့နောက် ရှင်ကြီး၊ ရှင်ငယ်တို့၏ အလောင်းများကို ဝါရီရှုမင်း(မဂဒူး)အား သင်္ဂြိုဟ်ရာ မြေနေရာမှာပင် သင်္ဂြိုဟ်လေသည်။ ထိုသင်္ဂြိုဟ်ရာနေရာတွင် ငှက်ရုပ်ထုလုပ်ထား၍ ထိုငှက်ရုပ်တွင် သည်စာကိုလည်း ရေးထိုးထားလေသည်။

"ကြိမ်ညှောက်ကိုဖြတ်သော် အမြစ်မကျန်စေနှင့်။ အဖကိုသတ်သော် သားကိုအနီးအပါး မနေစေနှင့်"

## မှတ်ချက်

- မုတ္တမမြို့ကို ကျည်းကုလားဇဝါတို့ ဝန်းရံလာသည်ဟု အချို့သမိုင်းစာအုပ်များ၌ ဖော်ပြထားသည်။ အချို့သမိုင်းစာအုပ်များတွင်မူ တစ်ပြည်ထောင် ငေါ်ဒေါမင်းတို့ ဝန်းရံသည်ဟု ဖော်ပြသည်။ အချို့သမိုင်းစာအုပ်များတွင်ကား မြင်စိုင်း၊ ရှမ်းမင်းညီနောင်တို့ဝန်းရံသည်ဟု ဖော်ပြသည်။

(ကျမ်းကိုး)

၁။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း။ (ဗညားဒလ)
၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး။ (ပထမတွဲ)
၃။ အခြေပြမြန်မာနိုင်ငံရေးသမိုင်း။
(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီ စည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်)
၄။ မြန်မာ့စွယ်စုံကျမ်း။ (အတွဲ ၁၂)

■

mgyoe.com